In order to improve the target self-production ratio of 90% in both TV and radio, MRTV needs to secure an additional external work force since it is recognized that hiring staff that are more permanent would not be a good idea in terms of financial management. On the other hand, staff in subsidiary companies will be more capable of absorbing the code of conduct and broadcasting guidelines than temporary external staff, since the staff of the subsidiary companies mostly work for MRTV, which have already been described in Subsection 3.2.3.

The scope of the businesses of subsidiary companies are outlined. Thus, business schemes, company basics and financial arrangements should be carried out as the first work items. Sequentially, the preparation of the articles of incorporation and company registration are conducted followed by staffing for each subsidiary.

## 4.3 Financial Cost Optimization Timeline

(1) Restructuring of Finance Statements

Currently, as a government entity, MRTV complies with the government accounting standards. However, MRTV needs to adapt to Myanmar Accounting Standards (MAS) for corporations when MRTV transforms to a PSB. There was a recent experience in Myanmar of a change to accounting standards when Myanma Posts and Telecommunications (MPT) became an independent organization legally. Therefore, in preparation for transferring the accounting system, MRTV needs to restructure the financial statements. Since finance staff in MRTV have not handled financial statements adapting to MAS, MRTV Next Project suggests hiring a local accounting consultant who will give basic accounting training and review, analyze and compile current financial transaction data. Data is compiled in the PSB transformation and some transactions after PSB establishment must be monitored by the consultant as well.

(2) Transferring accounting system and financial statements of MRTV

It is necessary to analyze the existing and prospective revenues for transferring to the new accounting system. However, as the revenues analyses are mentioned in Section 3.3 and 3.4 by MRTV Next Project, MRTV needs to further analyze the revenue in the current fiscal year when the all data is confirmed and prospect feature revenue using updated data since the projection is estimated from the revenue in the current fiscal year. Also, the budget for the second next fiscal year (2021-22), which might include the enactment of PSB, will be discussed based on the result of the analyses.

(3) Application of Accounting Standards

The process of the application to the new accounting standards contains steps such as training on the basic knowledge of accounting, procurement of software, training for making PL, BS and CF, confirming existing assets and liabilities, and preparation of a new BS and its approval by an auditor, and MRTV needs to get approval from the auditor before the transformation completion. Transferring the data to the new accounting system will be carried out before the approval, and financial statements such as PL, BS and CF will be prepared as usual work after the PSB establishment.

(4) Enhancement of Cost Management Capability

This work item focuses on the reduction of the budget for the procurement of contents. MRTV needs to carefully select programs, especially foreign contents, since they are quite expensive compared to the production costs in MRTV. If providing foreign contents to audiences has benefits and matches audience needs, MRTV might consider broadcasting them in a designated manner such as within a certain ration. Moreover, MRTV should consider purchasing format rights from the organizations that produce popular programs, and remaking them as its own programs that incorporate local situations based on the formats and scripts purchased from the organizations.

In the projection for ten years created by MRTV Next Project, MRTV gradually reduces the procurement of contents. When MRTV makes a budget plan for the next fiscal year, MRTV needs to consider the reduction and monitor effectiveness to the audience through periodic reduction.

## 4.4 Broadcast Distribution Reform Timeline

(1) Commencement of SD Local Broadcasting Services

Based on the budget situation for procurement in order to deploy the broadcasting network operated by MRTV across the country with the intention of developing the same coverage as the existing analog service, the commencement of the local broadcasting services is planned for three years after that time, since MRTV needs to establish approximately 100 extra transmitting stations. Meanwhile, MRTV should prepare the criteria as a content provider and explain the new scheme of MRTV’s distribution services to broadcasters. Currently, two media organizations secure several slots provided by MRTV in the distribution service. However, according to the broadcasting law, the intention is to reduce media ownership concentration, so MRTV needs to remove several slots of the two media organizations through mutual understanding and/or direction from the government.

In terms of technical matters, new content providers under the new scheme need to make appropriate interfaces between MRTV. Thus, MRTV should provide specifications as well as test operations prior to the official start of services.

(2) Establishment of Digital Second Channel

Due to the data capacity of HD services, MRTV needs to establish a second digital channel when they begin the HD service in case MRTV should accommodate the same number of contents for ensuring proper quality in HD services. The second channel to be established definitely requires the installation of additional transmitters at every transmitting stations in parallel with the transmitter for the first channel. Therefore, MRTV could execute this establishment after installation of the transmitters for the first channel, which is estimated by October 2023 in the Ten-Year Timeline of the Roadmap, since it should concentrate on installing the first channel primarily for reducing information disparity in rural areas.

MRTV would execute the basic design for the procurement of the transmitters, and it might be necessary to seek appropriate funds for the support of procurement and installation.

Meanwhile, MRTV might encourage the content providers who have a contract with MRTV to upgrade the interfaces to match HD services. However, MRTV might accept SD services from local broadcasters who face a lack of funding. In addition, consideration must be given to increasing usage fees for HD services since operation expenses absolutely increase due to two channel operations at each transmitting station. Hence, MRTV needs to obtain understanding from the content providers.

(3) MRTV Local Broadcasting Services Commencement

When the SD local broadcasting services commence, technically, MRTV is able to migrate local broadcasting services. On the other hand, MRTV needs to secure a system for switching over from national to local contents and the opposite at bureaus in the zones described in Figure 3.4-2. Therefore, MRTV needs to obtain other funds for procurement of the equipment for the system for switching the contents. Also, the basic design for procurement is needed for execution.

Meanwhile, the Technical Division of MRTV organizes training to use the system at the bureaus, and arranging trial runs that assume actual situations shall be considered prior to the official commencement.

It is expected that with the establishment of the second channel takes long due to securing funds, MRTV Next Project set the timeline linked to the previous item. However, depending to the funds preparations, the timelines, including the establishment of the second channel and the commencement of the MRTV local broadcasting service, can be made earlier as MRTV prefers.

# 5. Challenges for Transition to PSB

## 5.1 Challenges

(1) Legal Framework Establishment

The establishment of a legal framework surrounding MRTV as a PSB is beyond the responsibility of MRTV in terms of obtaining approval through discussions in parliament. However, a delay to the enactment of either a law or charter would affect the timeline of the roadmap. The thing MRTV can do to accelerate the force is to provide information in order to promote awareness of the need for a PSB among the members of Parliaments, relevant government officers, stakeholders and people. The success of smooth law enactment depends on the penetration of understanding.

Meanwhile, the timelines of some work items must be reconsidered in case the force of the legal framework is behind schedule. These items are listed below. Even if MRTV is not in the transformation process , most of the work items indicated in the timeline in Table 4.1-1 should be carried out as planned, since the items will generally be implemented by media organization.

(a) Forming a full scope of new divisions and sections
(b) Application of accounting standards
(c) Establishment of subsidiary company

In case the same system for the operation and maintenance of MRTV remains due to a delay of PSB establishment, the ten-year budget projection would increase by approximately 3% of total expenses in fiscal 2028-29. Therefore, the government needs to additionally secure such an amount for deferment of the transformation and could also utilize the amount for different purposes.

(2) Transferring to Subsidiary Company

Regarding transferring staff to subsidiary companies, there are two concerns to be tackled, such as the dates of the formation of the companies and employment transfer from MRTV as permanent staff. The establishment dates for the subsidiary companies for news and production would be affected by the enactment of the legal framework, which is scheduled for the fiscal year 2021-22, and by the other two companies, which are set for 2022-23. In case there are delays to establishment, MRTV might secure payroll more than estimated earlier in Table 3.3-2 and reduce the estimated consignment fee, as well. The estimated consignment fee is assumed to be less than 1% of the total MRTV budget, and it might be possible to arrange it without a huge impact. Therefore, depending on the formation dates, it is suggested that MRTV revises the ten-year projection for MRTV budget.

On the other hand, MRTV has to advise the staff who transfer voluntarily to the subsidiary companies. Basically, the transfers are planned as shown earlier in Table 3.2-4 as an estimation in each fiscal year. The persons who transfer voluntarily will be provided with incentive pay since their pension would be

reduced based on the pension reserve amount. Hence, the government is supposed to reserve retirement allowances and pension fees for MRTV's employees, and the amount equivalent to the reserve paid later can be used as the source of the incentive pay for voluntary retirees.

Therefore, MRTV needs set a scheme in an appropriate manner for encouraging the early retirement for the transfer to the subsidiary companies.

(3) Reduction of Concentration of Media Ownership and Launching Local Broadcasting Services

As two major media houses, namely, Forever Group (FG) and Shwe Than Lwin Media Company (STM), dominate many slots in the broadcast distribution services provided by MRTV, such a situation provides them with vested rights. It is expected that they will intend to hold fast to those vested interests. Thus, MRTV shall discuss with FG and STM to make a consensus toward the development of a healthy media society that is against such a monopolized situation.

According to the channel availability in each of the zones mentioned in Subsection 3.4.2., at least two channels (excluding the channels allocated to MRTV) could be secured in each zone and four channels could be secured in the zones that include Yangon and Mandalay, in particular. In case the authority allows the development of a nationwide network for a commercial broadcaster through affiliation with local broadcasters, these channels might consider making an affiliate network. In terms of feasibility of the provision of various broadcasting services, the existing broadcasters might have advantages since they have knowledge and production and studio equipment. If the government guides the broadcasting sector in Myanmar towards reducing media ownership concentration and information disparity, this challenge could be solved in an appropriate period.

(4) Enhancement of Local-Based News with Consideration for the Diversity of Society

(a) News Division Establishment and Enhancement

In order to enhance the level of reliability in MRTV as a PSB in all regions, which is also identified as the overall goal of MRTV Next Project, MRTV will form the News Division as stated earlier in Section 3.2. Moreover, the News Division takes on the overall roles for coordinating news coverage and guides all of MRTV's bureaus that aim to cover local-based news from various places. MRTV needs to remain functional by gathering news in local areas covered by each bureau. Therefore, MRTV might need to consider establishing a news exchange scheme to complement local news coverage, as described in the following Item (b). However, in order to enhance the capacity of each bureau, MRTV must not rely solely on the news exchange scheme for improving local-based news.

(b) News Exchange Scheme Development

The MRTV Next Project realized that the development of a scheme in collaboration between MRTV and ethnic media complements the difficulties faced by both sides such as deploying staff to the sites in each area. The expected scheme might be made with consideration for the matters stated below, and the figure of the scheme is shown in Figure 5.1-1. In addition, MRTV will not use packages of news that are edited by the ethnic media, yet MRTV will edit the video materials for use. Also, if MRTV uses materials taken by the ethnic media, fact-checking must be conducted by MRTV.

i. Both sides use footage free of charge within two-minute-long reports.
ii. Both sides use footage without prior notice.
iii. Consideration may be given to exchanging footage between ethnic media based on individual bilateral agreements.
iv. MRTV prepares data storage for the exchange of footage.




Source: Prepared by MRTV Next Project

Figure 5.1-1 Proposed Scheme of News Exchange

MRTV provided a web portal site for ethnic media for posting their news coverage and it has been stopped since MRTV needed to pay per coverage based on the agreement. MRTV felt there was a burden from such costs, and some ethnic media did not post news frequently. The scheme for news exchange would not require such payments to MRTV per coverage by the

ethnic media. However, MRTV provides a storage of the footage of its coverage and that of MRTV. The free use of the raw footage that is allowed within two minutes only requires superimposing the source of the footage on the news. Both MRTV and ethnic media could use any footage without prior notice since the approval process will disturb prompt coverage. In case an ethnic media house wants to use the footage provided in the storage by another ethnic media, a further agreement between the media houses should be concluded. Hence, ethnic media also covers topics from the entire nation.

In addition, there are experiences in which the media has contributed to easing conflict through coverage since people could understand the situations of each other when appropriate news was made available. Unfortunately, cease-fires and/or negotiations in different areas with different ethnic groups in Myanmar are still under consideration. However, the discussions might require starting with mutual understanding. One of the most important roles of the media is to provide information with accuracy, impartiality and fairness and such information could open people's eyes more widely to humanitarianism that is the foundation of democracy. Thus, MRTV Next Project believes that MRTV would bring a situation that promotes peace in Myanmar using such schemes with ethnic media.

Although MRTV has provided a portal site for posting coverage by ethnic media for a few years, there has been no active upload of the news. Also, MRTV needed to pay a certain amount for the content to the ethnic media. It was an online-only service, and there was no limitation to securing space. However, there is a limit in broadcast distribution services for the allocation of slots, and the contents providers might be selected in a comprehensive manner in case the number of proposals submitted by the operators is more than the capacity. Hence, closure or suspension of the services does not provide benefits for the audience, and MRTV needs to carefully conduct its selection. Moreover, it is helpful for the ethnic media if the government provides assistance not only through direct funding but also indirectly through an institution such as the encouragement of affiliate network development. Attracting more organizations into the media sector is a basic principle of democracy, and the situation in Myanmar is against it. Promoting ethnic media will contribute not only to MRTV and the ethnic media itself but also to the development of a healthy media society, and it will promote mutual harmony and benefits for the broadcasters and the audience.

## 5.2 Suggestion from Japanese Expert Team

MRTV received suggestions from the Japanese Expert Team as stated below.

While MRTV conducts the work items stated in the roadmap, it is expected that MRTV faces issues, since the period for transition takes several years and the period, until settlement of the reforms is ten years. Thus, the situations may change due to political reasons or financial situations. Also, MRTV is

advised to use the knowledge to make routines and for standardization, which is ensured by empowerment and a high level of commitment toward implementation.

However, MRTV obviously needs to increase the number of self-produced programs because, MRTV, as a broadcaster, shall provide necessary information with accuracy, impartiality and fairness to the people of Myanmar. Based on this point, most of the work items must be executed as soon as possible, even if the transformation process to PSB is delayed.

On the other hand, a PSB is an organization that not only provides services but also it leads the media society in harmony with other broadcasters. PSB makes a balance by providing accurate information with no bias, and such information would be a reference or benchmark for the audience if other media provide information with preconceptions as biased coverage since the audience is able to compare and recognize the difference. Moreover, prompted by MRTV's accurate and fair coverage, the media will realize that their coverage is not appropriate or adequate, and this will encourage them to revise their reports. Therefore, the future of the media sector in Myanmar rests on the shoulders of PSB – that is, on the shoulders of MRTV.

## ２．公共放送化に向けた中長期ロードマップ

（ミャンマー語）

# အများပြည်သူဝန်ဆောင်မှုရုပ်သံထုတ်လွှင့်မှုဌာန (PSB) အဖြစ်သို့ပြောင်းလဲရန် အတွက် အလယ်အလတ်နှင့် ရေရှည်ဆောင်ရွက်မှုအတွက်လမ်းပြမြေပုံ

၂၀၂၀ခုနှစ်၊ ဇူလိုင်လ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

မာတိကာဇယား

အများပြည်သူဝန်ဆောင်မှုရုပ်သံထုတ်လွှင့်မှုဌာန (PSB)သို့ပြောင်းလဲရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏ လမ်းပြမြေပုံ


၁။ လမ်းပြမြေပုံ၏ ရည်ရွယ်ချက် ....7

၁.၁။ မြန်မာနိုင်ငံရှိ မီဒီယာအခန်းကဏ္ဍ၏နောက်ခံသမိုင်းကြောင်း ....7

၁.၁.၁။ သတင်းမီဒီယာလွတ်လပ်မှုအတွက် ပြုပြင်ပြောင်းလဲမှု....7

၁.၁.၂။ မီဒီယာဥပဒေမူဘောင်....8

၁.၁.၃။ ရုပ်သံထုတ်လွှင့်ခြင်းကဏ္ဍမှ ရုပ်သံလွှင့်လုပ်ငန်းကြီးများနှင့် မီဒီယာပိုင်ဆိုင်မှုအား လက်ဝါးကြီးအုပ်ခြင်း ....9

၁.၁.၄။ အများပြည်သူဝန်ဆောင်မှုရုပ်သံထုတ်လွှင့်ခြင်းအတွက် လိုအပ်ချက် ....9

၁.၂။ လမ်းပြမြေပုံ၏ ရည်ရွယ်ချက်....10

၂။ PSB ၏သဘောတရား ....11

၂.၁။ PSB ၏ရည်ရွယ်ချက်....11

၂.၂။ PSB လုပ်ငန်းများလည်ပတ်မှု ....11

၂.၃။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အား PSB သို့ပြောင်းလဲရာတွင် အဓိကဖြေရှင်းရမည့် ပြဿနာများ 12

၂.၃.၁။ အစီအစဉ်များအား ကိုယ်ပိုင်ထုတ်လုပ်ခွင့်၊ ....12

၂.၃.၂ အရည်အချင်းနှင့်ကျွမ်းကျင်မှု မြှင့်တင်ခြင်း....21

၂.၃.၂ လူ့စွမ်းအားအရင်းအမြစ်များ ....23

၂.၃.၄။ ထုတ်လုပ်မှုပစ္စည်းအရင်းအမြစ်များ ....26

၂.၃.၅ ဘဏ္ဍာရေးအရင်းအမြစ်များ အဆင့်မြှင့်တင်ခြင်း ....32

၃။ ပြောင်းလဲမှုအတွက် အဓိက အချက်များ....35

၃.၁။. အဓိကအချက်များကို ခြုံငုံသုံးသပ်ခြင်း......35

၃.၂။ ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲခြင်း......36

၃.၂.၁။ ဖွဲ့စည်းပုံ ပြန်လည်ဖွဲ့စည်းခြင်း ......36

၃.၂.၂.။ ဝန်ထမ်းများ နေရာခွဲဝေချထားခြင်း ......41

၃၄.၂. လူ့စွမ်းအားအရင်းအမြစ်များအတွက် ဆယ်နှစ်တာ ခန့်မှန်းချက် မူဝါဒ......50

၃.၃။ ပိုမိုကောင်းမွန်သော ကုန်ကျစရိတ်မှတဆင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခြင်း......53

၃.၃.၁။ဘဏ္ဍာရေးဆိုင်ရာ စီမံခြင်း မူဝါဒ......53

၃.၃.၂။ အစီအစဉ် ဝယ်ယူရေး ကုန်ကျစရိတ်......53

၃.၃.၃။ အသုံးစရိတ်စုစုပေါင်းအတွက် ဆယ်နှစ်တာ ခန့်မှန်းချက်......54

၃.၄ ရုပ်သံထုတ်လွှင့်မှု ခွဲဝေရေး ပြုပြင်ပြောင်းလဲမှု......58

၃.၄.၁ ခွဲဝေဝန်ဆောင်မှု ဒီဇိုင်းပုံစံ......58

၃.၄.၂ ရုပ်သံထုတ်လွှင့်မှု ခွဲဝေရေးနှင့် ရုပ်သံလိုင်းများချထားရေးအတွက် ဇုန်နယ်များ သတ်မှတ်ခြင်း
61

၃.၄.၃ ရုပ်သံထုတ်လွှင့်မှု ခွဲဝေဝန်ဆောင်မှု အသုံးပြုခအား လေ့လာခြင်း ......62

၄။ အကူးအပြောင်း လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက် ......67

၄.၁ လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက် ရေးဆွဲရန် ခံယူချက်......67

၄.၂။ အဖွဲ့အစည်းပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက် ...........71

၄.၄။ ရုပ်သံထုတ်လွှင့်မှုခွဲဝေရေး.......................................................................................................75

၅။ PSB ရုပ်သံလုပ်ငန်းအဖြစ်ကူးပြောင်းရာ၌ ကြုံတွေ့ရမည့် စိန်ခေါ်မှုများ................................................77

၅.၁။ စိန်ခေါ်မှုများ. .........................................................................................................................77

၅.၂ ဂျပန်ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ။........................................................................80

## ဇယားများ

ဇယား ၂.၃-၁ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တွင် ထုတ်လုပ်မှုအမျိုးအစားအလိုက် အပတ်စဉ် TV အစီအစဉ်ထုတ်လွှင့်မှု နာရီပေါင်း (ဖေဖော်ဝါရီ ၂၀၁၈)

ဇယား ၂.၃-၂ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထုတ်လုပ်မှုအမျိုးအစားတစ်ခုလျှင် အပတ်စဉ်ရေဒီယိုအစီအစဉ်ထုတ်လုပ်မှုကြာချိန်များ (ဖေဖော်ဝါရီလ၊ ၂၀၁၈ခုနှစ်)

ဇယား ၂.၃-၃ TV သတင်းတင်ပြမှုအရေအတွက်

ဇယား ၂.၃-၄ အစီအစဉ်တစ်ခုတွင် ရေဒီယိုသတင်းတင်ပြမှုအရေအတွက်

ဇယား ၂.၃-၅ ထုတ်လုပ်ရေးတွင် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုအားဆန်းစစ်ခြင်း

ဇယား ၂.၃-၆ TV and Radio ၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မ Channel မှထုတ်လုပ်မှုအပေါ် လက်ရှိနေ့စဉ်တာဝန်ချထားမှု ဇယား

ဇယား ၂.၃-၇ TV and Radio ၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မ Channels တွင် ထုတ်လုပ်ရေးအတွက် နေ့စဉ်တာဝန်ချထားမှုဇယား

ဇယား ၂.၃-၈ တစ်ပတ်စာထုတ်လုပ်မှုနည်းလမ်းဖြင့် **TV** ပင်မ **Channel** ၏ အစီအစဉ်အရေအတွက်

ဇယား ၂.၃-၉ **TV** ပင်မ **Channel** တွင် ထုတ်လုပ်မှု နည်းစနစ်တစ်ခုစီ၏ တွက်ချက်မှု အခြေခံ/ လုပ်ကိုင် ဆောင်ရွက်ရသည့် ယူနစ်

ဇယား ၂.၃-၁၀ TV ပင်မ Channel အတွက် ထုတ်လုပ်ရေးပစ္စည်းများ၏နေ့စဉ်ဆောင်ရွက်မှု
ဇယား ၂.၃-၁၁ တစ်ပတ်စာထုတ်လုပ်မှုနည်းစနစ်များဖြင့် ရေဒီယို ပင်မ channel များတွင် ထုတ်လွှင့်သော အစီအစဉ်အရေအတွက်
ဇယား ၂.၃-၁၂ ရေဒီယို ပင်မ လိုင်းတွင် ထုတ်လုပ်မှု နည်းစနစ်တစ်ခုစီ၏ အခြေခံ/ လုပ်ကိုင် ဆောင်ရွက်ရသည့်ယူနစ် တွက်ချက်မှု
ဇယား ၂.၃-၁၃ Radio ပင်မ Channel အတွက် ထုတ်လုပ်မှုပစ္စည်းများအားလုပ်ကိုင်ဆောင်ရွက်မှု
ဇယား ၂.၃-၁၄။ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း အစီအစဉ် ဝယ်ယူမှု ကုန်ကျစရိတ် (အမှန်တကယ် အသုံးစရိတ်)
ဇယား ၃.၂-၁ လက်ရှိ ဝန်ထမ်းများတာဝန်ခွဲဝေတင်ပြမှုအား ဝန်ထမ်းများတာဝန်ခွဲဝေတင်ပြမှု အစီအစဉ်နှင့် နှိုင်းယှဉ်ဖော်ပြခြင်း
ဇယား ၃.၂.၃ Staff Distribution Plan for the New Allocation
ဇယား ၃.၂-၃ လက်အောက်ခံကုမ္ပဏီများဆိုင်ရာ အကြမ်းဖျင်း ဖော်ပြချက်
ဇယား ၃.၂.၄ လူ့စွမ်းအားအရင်းအမြစ်များအတွက် ဆယ်နှစ်တာ ခန့်မှန်းချက်
ဇယား ၃.၃-၁ လက်ရှိ ထုတ်လုပ်မှု ကုန်ကျစရိတ် နှင့် အနာဂတ်အတွက် ခန့်မှန်းချက်
ဇယား ၃.၃.၂ MRTV ၏အသုံးစရိတ်စုစုပေါင်းအတွက် ဆယ်နှစ်တာ ခန့်မှန်းချက်
ဇယား ၃.၄.၁ (၁၀)နှစ်အတွင်း ရုပ်သံလိုင်းထုတ်လွှင့်မှု ခွဲဝေဝန်ဆောင်မှုအတွက် ခန့်မှန်းအသုံးပြုခ
ဇယား ၃.၄.၂ ရုပ်သံလိုင်းထုတ်လွှင့်မှု ခွဲဝေဝန်ဆောင်မှုအတွက် ဇုန်တစ်ခုစီ၏ အဆင့်
ဇယား ၄.၁.၁ PSB အဖြစ်သို့ကူးပြောင်းရန် လမ်းပြမြေပုံပါ ၁၀-နှစ်တာ အချိန်ကာလသတ်မှတ်ချက်

# ပုံ/ရုပ်ပုံ များ

ပုံ ၂.၃-၁ ခန့်မှန်း စနေ၊တနင်္ဂနွေမှအပကြားရက်များတွင် ထုတ်လွှင့်သော TV အစီအစဉ် အချိန်ဇယားများ
ပုံ ၂.၃-၂ ခန့်မှန်း စနေ၊တနင်္ဂနွေ နေ့ များတွင် ထုတ်လွှင့်သော TV အစီအစဉ် အချိန်ဇယားများ
ပုံ ၂.၃-၃ ခန့်မှန်း စနေ၊တနင်္ဂနွေမှအပကြားရက်များတွင် ထုတ်လွှင့်သော ရေဒီယို အစီအစဉ် အချိန်ဇယားများ
ပုံ ၂.၃-၄ ခန့်မှန်း စနေ၊တနင်္ဂနွေ နေ့ များတွင် ထုတ်လွှင့်သော ရေဒီယို အစီအစဉ် အချိန်ဇယားများ
ပုံ ၂.၃.၅ အစီအစဉ်ထုတ်လုပ်မှုတွင် ဆက်စပ်မှုများကို မြှင့်တင်ခြင်း
ပုံ ၃.၁.၁ PSB အဖြစ်သို့ကူးပြောင်းရန် အဓိကအချက်များ၏ အပြန်အလှန်ဆက်စပ်နေမှု
ပုံ ၃.၂.၁ အကြံပြု MRTV ဖွဲ့စည်းပုံ
ပုံ ၃.၂-၂ MRTV ၏လက်အောက်ခံကုမ္ပဏီများ
ပုံ ၃.၃.၁ Estimated Balance of Payments
ပုံ ၃.၄.၁ Allocation of Contents in Multiplexed Operation
ပုံ ၃.၄.၂ Zoning Plan and Channel Availability
ပုံ ၅.၁.၁ သတင်းလဲလှယ်မည့်စနစ်

# List of Abbreviations

| Abbreviation | Full Name |
|---|---|
| BBC | British Broadcasting Corporation |
| DWA | Deutsche Welle Akademie |
| DyDG | Deputy Director General |
| HD | High Definition |
| HQ | Tatkone headquarters |
| JET | Japanese Expert Team |
| JICA | Japan International Cooperation Agency |

| | |
|---|---|
| MPT | Myanma Posts and Telecommunication |
| MRTV | Myanma Radio and Television |
| MRTV Next Project | Project for Capacity Development of Myanma Radio and Television |
| NAS | Myanmar Accounting Standards |
| NR | National Races Radio |
| NRC | National Races Channel |
| MWD | Myawaddy |
| PSB | Public Service Broadcaster |
| SD | Standard Definition |
| SMS | Short Message Services |
| SNS | Social Networking Services |

# ၁။ လမ်းပြမြေပုံ၏ ရည်ရွယ်ချက်

## ၁.၁။ မြန်မာနိုင်ငံရှိ မီဒီယာအခန်းကဏ္ဍ၏နောက်ခံသမိုင်းကြောင်း

### ၁.၁.၁။ သတင်းမီဒီယာလွတ်လပ်မှုအတွက် ပြုပြင်ပြောင်းလဲမှု

ယခင်အစိုးရသည် ၂၀၁၁ ခုနှစ်တွင် မီဒီယာပြုပြင်ပြောင်းလဲမှုများအား စတင်ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ မီဒီယာအခန်းကဏ္ဍသည် သန္ဓေတည်ဆဲအဆင့်တွင်သာ ရှိနေဆဲဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် သတင်းမီဒီယာဥပဒေကို မိတ်ဆက်ခဲ့ပြီး သမ္မတမှ လက်မှတ်ရေးထိုးခဲ့ကာ နောက်ပိုင်းတွင် ဆင်ဆာဖြတ်တောက်မှုကို မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍမှ ရုပ်သိမ်းခဲ့သည်။ ထိုစဉ်က ပုဂ္ဂလိကရုပ်မြင်သံကြားလိုင်းများကို အစိုးရနှင့်ဖက်စပ်အစီအစဉ်ဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုများ လုပ်ကိုင်နိုင်ရန်အတွက် လိုင်စင်များကိုချထားပေးခဲ့ပြီးနောက်တွင် အခြားရုပ်မြင်သံကြားလိုင်းများ နှင့် FM ရေဒီယိုလိုင်းများကိုလည်း လုပ်ပိုင်ခွင့်များချထားပေးခဲ့သည်။ ထို့အပြင် ပုဂ္ဂလိကနေ့စဉ် သတင်းစာများကို ၂၀၁၃ခုနှစ် တွင် ထုတ်ဝေခွင့်ပြုခဲ့သည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) သည် အများပြည်သူဝန်ဆောင်မှု ရုပ်သံထုတ်လွှင့်မှု ဌာနအဖြစ်သို့ အသွင်ပြောင်းကာ သတင်းမီဒီယာလွတ်လပ်ခွင့်မြှင့်တင်ရန်အတွက် ပြည်သူတို့၏ တောင်းဆိုမှုများကို တုံ့ပြန်သည့်အနေဖြင့် သတင်းအတတ်ပညာအတွက် စံနမူနာတစ်ခုဖြစ်လာသည်။ အခြားတစ်ဖက်တွင် မိုဘိုင်းကွန်ယက်များကဲ့သို့သောဆက်သွယ်ရေး ြကြားခံများသည် ဈေးကွက်လွတ်လပ်ခွင့်နှင့် ပေါင်းစပ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို

ဖိတ်ခေါ်ခြင်းများအပါအဝင် အစိုးရ၏ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အင်တာနက်အသုံးပြုသော စမတ်ဖုန်းသုံးစွဲသူဦးရေသည် ခန့်မှန်းခြေအားဖြင့် ၄၇.၅ သန်းအထိ တိုးတက်လာခဲ့သည်။ စမတ်ဖုန်းအသုံးပြုသူများသည် ဓာတ်ပုံများ၊ ဗီဒီယိုများနှင့် သတင်းအချက်အလက်များကို Facebook နှင့် အခြားလူမှုကွန်ယက်ဝန်ဆောင်မှုများသို့ မကြာခဏတင်လေ့ရှိကြသည်။ စမတ်ဖုန်းအသုံးပြုမှုကြောင့် ပုံနှိပ်မီဒီယာနှင့် TV ကြည့်ရှုမှုများကို လျော့ကျသွားစေပြီး ကြော်ငြာဈေးကွက်သည်လည်းကျဆင်းလာသည်။ စင်စစ် Internews မှ ထုတ်ပြန်သောအစီရင်ခံစာအရ တိုင်းရင်းသားမီဒီယာအမြောက်အများသည် ယခင်ရွေးကောက်ပွဲတွင် ဒေသအခြေပြုမီဒီယာအဖြစ် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်လာခဲ့သော်လည်း ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် အကြားတွင် ပျောက်ကွယ်သွားခဲ့သည်။ ယင်းအစားသတင်းစာများက ၎င်းတို့၏ ဆောင်းပါးများကို Facebook စာမျက်နှာများပေါ်တွင် ရေးသားဖော်ပြထားပြီးဝေးလံခေါင်ဖျားဒေသများတွင်နေထိုင်သူများသည် အင်တာနက်ဆက်သွယ်မှုရှိနေသရွေ့ ၎င်းတို့အား ဖတ်ရှု နိုင်ကြသည်။ ထို့အပြင် analogue free-to-air လိုင်းများကို digital လိုင်းများဖြင့် လည်ပတ်ဆောင်ရွက်နေသည့် လိုင်း(၄)လိုင်းဖြစ်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီ၊ Forever Group နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီတို့မှ လွှမ်းမိုးထားခဲ့သည်။

အကျဉ်းချုပ်ဖော်ပြရလျှင် သတင်းအချက်အလက် များကို တတ်နိုင်သမျှ မြန်ဆန်စွာရယူနိုင်ရန်အတွက် Facebook ကဲ့သို့သော လူကြိုက်အများဆုံး လူမှုကွန်ယက် ပေါ်ပေါက်လာရာ မီဒီယာကုမ္ပဏီငယ်များသည် ဆက်လက်ရှင်သန်နိုင်ရန် အလွန်ခက်ခဲပြီး ကုန်ကျစရိတ်များကို ပိုမိုတင်းကျပ်ရန် လိုအပ်လာသည်။ သို့သော် သတင်း အချက်အလက်များသည် တည်ငြိမ်မှုမရှိခြင်းနှင့် မတိကျသောသတင်းအချက်အလက်များ နှင့်/ သို့မဟုတ် ပုဂ္ဂိုလ်ရေး ဆိုင်ရာခံစားချက်များပါဝင်သည်။ ထို့အပြင် မြန်မာနိုင်ငံရှိ TV ဝန်ဆောင်မှုများ အား မီဒီယာကြီးများမှလက်ဝါးကြီးအုပ်ထားပြီး အခွင့်အလမ်းကြီးကြီးမားမားတို့ကိုလည်း TV ကြော်ငြာဈေးကွက်မှ ပင် ရရှိနေဆဲ ဖြစ်သည်။ အဆိုပါအခြေအနေများကြောင့် အများပြည်သူထံ တိကျသော၊ သမာသမတ်ကျသော၊ မျှတသော သတင်း အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းတစ်ခုတည်ထောင်ရန် လိုအပ်ကြောင်းကို သိရှိနားလည်လာရသည်။

## ၁.၁.၂။ မီဒီယာဥပဒေမူဘောင်

အစိုးရအနေဖြင့် မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ပြီးအထူးသဖြင့် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ၂၀၁၅ခုနှစ်တွင်ပြန်လည်ပြင်ဆင်ခဲ့ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လွတ်လပ်စွာဟောပြောခွင့်တို့ကိုဖြစ်ပေါ်လာစေသည်။ သို့သော် သတင်းမီဒီယာကောင်စီထူထောင် ခြင်းနှင့် မီဒီယာလက်ဝါးကြီးအုပ်ခြင်းကို ထည့်သွင်းစဉ်းစားခြင်းတို့ကဲ့သို့သော အချက်များတွင် အငြင်းပွားဖွယ်အချက်များလည်း ရှိခဲ့သည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ်တွင် ဥပဒေကိုပြင်ဆင်ခဲ့ပြီး ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ နည်းဥပဒေများအား အစိုးရအဖွဲ့ထံမူကြမ်းတင်ပြထားပြီးဖြစ်၍ မကြာမီ ပြဋ္ဌာန်းသွားမည်ဖြစ်သည်။ ဥပဒေသစ်သည် စည်းမျဉ်းစည်းကမ်းဥပဒေများ၊ လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များ၊ ထုတ်လုပ်သည့်အစီအစဉ် စံချိန်စံနှုန်းများနှင့် စည်းကမ်းကျင့်ဝတ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာပိတ်ဆို့မှုများကိုအဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ထို့အပြင်ဥပဒေ၌ အများပြည်သူဝန်ဆောင်မှု ရုပ်သံထုတ်လွှင့်ခြင်း၊ စီးပွားဖြစ်ရုပ်သံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုများ၊ လူထုရုပ်သံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုများနှင့် ရုပ်သံထုတ်လွှင့်မှုခွဲဝေရေး ဝန်ဆောင်မှုများကဲ့သို့သော ရုပ်သံထုတ်လွှင့်ခြင်း ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးကို ရှင်းလင်းပြဋ္ဌာန်းထားသည်။ တရားဝင်စနစ်ဖြင့် PSB ကို ထူထောင်နိုင်ရန် မျှော်လင့်ထားသည်။ သို့သော် ဝန်ဆောင်မှုများစတင်နိုင်ရန်အတွက် PSB ဥပဒေသို့မဟုတ် PSB ၏ စံပြပုံစံကို အတည်ပြုဆုံးဖြတ်ပေးမည့် ပဋိညာဉ်စာတမ်းတစ်ခု ပြင်ဆင်မည်ဟု မျှော်လင့်ထားသည်။

### ၁.၁.၃။ ရုပ်သံထုတ်လွှင့်ခြင်းကဏ္ဍမှ ရုပ်သံလွှင့်လုပ်ငန်းကြီးများနှင့် မီဒီယာပိုင်ဆိုင်မှုအား လက်ဝါးကြီးအုပ်ခြင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဖြစ်သို့ မကူးပြောင်းမီ ယခင် Burma Broadcasting Service (ဗမာ့အသံ) သည် ၁၉၄၆ ခုနှစ်တွင် ရေဒီယိုအသံလွှင့်ခြင်းဖြင့် စတင်ခဲ့ပြီး ၁၉၈ဝခုနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အား ရုပ်သံထုတ်လွှင့်မှုဖြင့် စတင်ခဲ့ကာ မြဝတီရုပ်မြင်သံကြား (MWD) ကိုလည်း ၁၉၉၅ ခုနှစ်တွင် စတင်ထုတ်လွှင့်ခဲ့သည်။ အရပ်ဖက်အုပ်ချုပ်ရေးသို့မကူးပြောင်းမီ ၂ဝဝ၄ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနသည် Forever Group (ပုဂ္ဂလိကကဏ္ဍကုမ္ပဏီတစ်ခု) နှင့် ပူးပေါင်း၍ ဖက်စပ်စီးပွားဖြစ် ရုပ်သံထုတ်လွှင့်မှုကိုလုပ်ကိုင် ခွင့်ပြုခဲ့သည်။ ထို့နောက် Forever Group သည် အခကြေးငွေဖြင့် ထုတ်လွှင့်ပေးသော ရုပ်သံထုပ်လွှင့်မှုများ၊ ဒစ်ဂျစ်တယ် ရုပ်သံထုတ်လွှင့်မှုများနှင့် FM ရေဒီယိုလိုင်းမျိုးစုံအား ထုတ်လွှင့်ပေးနိုင်ခဲ့သည်။ ထို့နောက် ၂ဝဝ၈ ခုနှစ်တွင် စီးပွားရေး နယ်ပယ်အမျိုးမျိုးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော ရွှေသံလွင်ကုမ္ပဏီလီမီတက်သည် မြန်မာနိုင်ငံ၏ ပထမဆုံးစီးပွားဖြစ်မြေစိုက်ထုတ်လွှင့်မှုကို အခကြေးငွေဖြင့်ထုတ်လွှင့်ခြင်းအဖြစ်စတင်ခဲ့ပြီး FM ရေဒီယို ထုတ်လွှင့်မှုကိုလည်း စတင်ခဲ့သည်။ လက်ရှိတွင် ရွှေသံလွင်သည် အဓိကမြို့ကြီးများကို လွှမ်းခြုံနိုင် သည့် Analogue နှင့် Digital စံနစ်နှစ်မျိုးစလုံးဖြင့် တစ်ကမ္ဘာလုံးသို့ စီးပွားဖြစ် ရုပ်သံ ဝန်ဆောင်မှုများကို တိုးချဲ့ထုတ်လွှင့်လျှက်ရှိသည်။

ထိုရုပ်သံလွှင့်လုပ်ငန်း (၄) ခုလုံးအတွက် ရုပ်မြင်သံကြားနှင့်ရေဒီယိုထုတ်လွှင့်ခွင့် လိုင်စင်များ ချထားပေးခဲ့ပြီး ၎င်းတို့သည် မြန်မာနိုင်ငံအနှံ့အပြားတွင် channel လိုင်းများစွာဖြင့် လည်ပတ် ဆောင်ရွက်လျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်ပွဲကိုကျင်းပပြီးနောက် အခြားအဖွဲ့အစည်းများမှ အသံလွှင့်လုပ်ငန်းများလုပ်ကိုင်ရန်အတွက် အခြားတောင်းဆိုမှုများ ရှိလာသည်ကိုလည်း အသိအမှတ်ပြုမိကြသည်။ သို့သော် ဝန်ဆောင်မှုများအတွက် Channel လိုင်းအများစုကို အထက်တွင်ဖော်ပြခဲ့သောမီဒီယာကုမ္ပဏီကြီးများက ပိုင်ဆိုင်ထားသည်။ ရုပ်သံထုတ်လွှင့်မှုဥပဒေသစ်တွင် မီဒီယာဆိုင်ရာဗဟုဝါဒနှင့် မတူကွဲပြားမှုကိုဦးတည်သည့် အားထုတ်မှုများကိုအားဖြည့်ရန် သို့မဟုတ် ခိုင်မာလာစေရန်အတွက် ထည့်သွင်း စဉ်းစားရမည်ဟု ဆိုထားသည်။

### ၁.၁.၄။ အများပြည်သူဝန်ဆောင်မှုရုပ်သံထုတ်လွှင့်ခြင်းအတွက် လိုအပ်ချက်

ဆက်သွယ်ရေးကဏ္ဍတွင် လျှင်မြန်စွာတိုးတက်လာမှုကြောင့် အထူးသဖြင့် မိုဘိုင်းဖုန်းမှတစ်ဆင့် နိုင်ငံခြားဆက်သွယ်ရေး ကုမ္ပဏီများကိုဖိတ်ခေါ်၍ ဈေးကွက်ဖြေလျှော့မှုတို့ကြောင့် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးတွင် Social Networking Services(SNS)လူမှုကွန်ယက်ဝန်ဆောင်မှုလုပ်ငန်းများ သည် လူကြိုက်အများဆုံးတစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံတွင် အကြီးမားဆုံး မိုဘိုင်း အော်ပရေတာ ဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် ယခုအခါ မြန်မာနိုင်ငံတစ်ခုလုံး၏ ၉၆ ရာခိုင်နှုန်းအထိ မိုဘိုင်းရရှိမှုအားတိုးချဲ့လိုက်သောကြောင့် မီဒီယာလုပ်ငန်းအများစုသည် SNS ကိုအသုံးပြုကြပြီး အတည်မပြုနိုင်သော သတင်းအချက်အလက်များအပေါ်အခြေခံ၍ ထုတ်ဝေနေသည့် ခန့်မှန်းချက်များအပါအဝင် ပြည်သူများသည် သက်သေအထောက် အထားမရှိသောသတင်းများကို ဖြန့်ဝေအသုံးပြုရန် စိတ်ဝင်စားလာကြသည်။ ထို့ကြောင့် SNS မှ တစ်ဆင့် ကောလာဟလသတင်းများ သာမက သတင်းအတုများကိုလည်းဖြန့်ဝေနေကြသည်။ ယခင်အစိုးရသည် သတင်းအချက် အလက်ထိန်းချုပ်မှုကို ရေရှည်ချမှတ်ခဲ့ပြီး ပြည်သူလူထု၏မီဒီယာနှင့် ပတ်သက်သည့်အသိပညာဗဟုသုတကို ဖြတ်တောက်ခဲ့သည်။ ထို့ကြောင့် နိုင်ငံအတွင်း၌ မီဒီယာနှင့် ပတ်သက်သည့် အသိပညာဗဟုသုတ တိုးတက်လာအောင် လုပ်ဆောင်ရန် လိုအပ်နေသည်။

PSB တစ်ခုသည် ပရိတ်သတ်အတွက် PSB ၏လွှမ်းခြုံနိုင်မှုနှင့် လွှင့်တင်သည့်သတင်းဆောင်းပါးကို နှိုင်းယှဉ်စဉ်းစားသည့် အချက်ပေါ်အခြေခံ၍ ယင်းအားပရိတ်သတ်အနေနှင့် တော်လျော်စွာ နားလည်မှု ရရှိနိုင်စေရန်လမ်းကြောင်းအား ပြသနိုင်ရမည်။ PSB သည် အစိုးရနှင့် ကြော်ညာထည့်သွင်းသည့်ဖောက်သည်များကဲ့သို့သော တတိယအဖွဲ့အစည်းများ၏ ထိန်းချုပ်မှုမှကင်းလွတ်သည့် အမှီအခိုကင်းသော အုပ်ချုပ်မှုစနစ်ဖြင့် တည်ရှိနေရန်လိုသည်။ ထို့ကြောင့် PSB သည် တိကျသော၊ သမာသမတ်ကျသော၊ မျှတသော သတင်းအချက်အလက်များကိုပံ့ပိုးပေးရန်မျှော်လင့်ရပြီး အခြားမည်သည့်အာဏာရှိသူတို့ကမှ ဝင်ရောက် စွက်ဖက်ခြင်းမရှိသည့် သတင်းလွတ်လပ်ခွင့်ကိုဖြစ်ပေါ်လာစေရန်ရည်ရွယ်သည်။

### ၁.၂။လမ်းပြမြေပုံ၏ ရည်ရွယ်ချက်

အစိုးရရုပ်သံလွှင့်ဌာနတစ်ခုအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အစိုးရ၏ တင်းကြပ်သောအုပ်ချုပ်မှုနှင့် ဘတ်ဂျက် ခွဲဝေချထားမှုများအောက်တွင် TV၊ ရေဒီယိုနှင့် online ကဲ့သို့သောဝန်ဆောင်မှုများအား ဆောင်ရွက် ပေးလျှက်ရှိသည်။ အုပ်ချုပ်သူအရာရှိများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းများအပေါ် အကြံများပေး ခြင်းဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် သာမာန်အားဖြင့် လုံခြုံစိတ်ချရသည့် သတင်းများစုစည်းရယူရန် အရေးကြီးပုဂ္ဂိုလ်များ၏ခရီးစဉ်တွင် လိုက်ပါရသည်။ ထို့ကြောင့် အစိုးရလုပ်ဆောင်ချက်များသည် သတင်းတင်ပြရန်အတွက် ပုံမှန် အသုံးများသော သတင်းအကြောင်းအရာများအများစုသာဖြစ်ပြီး အကယ်၍ နိုင်ငံရေးရှုထောင့်မှ တင်ပြရလျှင်သော်မှ ထိုသို့သောသတင်းအစီအစဉ်မျိုးကို သင့်တော်သော သတင်းအတတ်ပညာကျင့်ဝတ်ဖြင့် တင်ပြရသည်။ ထို့အပြင် အချို့သောသတင်းဖော်ပြမှုများကိုလည်း အစိုးရကအလုံးစုံ စီစဉ်ပေးပို့သည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် PSB အနေ ဖြင့် သတင်းအတတ်ပညာကို မည်သို့လိုက်နာနိုင်မည်ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပေမည်။ ထို့ကြောင့်ဤလမ်းပြမြေပုံသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအား အယ်ဒီတာ လွတ်လပ်ခွင့်နှင့်အညီ လမ်းညွှန်ပေးပြီး လမ်းပြမြေပုံ၏ရည်မှန်းချက်သည် အယ်ဒီတာ့လွတ်လပ်ခွင့်နှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပါဝင်သည့် တိကျ၍မျှတပြီးဘက်မလိုက်သည့် သတင်းအချက်အလက်များပါဝင်သည့် အစီအစဉ်များကို မူဝါဒနှင့်အညီတင်ပြ၍ အစိုးရရုပ်သံဌာနမှ PSB ကိုဖြစ်ပေါ်စေမည်ဖြစ်သည်။ ထို့အပြင် လမ်းပြမြေပုံသည် လုပ်ပိုင်ခွင့်အာဏာရှိသူများက ထိပ်ပိုင်းမှစီမံခန့်ခွဲမှု၊ ဘတ်ဂျက်ခွဲဝေခြင်းများပြုလုပ်ကာ အလွန်အမင်းထိန်းချုပ်မှုမှ ကာကွယ်နိုင်ရန် အတွက် သင့်လျော်သော ဥပဒေဆိုင်ရာစနစ်များကိုအခြေခံ၍ PSB ကိုဆောင်ရွက်နေသည်ဟူသည် ယူဆချက်ဖြင့် လမ်းပြမြေပုံကို ဆောင်ရွက်ထားခြင်းဖြစ်သည်။

## ၂။ PSB ၏သဘောတရား

### ၂.၁။ PSB ၏ရည်ရွယ်ချက်

PSB ၏ ရည်ရွယ်ချက် သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အား PSB တစ်ခုသို့ပြောင်းလဲရာ၌ ဥပဒေသို့မဟုတ် ပဋိညာဉ် စာတမ်းဖြင့် ရှင်းလင်းပြသနိုင်ရန်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ (ပြန်လည်ပြင်ဆင်ချက်)တွင် အများပြည်သူဝန်ဆောင်မှုရုပ်သံထုတ်လွှင့်ခြင်းအား "ပြည်သူ့ရုပ်သံ ထုတ်လွှင့်ခြင်းဝန်ဆောင်မှုကို ပြည်သူများအတွက် ဆောင်ရွက်ပေးပြီး ပြည်သူကပင် ဘဏ္ဍာငွေနှင့် ထိန်းချုပ်မှုကိုဆောင်ရွက်ပေးသည်" ဟု ဖော်ပြထားသည်။ ၎င်းသည် နိုင်ငံရေးဆိုင်ရာ ဝင်ရောက်စွက်ဖက်မှုနှင့် စီးပွားရေးဆိုင်ရာဖိအားပေးမှုများမှလည်း ကင်းရှင်းသည်။ *ပြည်သူ့ ရုပ်သံထုတ်လွှင့်ခြင်းဝန်ဆောင်မှုတစ်ခုမှတစ်ဆင့် နိုင်ငံသားများအားသတင်းအချက် အလက် ပေးခြင်း၊ ဗဟုသုတပေးခြင်းနှင့် ဖျော်ဖြေမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။*" ထို့အပြင် လမ်းပြမြေပုံသည် ပြောင်းလဲမည့်လမ်းကြောင်းတစ်ခု တည်ဆောက်နိုင်ရန်အလို့ငှာမြန်မာ့အသံနှင့် ရုပ်မြင်သံကြား အား PSB သို့ ကူးပြောင်းနိုင်ရေးအတွက် အခက်အခဲများကို ရှင်းလင်းစွာဖော်ပြ၍ ရည်ရွယ်ချက်တစ်ခု အကောင်အထည် ဖော်ရန်လိုအပ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ရောက်ရှိနိုင်မည့် ပြည်သူ့ဘဝသာယာဝပြောမှုအတွက် အရည်အသွေးကောင်းမွန်သော ရုပ်သံထုတ်လွှင့်ခြင်း၊ အစီအစဉ်ကောင်းများစွာရှိခြင်းတို့မှတစ်ဆင့် ပြည်တွင်းကို အခြေခံသည့် PSB သို့ပြောင်းလဲရန် ရည်ရွယ်ချက်အားထည့်သွင်းစဉ်းစား၍ ရုပ်သံထုတ်လွှင့်မှုကဏ္ဍကောင်းစွာဖွံ့ဖြိုးမှု ရရှိစေရန် အလို့ငှာ ပုဒ်မ ၂.၂ တွင် ပြဋ္ဌာန်းထားသကဲ့သို့ ဆောင်ရွက်ရန်တို့ကိုလည်း ထည့်သွင်းစဉ်းစားသည်။ ထို့ပြင် အဆိုပါရည်ရွယ်ချက်များသည် PSB ၏ နောက်တိုး ဝန်ဆောင်မှုများကို ဟန့်တားပိတ်ပင်ခြင်းမရှိစေရပါ။

### ၂.၂။ PSB လုပ်ငန်းများလည်ပတ်မှု

ယခင်အခန်းနှင့် အလားတူစွာပင် ဤလမ်းပြမြေပုံသည် PSB သို့ပြောင်းလဲရန်အတွက် လက်တွေ့ ဖြစ်နိုင်မည့်နည်းလမ်းတစ်ခုအား ဆန်းစစ်နိုင်ရန်အလို့ငှာ PSB လုပ်ငန်းများလည်ပတ်နိုင်ရန် လိုအပ်သည်။ ရုပ်သံထုတ်လွှင့်ခြင်း ဥပဒေ ၂၀၁၈ တွင် မျှော်မှန်းထားသည့်အတိုင်း PSB သည် ကျယ်ကျယ်ပြန့်ပြန့် ကွဲပြားစွာနှင့်လွတ်လပ်စွာဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးသော ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် တစ်နိုင်ငံလုံးတွင်ထုတ်လွှင့်ပေးမှုနှင့်အတူ လက်ရှိ ကြားခံများဖြစ်သည့် ရေဒီယို၊ TV နှင့် အင်တာနက်များကိုလည်း ဆောင်ရွက်ပေးသည်။ ထို့အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ရည်ရွယ်ထားသည့် ပရိတ်သတ်များစွာအတွက် ထည့်သွင်းစဉ်းစားလျက် အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိပြီး ပြည်သူတို့ဘဝသာယာဝပြောရေး အတွက် ဆောင်ရွက်ပေးရန် သီးသန့်နယ်ပယ်များကိုလည်း ဦးစားပေးဆောင်ရွက်ပေးသည်။ အထက်ပါအချက်များကို အခြေခံ၍ မျှော်လင့်ထားသော PSB ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအား အောက်ပါအတိုင်းဖော်ပြထားသည်။

၁။ TV ၊ ရေဒီယို နှင့် အင်တာနက် ကဲ့သို့သော မီဒီယာအမျိုးမျိုးမှတစ်ဆင့် ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း

၂။ ရုပ်သံထုတ်လွှင့်မှုတွင် မျှတမှု၊ မှန်ကန်မှုနှင့် ကိုယ်ပိုင်အုပ်ချုပ်မှုများကို အာမခံချက်ပေးခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများရှိလာစေခြင်း။

၃။ ကောက်ချက်ချနိုင်ရန် လုံလောက်သောသတင်းအချက်အလက်များပေးခြင်း

၄။ မှတ်မှတ်သားသား အရည်အသွေးကောင်းအစီအစဉ်များထုတ်လုပ်ခြင်း

၅။ တိုင်းရင်းသားလူမျိုးစု အမျိုးမျိုးတို့အတွက်ဝန်ဆောင်မှုပေးခြင်း

၆။ နိုင်ငံတော်အဆင့်သာမက ဒေသန္တရရုပ်သံထုတ်လွှင့်ခြင်းဝန်ဆောင်မှုများကိုပါ ဆောင်ရွက်ပေးခြင်း

၇။ ယေဘုယျကျသော အစီအစဉ်များကို အကောင်အထည်ဖော် စီမံဆောင်ရွက်ပေးခြင်း

၈။ အောက်ပါရုပ်သံထုတ်လွှင့်မှုနယ်ပယ် (၃)ခုကို ဦးစားပေးဆောင်ရွက်ပေးခြင်း။

(က) သဘာဝဘေးအန္တရယ်များအကြောင်းထုတ်လွှင့်ပေးခြင်း

(ခ) ပညာရေးဆိုင်ရာ အကြောင်းအရာများကို ထုတ်လွှင့်ပေးခြင်း

(ဂ) စိုက်ပျိုးရေးဆိုင်ရာအကြောင်းအရာများကို ထုတ်လွှင့်ပေးခြင်း

## ၂.၃။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အား PSB သို့ပြောင်းလဲရာတွင် အဓိကဖြေရှင်းရမည့် ပြဿနာများ

### ၂.၃.၁။ အစီအစဉ်များအား ကိုယ်ပိုင်ထုတ်လုပ်ခွင့်

(၁)။ **လက်ရှိအခြေအနေ**

ပရိတ်သတ်၏ဘဝမြင့်တင်နိုင်ရန်အလို့ငှာ အဆင့်မြင့်ရုပ်သံထုတ်လွှင့်သည့်ဌာနများ၏ အရေးပါသော အခန်းကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်ရာ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ယခင်ပုဒ်မတွင် ဖော်ပြထားသည့်အတိုင်း PSB လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုမျိုးကဲ့သို့သော ပရိတ်သတ်၏လိုအပ်ချက်များကိုအခြေခံသည့် အစီအစဉ်မျိုးစုံထုတ်လုပ်ပေးရန်နှင့် ပြည်သူတို့ဘဝသာယာဝပြောမှုကို မီးမောင်းထိုးပြနိုင်သည့် အချို့သောသီးသန့် နယ်ပယ်များကို ထုတ်လွှင့်ပေးရန်စဉ်းစားထားပါသည်။

ယေဘုယျအားဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ဇယား ၂.၃-၁ တွင်ဖော်ပြထားသည့်အတိုင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အပတ်စဉ် ရုပ်သံထုတ်လွှင့်မှုကြာချိန်စုစုပေါင်း၏ ၁၇ % ဖြစ်သည့် နာရီ(၂၀)စာ TV အစီအစဉ်များကို ကိုယ်ပိုင်ထုတ်လွှင့်ပေးသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းနေပြီး ၂၀၁၉ ခုနှစ်တွင် ကိုယ်ပိုင်ထုတ်လုပ်မှု အချိုးမှာ မြင့်တက်လာကာ ပရိသတ်များ၏လိုအပ်ချက်များကို ဖြည့်တင်းပေးခဲ့သည်။ မည်သို့ပင်ဖြစ်စေ သတင်းအစီအစဉ်ကို တိုက်ရိုက်ထုတ်လွှင့်ပေးလျှက်ရှိ ပြီး ၃၀% မှာကိုယ်တိုင်ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်သည်။ လူကြိုက်များသည့်အစီအစဉ်များကို ပြည်တွင်း၊ ပြည်ပမှဝယ်ယူပြသပြီး မကြာခဏပြသသည့် နိုင်ငံခြားအချစ်ဇာတ်လမ်းတွဲများ နှင့် မြန်မာရုပ်ရှင်များလည်းပါဝင်သည်။ ခန့်မှန်းခြေအားဖြင့် အစီအစဉ် စုစုပေါင်း၏ ၅၀% ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား က ကိုယ်တိုင်ထုတ်လုပ်သည်။ အခြားတစ်ဖက်၌လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ဝန်ထမ်းများစွာရှိပြီး ထုတ်လုပ်ရန်အတွက် အခွင့်အရေး အမျိုးမျိုးရှိသော်လည်း ၎င်းတို့၏ အတွေ့အကြုံနည်းပါးမှုနှင့် အရည်အချင်းမြင့်တင်ပေးနိုင်ရန် အခွင့်အရေးများမရရှိကြသည့်အတွက် ထုတ်လုပ်မှု အခွင့်အရေးများ ဆုံးရှုံးရသည်။

ဇယား ၂.၃-၁ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တွင် ထုတ်လုပ်မှုအမျိုးအစားအလိုက် အပတ်စဉ် TV အစီအစဉ်ထုတ်လွှင့်မှု နာရီပေါင်း

(ဖေဖော်ဝါရီ ၂၀၁၈)

| အမှတ်စဉ်. | | ထုတ်လုပ်မှု | ကြာချိန် များ | အစီအစဉ်ကြာချိန် ရာခိုင်နှုန်း | အစီအစဉ်များ၏ ဥပမာ များ |
|---|---|---|---|---|---|
| ၁ | ယေဘုယျအစီအစဉ်များ | ကိုယ်ပိုင် ထုတ်လုပ်မှု | ၂၀.၅ | ၁၇.၂ | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခရီးသွားအစီအစဉ် , Sunday Talk, အနုပညာသမိုင်းကြောင်းများ |
| ၂ | | ဝယ်ယူမှု | ၄၆.၀ | ၃၈.၇ | နိုင်ငံခြားအချစ်ဇာတ်လမ်းတွဲ၊ မြန်မာရုပ်ရှင်များ စားမယ်သွားမယ် |
| ၃ | | ပြင်ပမှရရှိမှု | - | - | - |
| ၄ | | အစီအစဉ်ပြန်လည်ထုတ်လုပ်မှု | ၁၅.၈ | ၁၃.၃ | N/A |

| အမှတ်စဉ်. | | ထုတ်လုပ်မှု | ကြာချိန် များ | အစီအစဉ်ကြာချိန် ရာခိုင်နှုန်း | အစီအစဉ်များ၏ ဥပမာ များ |
|---|---|---|---|---|---|
| ၅ | ကိုယ်ပိုင်သတင်းထုတ်လုပ်မှု | | ၃၆.၂ | ၃၀.၄ | နံနက်ခင်းသတင်း၊ ခေါင်းကြီးပိုင်းသတင်းများ၊ လူမှုစီးပွားရေးဆိုင်ရာသတင်းများ |
| ၆ | သတင်းပြန်လည်ထုတ်လုပ်မှု | | ၀.၅ | ၀.၄ | N/A |
| စုစုပေါင်း | | | ၁၁၉.၀ | ၁၀၀.၀ | |

အရင်းအမြစ်- အစီအစဉ်ထုတ်လုပ်မှုတွင် အခက်အခဲများကိုတင်ပြခြင်းအား ဆန်းစစ်လေ့လာချက်

အလားတူပင် ရေဒီယိုအသံလွှင့်အစီအစဉ်များအား ကိုယ်ပိုင်ထုတ်လုပ်ထားသည့်အခြေအနေများကို ဇယား ၂.၃-၂ တွင်ပြသထားပြီး TV အစီအစဉ်ကိုယ်ပိုင်ထုတ်လုပ်မှု ၁၇% ထက် မြင့်မားကာ ၃၀% ရှိသည်။ သို့သော် ဤ ၃၀% တွင် " ထူးခြားဆန်းပြား အာဆီယံနိုင်ငံများ" အစီအစဉ်ကဲ့သို့သော အစီအစဉ်များပါဝင်ပြီး ၎င်းကို အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အစိုးရရုပ်သံလွှင့်ဌာနသို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုရုပ်သံလွှင့်ဌာနများနှင့် အစီအစဉ်များဖလှယ်ရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု စာချုပ်အရ ပေးပို့ထားခြင်းဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား က မြန်မာဘာသာပြန်ဆို၍သာ ထုတ်လွှင့်သည်။

ရုပ်မြင်သံကြားအစီအစဉ်နှင့်နှိုင်းယှဉ်လျှင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကထုတ်လုပ်သည့် ရေဒီယိုအသံလွှင့်ဇာတ်လမ်း များသည် အရည်အသွေးပိုမိုမြင့်မားပြီး ရေဒီယိုအသံလွှင့်ဌာနခွဲမှဝန်ထမ်းများသည် ရုပ်မြင်သံကြားဌာနခွဲမှ ဝန်ထမ်းများထက် အစီအစဉ်ထုတ်လုပ်ရန် အခွင့်အရေးပိုမိုရရှိကြသည်။ ၎င်းတို့၏ စွမ်းရည်များ၊ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများသည် ရုပ်မြင်သံကြားဌာနခွဲမှ ဝန်ထမ်းများထက် သာ၍ များပြားသည်။

**ဇယား ၂.၃-၂ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထုတ်လုပ်မှုအမျိုးအစားတစ်ခုလျှင် အပတ်စဉ်ရေဒီယိုအစီအစဉ်ထုတ်လုပ်မှုကြာချိန်များ**

**(ဖေဖော်ဝါရီလ၊ ၂၀၁၈ခုနှစ်)**

| အမှတ်စဉ် | | ထုတ်လုပ်မှု | ကြာချိန်များ | အစီအစဉ်ကြာချိန်များ၏ % | အစီအစဉ်များ၏ဥပမာများ |
|---|---|---|---|---|---|
| ၁ | ယေဘုယျထုတ်လုပ်မှုအစီအစဉ် | ကိုယ်ပိုင်ထုတ်လုပ်မှု | ၃၇.၉ | ၃၀.၁ | ချက်ပြုတ်ခြင်းများ၊ SMS သီချင်းများ၊ ထူးခြားဆန်းပြား အာဆီယံတစ်လွှား၊ အချစ်ဇာတ်လမ်းများ |
| ၂ | | ဝယ်ယူထားမှု | ၇.၉ | ၆.၃ | လေ့ကျင့်ခန်းအစီအစဉ်၊ BRACED Project (BBC) |
| ၃ | | ပြင်ပအရင်းအမြစ်မှရရှိမှု | ၃.၈ | ၃.၁ | နက္ခတ် ဗေဒင်၊ စိုက်ပျိုးရေး |
| ၄ | | ထပ်မံထုတ်လုပ်သည့်အစီအစဉ်များ | ၁၆.၈ | ၁၃.၃ | N/A |
| ၅ | ကိုယ်ပိုင်ထုတ်လုပ်သည့်သတင်းများ | | ၅၈.၃ | ၄၆.၂ | လွှတ်တော်သတင်းများ၊ လက်ရှိဖြစ်ပေါ်လျှက်ရှိသော သတင်းများ |

| အမှတ်စဉ် | | ထုတ်လုပ်မှု | ကြာချိန်များ | အစီအစဉ်ကြာချိန်များ၏ % | အစီအစဉ်များ၏ဥပမာများ |
|---|---|---|---|---|---|
| ၆ | သတင်း (ထပ်မံထုတ်လုပ်မှု) | | ၁.၃ | ၁.၀ | N/A |
| စုစုပေါင်း | | | ၁၂၆.၀ | ၁၀၀.၀ | |

အရင်းအမြစ်များ- အစီအစဉ်ထုတ်လုပ်ရာတွင် အခက်အခဲများအပေါ်တင်ပြချက်များအား လေ့လာဆန်းစစ်ချက်

(၂)။ လျာထားချက် တန်ဖိုးသတ်မှတ်ခြင်း

- ယေဘုယျအစီအစဉ်များကို စီမံခန့်ခွဲခြင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တွင် ကိုယ်ပိုင်ထုတ်လုပ်မှုနှုန်းများကိုမြှင့်တင်ရန် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်တို အတွင်း ဆောင်ရွက်၍မရနိုင်ပေ။ သို့သော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပရိတ်သတ်များအား နောင်ဆယ်နှစ်အတွင်း ပြည်တွင်းဖြစ်အစီအစဉ်များကို ကြည့်ရှုခံစားခွင့်အမြင့်မားဆုံးရရှိစေရန် ရေဒီယိုနှင့် TV နှစ်ခုစလုံး တွင် ကိုယ်ပိုင်ထုတ်လုပ်မှုအချိုးအစားကို ၉၀ ရာခိုင်နှုန်းအထိ ဦးတည်ချက်ထား၍ ကြိုးပမ်းလျှက်ရှိသည်။ ဤလမ်းပြမြေပုံသည် နှစ်အနည်းငယ်ကြာအတွင်း အစိုးရရုပ်သံလွှင့်ဌာနမှ PSB သို့ ပြောင်းလဲရန် နည်းလမ်းကိုဖော်ပြထားသော်လည်း ကိုယ်ပိုင်ထုတ်လုပ်မှုနှုန်း အတွက်သာမက PSB စတင်ဆောင်ရွက်အပြီး လည်ပတ်ဆောင်ရွက်ရန် သင့်လျော်သည့် ပုံစံတစ်ခုအား ထိမ်းသိမ်းထားရန် ဖော်ပြထားသည့် အခြားအရင်းအမြစ်များအတွက်ပါ လျာထားတန်ဖိုးများကို ဖော်ပြထားခြင်း ဖြစ်သည်။

နောင်တွင်ဆောင်ရွက်မည့်အစီအစဉ်များတွက် ဖွဲ့စည်းထူထောင်ခြင်းနှင့် ဖွဲ့စည်းပုံ၊ ရုပ်သံ ထုတ်လွှင့်မှုစနစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များကို ပြဋ္ဌာန်းခြင်းနှင့် စက်ပစ္စည်းများ/ ဘဏ္ဍာရေး အရင်းအမြစ်များကို ဆန်းစစ်မှုတစ်ရပ်ပြုလုပ်ရမည်ဖြစ်သည်။ ထို့ကြောင့် MRTV Next Project (ဤပရောဂျက်သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှစီမံဆောင်ရွက်နေသော နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ ထဲမှတစ်ခုဖြစ်ပြီး ပရောဂျက်၏အမည်မှာလည်း MRTV သည် PSB တစ်ခုအနေဖြင့် ပိုမိုတောက်ပသောအနာဂတ်သို့ လျှောက်လှမ်းမည်ဟု အဓိပ္ပါယ်ရသည်။) သည် ထုတ်လွှင့်မှုကြာချိန်မှ သတင်းအစီအစဉ်ကို ၅၀% လိုအပ်ပြီး ယဉ်ကျေးမှု/ ပညာရေးနှင့် ဖျော်ဖြေရေးအစီအစဉ်များအတွက် ၂၅% ကို လိုအပ်မည့် အစီအစဉ် ဆောင်ရွက်ခြင်း ယူဆချက်တစ်ခုအား ပြင်ဆင်ထားခြင်းဖြစ်သည်။ ကြားရက်များနှင့် စနေ၊တနင်္ဂနွေ နေ့များအတွက် စီစဉ်ထားသည့် အစီအစဉ်အချိန်ဇယားများ ကို ပုံ ၂.၃-၁၊ ပုံ ၂.၃-၂၊ ၂.၃-၃ နှင့် ပုံ ၂.၃-၄ တို့တွင်ဖော်ပြထားပြီး အစီအစဉ်ဇယားများအပေါ်အခြေခံ၍ အောက်ပါဖော်ပြချက်များအား ဆောင်ရွက်ထားခြင်းဖြစ်သည်။




ပုံ ၂.၃-၁ ခန့်မှန်း စနေ၊တနင်္ဂနွေမှအပကြားရက်များတွင် ထုတ်လွှင့်သော TV အစီအစဉ် အချိန်ဇယားများ




ပုံ ၂.၃-၂ ခန့်မှန်း စနေ၊တနင်္ဂနွေ နေ့ များတွင် ထုတ်လွှင့်သော  TV အစီအစဉ် အချိန်ဇယားများ




ပုံ ၂.၃-၃ ခန့်မှန်း စနေ၊တနင်္ဂနွေမှအပကြားရက်များတွင် ထုတ်လွှင့်သော ရေဒီယို အစီအစဉ် အချိန်ဇယားများ




ပုံ ၂.၃-၄ ခန့်မှန်း စနေ၊တနင်္ဂနွေ နေ့ များတွင် ထုတ်လွှင့်သော ရေဒီယို အစီအစဉ် အချိန်ဇယားများ

- သတင်းအစီအစဉ်များပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း။

စနေ၊တနင်္ဂနွေ နှင့် ကြားရက်များတွင်ထုတ်လွှင့်ရန်မျှော်မှန်းထားသော TV အစီအစဉ် လိုအပ်ချက် ပြည့်မီစေရန် ဇယား ၂.၃-၃ တွင်ပြသထားသည့်အတိုင်း သတင်းအစီအစဉ်များကို နေ့စဉ် နံနက်(၇) နာရီမှ ည (၈) နာရီအတွင်း နာရီတိုင်းတွင်ထုတ်လွှင့်ပေးရန်လိုအပ်သည်။ ထို့ကြောင့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် လက်ရှိ ရေအတွက်ထက် နှစ်ဆဖြစ်သော တစ်ရက်လျှင် သတင်းအစီအစဉ် (၁၄)ခု ထုတ်လွှင့် ရမည်ဖြစ်သည်။ ထို့အပြင် သတင်းများကို ရုပ်သံဖြင့်တွဲ၍တင်ဆက်ခြင်းက TV သတင်းတင်ဆက်မှု၏ အနှစ်သာရဖြစ်ပြီး အထောက်အထားပိုမိုခိုင်လုံသဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ရုပ်သံနှင့်တွဲ၍ပြသနိုင်သည့် သတင်းအရေအတွက် များပြားလာစေရန်စီစဉ်ထားသည်။ အခြားတစ်ဖက်၌လည်း လွှင့်ပြီးသည့် သတင်းများကို အစီအစဉ်ဇယားသစ်အပေါ်အခြေခံ၍ မွမ်းမံပြင်ဆင်ထုတ်လွှင့်ရန် လုံလောက်သော အချိန်မရှိသောကြောင့် တစ်ရက်လျှင်သတင်းပုဒ်ရေ (၄၀)အား ထပ်ကာထပ်ကာ ထုတ်လွှင့်ခြင်းကို လက်ခံရမည် ဖြစ်သည်။ ထို့ပြင် သတင်းများကို နာရီတိုင်း ထုတ်လွှင့်ပေးခြင်းဖြင့် ပရိတ်သတ်များ၏ သတင်းကြည့်ရှုသည့်အလေ့အထကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ **ပြည်သူများသည်** Facebook ကဲ့သို့သော ပလက်ဖောင်းများမှ သတင်းအချက်အလက်များကို ရယူနေကြရာ အချက်အလက်အချို့မှာ တိကျမှုမရှိနိုင်ပေ။ထို့ကြောင့် နာရီတိုင်းသတင်းထုတ်လွှင့်ပေးရန်မှာ ပရိသတ်များအတွက် မုချလိုအပ်သည်။

ဇယား ၂.၃-၃ TV သတင်းတင်ပြမှုအရေအတွက်

| အမှတ်စဉ် | သတင်းအစီအစဉ် | ကြာချိန် (မိနစ်.) | လက်ရှိပျမ်းမျှအရေအတွက် | | | စီစဉ်ထားသောပျမ်းမျှအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | သတင်းတင်ပြမှု | ဗီဒီယိုမပါ | ပြန်လွှင့် | သတင်းတင်ပြမှု | ဗီဒီယို | ပြန်လွှင့် |
| ၁. | နံနက်ခင်းသတင်း (နံနက် ၇နာရီ) | ၃၀ | ၂၀ | ၈ | ၀ | ၂၀ | ၀ | ၆ |
| ၂. | နံနက် ၈နာရီသတင်း | ၁၅ | ၄ | ၀ | ၄ | ၅ | ၀ | ၅ |
| ၃. | နံနက် ၉နာရီသတင်း | ၅ | - | - | - | ၄ | ၀ | ၂ |
| ၄. | နံနက်၁၀နာရီသတင်း | ၃၀ | - | - | - | ၅ | ၀ | ၀ |
| ၅. | နံနက် ၁၁နာရီသတင်း | ၅ | - | - | - | ၅ | ၀ | ၂ |
| ၆. | နေ့လည် ၁၂နာရီ သတင်း | ၁၅ | ၅ | ၃ | ၀ | ၅ | ၀ | ၀ |
| ၇. | နေ့လည် ၁နာရီသတင်း | ၅ | - | - | - | ၄ | ၀ | ၂ |
| ၈. | နေ့လည် ၂နာရီသတင်း | ၅ | - | - | - | ၄ | ၀ | ၂ |
| ၉. | နေ့လည် ၃နာရီသတင်း | ၅ | - | - | - | ၄ | ၀ | ၂ |
| ၁၀. | ညနေ ၄နာရီသတင်း | ၁၅ | ၅ | ၃ | ၀ | ၈ | ၀ | ၂ |
| ၁၁. | ညနေ ၅နာရီသတင်း | ၅ | - | - | - | ၄ | ၀ | ၂ |
| ၁၂. | ညနေ ၆နာရီသတင်း | ၃၀ | ၅ | ၀ | ၀ | ၁၀ | ၀ | ၅ |
| ၁၃. | ညနေ ၇ နာရီသတင်း | ၁၅ | ၄ | ၀ | ၀ | ၅ | ၀ | ၅ |
| ၁၄. | ည ၈နာရီသတင်း | ၃၀ | ၁၀ | ၀ | ၀ | ၁၅ | ၀ | ၅ |
| သတင်းတင်ပြမှုသတင်းတင်ပြမှုအရေအတွက်စုစုပေါင်း | | | ၅၃ | ၁၄ | ၄ | ၉၈ | ၀ | ၄၀ |
| သတင်းရရှိမှုအရေအတွက်စုစုပေါင်း | | | ၃၅ | | | ၅၈ | | |

မှတ်ချက်- အနီဖြင့်ရိုက်ထားသော သတင်းအစီအစဉ်များသည် ထပ်ဖြည့်ထားသည့် အစီအစဉ်သစ်ကို ရည်ညွှန်းပါသည်။

အရင်းအမြစ်- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မှ သတင်းအချက်အလက်များကို အခြေခံ၍ JET မှ ရေးဆွဲထားခြင်းဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ရေဒီယိုသတင်းများနည်းတူ နေ့စဉ်သတင်းအစီအစဉ်(၈) ကြိမ်ထုတ်လွှင့်ပေးလျှက်ရှိပြီး တစ်ကြိမ်ထပ်မံတိုး၍ထုတ်လွှင့်ရန်နှင့် ထပ်ကာထပ်ကာထုတ်လွှင့်ခြင်းမပြုရအောင် သတင်းပုဒ်ရေ စုစုပေါင်း ၅၆ ခု အထိရိုက်ကူးပြသရန် ရည်ရွယ်ထားသည်။ လက်ရှိတွင် သတင်းထုတ်လွှင့်မှု ၆ ကြိမ်တွင် သတင်းမျိုးစုံကိုတင်ပြပေးကာ နေ့လည် (၁၂) နာရီနှင့် ညနေ(၃)နာရီတို့တွင် လွှတ်တော် ရေးရာများကို တစ်ကြိမ်လျှင် သတင်းနှစ်ပုဒ်နှုန်းဖြင့် ၈ မိနစ်ကြာ ပြသမည်ဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် နေ့လည် ၁၂နာရီနှင့် ညနေ ၃ နာရီ အချိန်များတွင် သတင်းပုဒ်ရေတိုး၍ထုတ်လွှင့်ပေးရန် ရည်ရွယ်ထားသည့်အပြင် ည ၇နာရီသတင်းတွင် တစ်ကြိမ်တိုး၍ထုတ်လွှင့်ရန်စဉ်းစားလျှက်ရှိ၍ ၁၀ ကြိမ်တွင် ၂ကြိမ်မှာ အဟောင်းပြန်ကျော့၍ထုတ်လွှင့်ပေးခြင်းဖြစ်မည်။ ရေဒီယိုသတင်းထုတ်လွှင့် တင်ပြမှုများကိုလည်း TV နှင့်အတူ ထုတ်လွှင့်ပေးရန်စဉ်းစားလျှက်ရှိပြီး အစီအစဉ် ၃.၁ တွင် ဖော်ပြထားကဲ့သို့ သတင်းတစ်ပုဒ်တည်းအတွက် သတင်းထောက်များအားတာဝန်ချထားပေးမှု ထပ်နေခြင်းအား လျှော့ချသွားရန် လည်းစဉ်းစားထားသည်။

ဇယား ၂.၃-၄ အစီအစဉ်တစ်ခုတွင် ရေဒီယိုသတင်းတင်ပြမှုအရေအတွက်

| **အမှတ်စဉ်.** | **သတင်းအစီအစဉ်** | **ကြာချိန် (မိနစ်)** | **လက်ရှိပျမ်းမျှအရေအတွက်** | | | **စီစဉ်ထားသော ပျမ်းမျှ အရေအတွက်** | | |
|---|---|---|---|---|---|---|---|---|
| | | | သတင်းတင်ပြမှု | ထပ်မံတင်ပြမှု | ပြင်ပမှတ်တမ်းများနှင့် | သတင်းတင်ပြမှု | ထပ်မံတင်ပြမှု | ပြင်ပမှတ်တမ်းများနှင့် |
| ၁. | နံနက် (၈)နာရီသတင်း | ၁၀ | ၇ | ၃ | ၀ | ၁၀ | ၄ | ၀ |
| ၂. | နံနက် (၁၁)နာရီသတင်း | ၁၁ | ၉ | ၃ | ၁ | ၉ | ၃ | ၁ |
| ၃. | နေ့လည်(၁၂)နာရီသတင်း | ၁၅ | ၂ | ၀ | ၀ | ၁၀ | ၅ | ၄ |
| ၄. | နေ့လည်(၁)နာရီသတင်း | ၁၃ | ၇ | ၂ | ၀ | ၇ | ၀ | ၂ |
| ၅. | နေ့လည်(၃)နာရီသတင်း | ၁၅ | ၂ | ၀ | ၀ | ၁၀ | ၅ | ၄ |
| ၆. | ညနေ (၄)နာရီခွဲသတင်း | ၆ | ၆ | ၀ | ၃ | ၆ | ၀ | ၃ |
| ၇. | ညနေ (၆)နာရီသတင်း | ၁၀ | ၆ | ၁ | ၅ | ၈ | ၃ | ၅ |
| ၈. | ည ၇နာရီသတင်း | ၁၅ | - | - | - | ၁၀ | ၂ | ၄ |
| ၉. | ည ၈နာရီသတင်း | ၂၀ | ၉ | ၁ | ၀ | ၁၀ | ၂ | ၃ |
| **စုစုပေါင်းသတင်းတင်ပြမှုအရေအတွက်** | | | ၄၈ | ၁၀ | ၉ | ၈၀ | ၂၄ | ၂၆ |
| **စုစုပေါင်းသတင်းအစီအစဉ်အရေအတွက်** | | | ၃၈ | | | ၅၆ | | |

မှတ်ချက် အနီဖြင့် ရိုက်ထားသော သတင်းအစီအစီများသည်အသစ်ထပ်ထည့်ထားသော အစီအစဉ်များဖြစ်သည်။

အရင်းအမြစ်- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မှ သတင်းအချက်အလက်များအပေါ် အခြေခံ၍ JET မှ ရေးဆွဲထားခြင်းဖြစ်သည်။

(၃) အစီအစဉ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေး။

ပြည်ပမှအစီအစဉ်များဝယ်ယူခြင်းထက် ထုပ်လုပ်မှုအမျိုးမျိုးမှအတွေ့အကြုံရရှိစေခြင်းဖြင့်ဝန်ထမ်းများ၏ အရည်အချင်းနှင့်ှ်ကျွမ်းကျင်မှု ပိုမိုတိုးတက်လာကာ တစ်ဖြည်းဖြည်းနှင့် အရည်အသွေးမြင့်အစီအစဉ်များကို ထုတ်လုပ်လာနိုင်ရန် မျှော်လင့်ထားသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ပြည်တွင်းအခြေအနေကိုအလေးပေးသော PSB တစ်ခု အနေဖြင့် ပရိတ်သတ်များ၏လိုအပ်ချက်အပေါ်အခြေခံ၍ အစီအစဉ်အမျိုးမျိုး ကိုမြင့် တင်ပေးရန်လိုအပ်သော ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ၊ ထုတ်လုပ်မှုဆိုင်ရာပစ္စည်းကိရိယာများနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည်။ ဤဆက်စပ်မှုကို ပုံ၂.၃-၅ တွင်ဖော်ပြထားသည်။ နယ်ပယ်တစ်ခုချင်းစီ၏ အခက်အခဲများကို အောက်ဖော်ပြပါအကြောင်းအရာများတွင်ဖော်ပြထားသည်။




အစီအစဉ်မြှင့်တင်မှု ------------ အရည်အချင်းနှင့်ကျွမ်းကျင်မှုးမြှင့်တင်ခြင်း

- အစီအစဉ်မျိုးစုံ
- အစီအစဉ်များ၏အရည်အသွေး

- အစီအစဉ်လမ်းညွှန်မှု
-နည်းပညာဆိုင်ရာလည်ပတ်ဆောင်ရွက်မှု

အရင်းအမြစ်မြှင့်တင်ခြင်း

လူ့စွမ်းအားအရင်းအမြစ်---------------ထုပ်လုပ်မှုပစ္စည်းများအရင်းအမြစ်-----ဘဏ္ဍာငွေအရင်းအမြစ်

ပုံ၂.၃-၅ - အစီအစဉ်ထုတ်လုပ်မှုတွင် ဆက်စပ်မှုများကို မြှင့်တင်ခြင်း

၂.၃.၂ အရည်အချင်းနှင့်ကျွမ်းကျင်မှု မြှင့်တင်ခြင်း

MRTV Next Project၊ လေ့လာဆန်းစစ်မှုအစီရင်ခံစာများ၏ အစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်မှုနှင့်နည်းပညာဖြင့်ထုတ်လုပ်မှုအခန်းတွင် ထုတ်လုပ်သည့်အစီအစဉ်များ၏ အရည်အချင်းနှင့်ကျွမ်းကျင်မှုများ မပြည့်မီသည့် အခက်အခဲများကို အသိအမှတ်ပြုထားသည်။ အစီအစဉ် ရေးဆွဲခြင်း လမ်းညွှန်နှင့်ပတ်သက်သည့်အခက်အခဲများနှင့်စပ်လျဉ်း၍ ထုတ်လုပ်မှုနှင့်သတင်းတင်ပြခြင်းတွင် အစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်မှုကိုတာဝန်ယူရသော ထုတ်လုပ်သူများနှင့် သတင်းထောက်များ နှင့်သာအဓိကသက်ဆိုင်သည်။ ထုတ်လုပ်သူများနှင့် သတင်းထောက်များသည် အစီအစဉ်ရေးဆွဲခြင်း နှင့် သတင်းရေးသားခြင်းတို့အား သုတေသနပြုလုပ်ရာတွင် လုံလောက်သောအတွေ့အကြုံမရှိကြဘဲ အစီအစဉ်များ/သတင်းတင်ပြမှုများအတွက် အတွေးအခေါ် အယူအဆများအား ၎င်းတို့၏ အထက်လူကြီးများနှင့်သက်ဆိုင်ရာအာဏာရှိသူတို့၏ အကြံပြုချက်များဖြင့်သာ ဆောင်ရွက်ကြ ရသောကြောင့်ဖြစ်သည်။ ထို့အပြင် အစီအစဉ်ရေးဆွဲခြင်းနှင့် သုတေသနဆောင်ရွက်မှုစွမ်းရည်ရှိသူများသည် အစိုးရ၏ယူဆချက်များကို အထိခိုက်မခံနိုင်သောအကြောင်းအရာများအား အတည်ပြုခြင်းမရှိဘဲဖတ်ရှုခြင်း ထိုကဲ့သို့သောအကြောင်းအရာများကိုတင်ပြခြင်း ပြုလုပ်မည် မဟုတ်ပေ။ ထို့အပြင်ဝန်ကြီးဌာနများသည် သတင်းများတွင်ထည့်သွင်းဖော်ပြပေးရန် သတင်း အကြောင်းအရာများကို စာဖြင့်ရေးသားပေးသဖြင့် သတင်းထောက်များသည် ယေဘုယျအားဖြင့် ထိုစာတွင်ပါဝင်သောစကားစုများကိုသာ သတင်းများ၌ ရေးသားဖော်ပြကြသည်။ ထို့ကြောင့် သတင်းထောက်များသည် တတိယအဖွဲ့အစည်းများ၏ အချက်အလက်များအားစိစစ်ဆေး ခြင်းမပြုလုပ်ကြခြင်းမှာ ၎င်းတို့၏အရေးပါမှုကိုသတိမပြုမိသောကြောင့်ဖြစ်သည်။ သတင်းထောက်များအနေဖြင့်လည်း ၎င်းတို့မည်သူနှင့်ဆက်သွယ်သင့်သည်ကို မသိရှိကြပါ။

အခြားတစ်ဖက်တွင်လည်း ဝန်ထမ်းများအကြားအရည်အချင်းနှင့်ကျွမ်းကျင်မှုအားနည်းခြင်းအား အသိအမှတ်ပြုထားသောကြောင့် အစီအစဉ်ထုတ်လုပ်မှုနည်းပညာများအား မြှင့်တင်ပေးရန် လိုအပ်သည်။ ယေဘုယျအားဖြင့် ဝန်ထမ်းများသည် အစီအစဉ်များ

ထုတ်လုပ်ရမည်ကို နှစ်ခြိုက်မှုမရှိကြပါ။ သို့ဖြစ်ရာ ဤသို့သောအခက်အခဲများကြုံတွေ့ရခြင်းမှာ အတွေ့အကြုံနည်းပါးခြင်း တစ်ခုတည်းကြောင့်သာမကဘဲ အစီအစဉ်များတွင်ပါဝင်သော နယ်ပယ်များ၌ ဗဟုသုတလုံလောက်စွာမရှိခြင်း တွေးခေါ်ကြံဆမှု မရှိခြင်းတို့ကြောင့်လည်း ဖြစ်ရပါသည်။ ထို့အပြင် စက်မှုဌာနခွဲတွင် စတူဒီယိုတွင်းထုတ်လုပ်ရေးတာဝန်ကျသောဝန်ထမ်းများသည် လုပ်ငန်းဆောင်ရွက်စဉ်အမှားများကိုရှောင်ရှားနိုင်ရန် စက်ပစ္စည်းများအား မူလထားရှိသည့်အနေအထား အတိုင်းသာထားရှိရပြီး ပြောင်းလဲတပ်ဆင်ရန်ခွင့်ချက်မရှိပါ။ ထို့ကြောင့် မူလအတိုင်း ပုံသေတပ်ဆင်ထားခြင်းကဲ့သို့သောကန့်သတ်ချက်များသည် အစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်တွင် ဖန်တီးမှု သို့မဟုတ် တီထွင်မှုအားခွင့်မပြုခဲ့ပေ။ အင်ဂျင်နီယာတိုင်းသည် အသုံးပြုပြီးနောက် မူလဆက်တင်များအတိုင်း မည်သို့ပြန်လည်တပ်ဆင်ရမည်ကို နားလည်ထားသင့်ပြီး အမှားကို လျှော့ချရန်ထက် လူသားမှပြုလုပ်သည့်အမှားများအားကာကွယ်ရန် နည်းလမ်းမရှိပေ။ အရေးအကြီး ဆုံးအချက်မှာ ဆက်တင်များအသုံးပြုပြီးပါက မူလအတိုင်းမည်သို့ပြန်လည် တပ်ဆင်ရမည်ကို သင်တန်းများ ပေးရန်လိုအပ်သည်။ သို့မဟုတ်ပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် အစီအစဉ်များပေါ်များစွာ ထုတ်လုပ်ရန်အတွက် အနာဂတ်ကိုမြှင့်တင်ပေးမည့် လုပ်ငန်းများအား တခါးပိတ်သွားမည်ဖြစ်သည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် အစီအစဉ်ထုတ်လုပ်မှုအရေအတွက်ကိုမြှင့်တင်နိုင်ရန်အလို့ငှာ ထုတ်လုပ်ခြင်း၌ကျွမ်းကျင်မှုနှင့် ဗဟုသုတများစွာရှိသောဝန်ထမ်းများ အပေါ်တွင် သာအာရုံစိုက် နိုင်သည်။

ထုတ်လုပ်မှုတွင် အဓိကအခက်အခဲများကို အောက်ပါဇယား ၂.၃-၅ တွင် လိုအပ်သော ဆောင်ရွက်ချက်များနှင့်အတူ ဖော်ပြထားပြသည်။ အကယ်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၌ ကိုယ်တိုင်ထုတ်လုပ်ရန် ကုန်ကျစရိတ်ကိုများရှိပြီး အနာဂတ်ထုတ်လုပ်မှုများအတွက် လိုအပ်သည်များကို ဆောင်ရွက်ထား ပါက ဝန်ထမ်းများ၏အရည်အချင်းနှင့် ကျွမ်းကျင်မှုများတိုးတက်လာစေမည်ဟု မျှော်လင့်ရပါသည်။ နယ်ပယ်အသီးသီး၊ အခန်းကဏ္ဍအသီးသီးအတွက် အထူးကျွမ်းကျင်သူများမွေးထုတ်ပေးခြင်းဖြင့် ၎င်းတို့ကကျန်ဝန်ထမ်းများကိုပါ တိုးတက်မှုအောင်အထောက်အကူဖြစ်စေနိုင်သည်ကို မှတ်သားဖွယ် တွေ့ရသည်။ ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ဝန်ထမ်းများအား သီးသန့်နယ်ပယ်တစ်ခုတွင် အထူးကျွမ်းကျင်မှုရှိလာသည်အထိ အာရုံစိုက်ဆောင်ရွက်ရန် တာဝန်တင်ပြသင့်ပါသည်။

ဇယား ၂.၃-၅ ထုတ်လုပ်ရေးတွင် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုအားဆန်းစစ်ခြင်း

| အမှတ်စဉ် | နယ်ပယ် | ဆောင်ရွက်မည့်ပုဂ္ဂိုလ် | -- အပေါ်တွင် အဓိက အခက်အခဲများ | လိုအပ်သည့် လုပ်ဆောင်ချက် |
|---|---|---|---|---|
| ၁. | အစီအစဉ်ရေးဆွဲခြင်း လမ်းညွှန် /သတင်းတင်ပြမှု ပြုလုပ်ခြင်း | - သတင်းထောက်၊ အယ်ဒီတာ၊<br>- ထုတ်လုပ်ရေးမှူး | - အစီအစဉ်ရေးဆွဲခြင်းနှင့် အစီအစဉ်များအားသုတေသန ပြုလုပ်ခြင်း<br>- ခိုင်လုံသော သက်သေ အထောက်အထား နှင့် သတင်းအချက်အလက် များအားအရင်းအမြစ်မျိုးစုံ မှ ရ ရှိရန် ဒီဇိုင်းရေးဆွဲခြင်း | - တွေးခေါ်မှုစွမ်းရည်အတွက် အခွင့်အရေးပိုမိုပေးခြင်း<br>- အဖွဲ့အစည်းအမျိုးမျိုးမှ ထုတ် လုပ်သော အစီအစဉ်အမျိုးမျိုးကို ပိုမိုကြည့်ရှုရန်<br>- လုပ်ဖော်ကိုင်ဖက်များ၏ဝေဖန်မှုများ ကို ကြားနိုင်ရန်အတွက် ကြိုတင်ကြည့်ရှုစစ်ဆေးမှုများကို ပြုလုပ်ခြင်း.<br>- အခြေခံဗဟုသုတများရရှိရန်အတွက် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများကိုမြှင့်တင်ပေးရန်. |
| 2. | ထုတ်လုပ်မှုမတိုင်မီ (ပြင်ပရိုက်ကူးခြင်း) | - သတင်းထောက်<br>- ထုတ်လုပ်ရေးမှူး<br>- ကင်မရာရိုက်ကူးသူ<br>- အသံဖမ်းအင်ဂျင် နီယာ | - ရိုက်ကူးရေးဝန်ထမ်းများ အကြားရိုက်ကူးမည့်အ ကြောင်းအရာနှင့်ပတ်သက် သည့် အသိပညာ<br>- ရိုက်ချက်များဖွဲ့စည်းပုံဖော်မှု၊ ကင်မရာရိုက်ကူးရန်ရှုထောင့်၊ လုပ်ငန်းများ<br>- အဓိပ္ပါယ်မရှိသော ရိုက်ချက်များ<br>- သဘာဝအသံများဖမ်းယူထားမှု မရှိခြင်း | - မရိုက်ကူးမီ ရိုက်ညွှန်းများကို ကြိုတင်ပေးထားရန်။<br>- သတင်းထောက်များ၊ထုတ်လုပ်သူများသာမက ကင်မရာမင်းများအကြား အရှိန်အဟုန်မြှင့်ကြည့်ရန်<br>- Zoom Servo demand နှင့်သင့်လျော်သော fluid head tripod ကဲ့သို့သော ကင်မရာဆက်စပ်ပစ္စည်းများတပ်ဆင်ရန်။<br>- ရိုက်ကူးမည့် အသံဖမ်းအင်ဂျင်နီယာကို shotgun နှင့် အခြား Microphone အမျိုးအစားများနှင့် တပ်ဆင်၍ တာဝန်ပေးထားရန်။ |

| အမှတ်စဉ် | နယ်ပယ် | ဆောင်ရွက်မည့်ပဂ္ဂိုလ် | -- အပေါ်တွင် အဓိက အခက်အခဲများ | လိုအပ်သည့် လုပ်ဆောင်ချက် |
|---|---|---|---|---|
| 3. | ထုပ်လုပ်မှုမတိုင်မီ (စတူရီယိုအတွင်း ရိုက်ကူးခြင်း ) | - ထုတ်လုပ်ရေးမှူး<br>- ကင်မရာမင်း<br>- အသံဖမ်းအင်ဂျင်နီယာ<br>- အလင်းအမှောင်အင်ဂျင်နီယာ | - ကင်မရာရိုက်ကူးမှုပုံစံ<br>- ကြိုးမဲ့မိုက်ကရိုဖုန်း<br>- မီးအလင်းအမှောင် | - မျှော်လင့်ထားသည့်ကင်မရာအလုပ်နှင့်အတူဇာတ်ညွှန်းတစ်ခုပြင်ဆင်ရန် .<br>- ပြန်လည်ရရှိလာသည့် ဗီဒီယိုနှင့် အလင်းအမှောင်များကို စနစ်တကျ တပ်ဆင်အသုံးပြုရန်။<br>- သင့်လျော်သည့် ကြိမ်နှုန်းလိုင်းများရှိသောကြိုးမဲ့ မိုက်ကရိုဖုန်းများ လုံလောက်စွာရရှိရန်။<br>- အစီအစဉ်ရေးဆွဲထားသည့်လမ်းညွှန်ချက်မှ လိုအပ်သော သရုပ်ဆောင်များ၏ လှုပ်ရှားမှုကိုအခြေခံ၍အလင်းအမှောင်စီစဉ်မှုအား ထည့်သွင်းစဉ်းစားရန်. |
| 4. | ထုပ်လုပ်ပြီးနောက် | - ဗီဒီယိုတည်းဖြတ်သူ<br>- ထုတ်လုပ်ရေးမှူး/ သတင်းထောက် | - Stereotype တည်းဖြတ်ခြင်း (တည်းဖြတ်မှုတိုင်းတွင် - တူညီသောကြာချိန်) | - JET မှရေးဆွဲထားသည့် တည်းဖြတ်မှုစည်းမျဉ်းများကို လေးစားရန်။<br>- ယခင်တည်းဖြတ်မှုမှတစ်ဆင့် ဗဟုသုတနှင့် အတွေ့အကြုံများ ဖလှယ်ရန်<br>- ဗီဒီယိုတည်းဖြတ်ခြင်းအတွက် ကျွမ်းကျင်သူများအားမြှင့်တင်ပေးရန်။ |

အရင်းအမြစ်: JET မှပြင်ဆင်ထားသည်။

၂.၃.၂ လူ့စွမ်းအားအရင်းအမြစ်များ

ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များအဖွဲ့ (JET) သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Next Project စတင်ပြီးကတည်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရှိ လူ့စွမ်းအားအရင်းအမြစ် ထုတ်လုပ်မှုစွမ်းရည် ကိုဆန်းစစ်လေ့လာခဲ့သောကြောင့် PSB အားတာဝန်ယူဆောင်ရွက်ရာတွင် ထုတ်လုပ်မှု၌ လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ စိုးရိမ်မှုများ ရှိနေကြောင်းသတိပြုမိခဲ့သည်။ ဇယား ၂.၃-၆ တွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနခွဲ နှစ်ခုစလုံးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မ Channel တွင်ထုတ်လွှင့်ရန် နေ့စဉ်ရိုက်ကူးရေးဇယားကို ရုပ်မြင်သံကြား၊ အသံလွှင့်နှင့် စက်မှုဌာနခွဲများမှ ဝန်ထမ်းဦးရေနှင့်အတူပြသထားသည်။ ရိုက်ကူးရေးတာဝန်များကို သတင်း၊ post production၊ preproduction၊ သုတေသန၊ အစီအစဉ်ရေးဆွဲခြင်း၊ ထုတ်လွှင့်ခြင်း စီမံအုပ်ချုပ်မှုလုပ်ငန်းများ; အစရှိသည်တို့ဖြင့် အမျိုးအစား ခွဲခြားထားသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် အချို့သောအစီအစဉ်များကို ပုဂ္ဂလိကထုတ်လုပ်ရေးကုမ္ပဏီများသို့ လွှဲပြောင်းပေးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် အစီအစဉ်များနှင့် သတင်းတင်ပြချက်များတွင် ကုမ္ပဏီများမှ လာသော ထုတ်လုပ်မှုဝန်ထမ်းများအား တာဝန်ပေးစေခိုင်းခြင်းမရှိခဲ့ပေ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်များကို ဌာနတွင်းထုတ်လုပ်မှု၊ ပြင်ပအရင်းအမြစ်များမှထုတ်လုပ်မှုနှင့် ဝယ်ယူထားသော အစီအစဉ်များ စသည်ဖြင့်ခွဲခြားထားသည်။ ပြင်ပမှထုတ်လုပ်သောအစီအစဉ်၊ ဝယ်ယူထားသော အစီအစဉ်များ၏ အချိုးကို ယခင် ဇယား ၂.၃-၁ တွင် ဖော်ပြထားသည့်အတိုင်း ဇယား ၂.၃-၁နှင့် ဇယား ၂.၃-၂ တို့တွင်ပြသထားသည်။ ထို့ကြောင့် နေ့စဉ်ရိုက်ကူးထုတ်လုပ်မှုတွင် ရုပ်သံထုတ်လုပ်မှုအတွက် ၄၈% နှုန်းနှင့် ရေဒီယိုထုတ်လွှင့်မှုတစ်ခုစီအတွက် ၇၆% ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ထုတ်လွှင့်ချိန်ပြည့်ရန်အတွက် ဝယ်ယူထားသော အစီအစဉ်များအပေါ်တွင်မှီခိုရသည်။

ဇယား ၂.၃-၆ TV and Radio ၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မ Channel မှထုတ်လုပ်မှု အပေါ် လက်ရှိ နေ့စဉ်တာဝန်ချထားမှု ဇယား

| အမှတ်စဉ် | လုပ်ငန်းအမျိုး အစား | လက်ရှိတာဝန် ချထား မှု | ဌာနခွဲ | | |
|---|---|---|---|---|---|
| | | | TV | ရေဒီယို | စက်မှု |
| ၁ | သတင်း | သတင်းစုဆောင်းခြင်း | ၇ | ၈ | - |

| အမှတ်စဉ် | လုပ်ငန်းအမျိုး အစား | လက်ရှိတာဝန် ချထား မှု | ဌာနခွဲ | | |
|---|---|---|---|---|---|
| | | | TV | ရေဒီယို | စက်မှု |
| ၂. | | သတင်းတင်ပြခြင်း | ၃၀ | ၃၄ | ၉ |
| ၃. | | တည်ဖြတ်သူ | ၁၅ | ၉ | - |
| ၄ | | ဘာသာပြန်ခြင်း | ၇ | ၄ | - |
| ၆. | ထုတ်လုပ်ရေးအပြီးလုပ်ငန်းများ | တည်းဖြတ်ခြင်း . ( feature, ထောက်လှမ်း ရရှိမှုသတင်းများ၊ ရုပ်ရှင်များအပါအဝင်) | ၂၁ | ၂ | - |
| ၇ | | ဇာတ်ညွှန်းရေးသားခြင်း | ၆ | ၈ | - |
| ၈ | | Graphicရေးဆွဲခြင်း | ၉ | - | - |
| ၉ | ထုတ်လုပ်မှုမတိုင်မီလုပ်ငန်း | ပြင်ပရိုက်ကူးခြင်း/ဖမ်းယူခြင်း | ၆၀ | ၁၅ | ၂၂ |
| ၁၀ | | ပြင်ပရိုက်ကူးခြင်း် | ၁၅ | ၃ | ၂၈ |
| ၁၁ | | စတူဒီယိုအတွင်းရိုက်ကူးခြင်း | ၄၆ | ၃၄ | ၁၁၅ |
| ၁၂ | | မိတ်ကပ် | ၄ | - | - |
| ၁၃ | သုတေသန၊ အစီအစဉ်ရေးဆွဲခြင်းနှင့် ထုတ်လွှင့်ခြင်း | သုတေသန/ အစီအစဉ် ရေးဆွဲခြင်း | ၁၅ | ၁၃ | - |
| ၁၄ | | ထုတ်လုပ်ရေးမှူး/ထုတ်လွှင့်မှု | ၁၉ | ၃၄ | - |
| ၁၅ | | အခွေများသိမ်းဆည်းထားမှု ဌာန (မော်ကွန်းတိုက်) | ၇ | ၈ | ၁ |
| ၁၆ | စီမံခန့်ခွဲမှု | မန်နေဂျာ | ၁၆ | ၁၀ | ၇ |
| ၁၇ | | အုပ်ချုပ်သူ | ၂၄ | ၁၅ | ၁၄ |
| ၁၈ | | ခွင့်ယူထားသူ | ၂၅ | ၂၀ | ၃၄ |
| ၁၉ | | အမြဲစောင့်သူနှင့် အခြား (သင်တန်း/ ခရီးထွက်နေသူ) | ၂၅ | ၁၅ | ၉ |
| ၂၀ | စုစုပေါင်း | | ၃၅၁ | ၂၃၁ | ၂၃၉ |
| ၂၁ | အားလုံးစုစုပေါင်း | | ၈၂၁ | | |
| ၂၂ | လက်ရှိဝန်ထမ်းအရေအတွက် | | ၄၀၁[*1] | ၂၃၂[*2] | ၂၉၂[*3] |
| ၂၃ | လက်ရှိစုစုပေါင်း | | ၉၂၅ | | |

မှတ်ချက် ၁-: TV ရှိ လက်ရှိဝန်ထမ်းအရေအတွက်တွင် NRC ၏ ဝန်ထမ်း ၄၀၁ဦးနှင့် ပါဝင်မှုမရှိဘဲ ကင်မရာမင်းအရေအတွက်ပါဝင်သည်။
မှတ်ချက်-၂- ရေဒီယိုရှိ လက်ရှိဝန်ထမ်း အရေအတွက် တွင် NRC ရေဒီယိုနှင့် အင်္ဂလိပ်ပိုင်းအစီအစဉ်မှ ဝန်ထမ်းအရေအတွက်ပါဝင်သည်။
မှတ်ချက် ၃- စက်မှုပိုင်းရှိ လက်ရှိဝန်ထမ်းအရေအတွက်တွင် စက်မှုပိုင်း ဒါရိုက်တာများ၊ အသံဖမ်းအင်ဂျင်နီယာများ၊ Lighting အင်ဂျင်နီယာများနှင့် video အင်ဂျင်နီယာများပါဝင်သည်။

အရင်းအမြစ်- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မှ အချက်အလက်များကိုအခြေခံ၍ JET မှ တွက်ချက်ထားသည်။

လက်ရှိအချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တွင် တူညီသောသတင်းအရင်းအမြစ်များမှ အချက်အလက်များကို စုဆောင်းရန် အခြေခံအားဖြင့် TV နှင့်ရေဒီယိုပိုင်း နှစ်ခုစလုံးမှ သတင်းထောက်များစေလွှတ်ကြသည်။ တိုင်းရင်းသား Channel အတွက် ထုတ်လွှင့်သောသတင်းများ၏ ၂၀% အောက်တွင်သာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မ Channel တွင်ထုတ်လွှင့်ပေး၍ စုစုပေါင်းပျမ်းမျှနေ့စဉ်သတင်းအရေအတွက်သည် ၃၅ ခုခန့်ရှိပြီး ( ဇယား ၂.၃-၃ တွင်ကြည့်ပါ) video ရုပ်ပုံများနှင့် ထပ်ခါတလဲလဲ ထုတ်လွှင့်နေသော သတင်းများမပါဝင်ပေ။ အလားတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မ ရေဒီယိုတွင် ထုတ်လွှင့်သော တိုင်းရင်းသား ရေဒီယိုသတင်းများသည် နေ့စဉ် သတင်းထုတ်လွှင့်မှုမှာ ၃၄ ခု ရှိသည် (ဇယား-၂.၃-၄တွင်ကြည့်ပါ)။ ရုပ်မြင်သံကြားနှင့်ရေဒီယို၏

ကိုယ်ပိုင်ထုတ်လုပ်မှုအချိုးအစားကို ထည့်သွင်းစဉ်းစားကာ ပရိသတ်၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်းသတင်းနှင့် ဒေသသတင်းများကို တိုးမြှင့်ထုတ်လုပ်ရန်နှင့် PSB ကိုတည်ထောင်ရသည့် ရည်ရွယ်ချက် အထမြောက်စေရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် သတင်းထောက်များ လုံလောက်စွာထားရှိရန်ကို စဉ်းစားထားသည်။

ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Next Project သည် ယခင်တာဝန်ချထားရေးဇယားနှင့် နှိုင်းယှဉ်ပါက ဇယား ၂.၃-၇ တွင် ပြသထားသည့်အတိုင်း တာဝန်ခန့်မှန်းတွက်ချက်ရန် ၉၀ % သော ကိုယ်ပိုင်ထုတ်လုပ်မှုနှင့်ကိုက်ညီရန် နေ့စဉ်ခန့်မှန်းတွက်ချက်မှုကို ဆန်းစစ်ခဲ့သည်။ မှတ်သားဖွယ်ရာအချက်မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တွင် ထုတ်လုပ်မှု အနည်းဆုံးနေရာများဖြစ်သောအစီအစဉ်ရေးဆွဲခြင်းနှင့် သုတေသနပြုခြင်းတို့အတွက် လူ့စွမ်းအား အရင်းအမြစ်များကို သေချာစွာထည့်သွင်းစဉ်းစားသင့်သည်။ ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ဇာတ်လမ်းများ၊ လုံလောက်သောအထောက်အထားများနှင့် ပြည့်စုံသည့်အကြောင်းအရာများနှင့် သတင်းအချက် အလက်များအပေါ် ကောင်းမွန်သည့်ရှုထောင့်မှအစီအစဉ်များကို ထောက်ပံ့ပေးမည်ဖြစ်သည်။ ထို့အပြင် သတင်းပေးပို့ခြင်းတာဝန်ကို TV နှင့်ရေဒီယိုမှ သတင်းထာက်များ၏ တူညီသော သတင်းအစီအစဉ်များမှ အကြောင်းအရာ ထပ်နေခြင်းအား လျှော့ချရန် စီစဉ်ထားသည့် နောက်ဆက်တွဲ ၃.၂ တွင် အသေးစိတ်ဖော်ပြထားသည့် အစီအစဉ်ဇယားကိုအခြေခံ၍ စဉ်းစားသွားမည်ဖြစ်သည်။ ထို့ကြောင့် ဇယား၂.၃-၇ တွင်ဖော်ပြထားသည့်အတိုင်း သတင်းထောက်များ ၏တာဝန်များကို လျှော့ချနိုင်သည်။ ထို့အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် စတူဒီယိုရိုက်ကူးခြင်းအတွက် ကင်မရာတစ်လုံးလျှင် ကင်မရာမင်းတစ်ဦးချထားပေးရန်စီစဉ်ထားသည်။ လက်ရှိတွင် ထုတ်လုပ်မှုတွင် ကင်မရာ ၃ လုံး အသုံးပြုလျှင်သော်မှ ကင်မရာမင်း တစ်ဦး သို့မဟုတ် နှစ်ဦး သာ တာဝန်ချထားပြီး ထုတ်လုပ်ရေးအတွက် ရိုက်ချက်အမျိုးမျိုးပြောင်းရိုက်ရန် မဖြစ်နိုင်ပေ။

ဇယား ၂.၃-၇ TV and Radio ၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မ Channels တွင် ထုတ်လုပ်ရေးအတွက်
နေ့စဉ်တာဝန်ချထားမှုဇယား

| အမှတ်စဉ် | အလုပ်အမျိုး အစား | စီစဉ်ထားသော တာဝန်ချထားမှု | ဌာနခွဲ | | |
|---|---|---|---|---|---|
| | | | TV | ရေဒီယို | စက်မှု |
| ၁. | သတင်း | သတင်းစုဆောင်းမှု | ၁၃ | ၉ | - |
| ၂. | | သတင်းတင်ပြမှု | ၅၈ | *၁၆ | ၁၆ |
| ၃. | | သတင်းတည်းဖြတ်သူ | ၁၅ | ၉ | - |
| ၄ | | သာဘာပြန်ခြင်း | ၇ | ၄ | - |
| ၆. | ထုတ်လုပ်ရေး လုပ်ဆောင်ပြီး လုပ်ငန်း | တည်းဖြတ်ခြင်း . ( feature, ထောက်လှမ်း ရရှိမှုသတင်းများ၊ ရုပ်ရှင်များအပါအဝင်) | ၂၁ | ၁၀ | - |
| ၇ | | ဇာတ်ညွှန်းရေးသားခြင်း | N/A | N/A | - |
| ၈ | | Graphicရေးဆွဲခြင်း | ၁၅ | - | - |
| ၉ | ထုတ်လုပ်မှု မတိုင်မီလုပ်ငန်း | ပြင်ပရိုက်ကူးခြင်း/ဖမ်းယူခြင်း | ၁၁၀ | ၁၇ | ၂၈ |
| ၁၀ | | ပြင်ပရိုက်ကူးခြင်း် | ၂၃ | ၁၄ | ၁၉ |
| ၁၁ | | စတူဒီယိုအတွင်းရိုက်ကူးခြင်း | ၁၂၃ | ၄၈ | ၁၁၈ |
| ၁၂ | | မိတ်ကပ် | ၆ | - | - |
| ၁၃ | သုတေသန၊ အစီအစဉ်ရေး ဆွဲခြင်းနှင့် ထုတ်လွှင့်ခြင်း | သုတေသန/ အစီအစဉ် ရေးဆွဲခြင်း | ၂၃၄ | ၂၃ | - |
| ၁၄ | | ထုတ်လုပ်ရေးမှူး/ထုတ်လွှင့်မှု | ၂၂ | ၃၆ | - |
| ၁၅ | | အခွေများသိမ်းဆည်းထားမှု ဌာန (မော်ကွန်းတိုက်) | ၇ | ၈ | ၁ |
| ၁၆ | စီမံခန့်ခွဲမှု | မန်နေဂျာ | ၁၆ | ၁၀ | ၇ |

| အမှတ်စဉ် | အလုပ်အမျိုး အစား | စီစဉ်ထားသော တာဝန်ချထားမှု | ဌာနခွဲ | | |
|---|---|---|---|---|---|
| | | | TV | ရေဒီယို | စက်မှု |
| ၁၇ | | အုပ်ချုပ်သူ | ၂၄ | ၁၅ | ၁၄ |
| ၁၈ | | ခွင့်ယူထားသူ | ၂၅ | ၂၀ | ၃၄ |
| ၁၉ | | အမြဲစောင့်သူနှင့် အခြား (သင်တန်း/ ခရီးထွက်နေသူ) | ၂၅ | ၁၅ | ၉ |
| ၂၀ | စုစုပေါင်း | | ၇၄၄[*1] | ၂၅၄[*2] | ၂၄၆[*3] |
| ၂၁ | အားလုံးစုစုပေါင်း | | ၁,၂၄၄ | | |
| ၂၂ | လက်ရှိ အားလုံးစုစုပေါင်း | | ၉၂၅ | | |

မှတ်ချက် ၁-: TV ရှိ လက်ရှိဝန်ထမ်းအရေအတွက် တွင် NRC ၏ ဝန်ထမ်း ၄၀၁ဦးနှင့် ပါဝင်မှုမရှိဘဲ ကင်မရာမင်းအရေအတွက်ပါဝင်သည်။

မှတ်ချက်-၂- ရေဒီယိုရှိ လက်ရှိဝန်ထမ်း အရေအတွက် တွင် NRC ရေဒီယိုနှင့် အင်္ဂလိပ်ပိုင်းအစီအစဉ်မှ ဝန်ထမ်းအရေအတွက်ပါဝင်သည်။

မှတ်ချက် ၃- စက်မှုပိုင်းရှိ လက်ရှိဝန်ထမ်းအရေအတွက်တွင် စက်မှုပိုင်း ဒါရိုက်တာများ၊ အသံဖမ်းအင်ဂျင်နီယာများ၊ Lighting အင်ဂျင်နီယာများနှင့် video အင်ဂျင်နီယာများပါဝင်သည်။

အရင်းအမြစ်- ကိုယ်တိုင်ထုတ်လုပ်မှုပမာဏနှင့် လက်ရှိတာဝန်ချထားမှုများအား စံသတ်မှတ်ထားခြင်းမှ အချက်အလက်များကိုအခြေခံ၍ JET မှ တွက်ချက်ထားသည်။

ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်များကိုလေ့လာဆန်းစစ်ရာတွင် ဌာနခွဲများရှိ အမျိုးသမီး အရေအတွက် အချိုးအစားသည် ၇၀% နှုန်းရှိပြီး TV နှင့်ရေဒီယိုတို့တွင် ၇၈% အသီးသီး ရှိနေသောကြောင့် TV နှင့် အသံလွှင့်ဌာနခွဲခွဲနှစ်ခုစလုံးတွင် အမျိုးသမီးများဝန်ထမ်း အရေအတွက်သာ ၍များလွန်းသည့်အတွက် ကျားမအချိုးအစားညီမျှမှုရှိရန် ထည့်သွင်းစဉ်းစားသင့်သည်။ ပြင်ပရိုက်ကူးရေး ဆောင်ရွက်နေစဉ်အတွင်း ကင်မရာတစ်လက်နှင့် သုံးချောင်းထောက်ကိုသယ်ယူရာ၌ လူအပေါ်တွင်သာမူတည်သော်လည်း အမျိုးသမီးဝန်ထမ်းများအတွက် တစ်ခါတစ်ရံခက်ခဲလှသည်။ သို့သော်လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အမျိုးသားကင်မရာမင်း မလုံလောက်သောကြောင့် အမျိုးသမီးများကို ကင်မရာမင်းအဖြစ် ထပ်မံတာဝန်ချရန် လိုအပ်ကြောင်း သဘောပေါက်လာသည်။ မှတ်သားစရာမှာ အထူးသဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် အမျိုးသမီးကင်မရာမင်းများအတွက် သင်တန်းဖွင့်ပေးသည်။ ထိုသို့ကြိုးပမ်းမှုများသည် ထိရောက်သောလူ့စွမ်းအားအရင်းအမြစ်ကို အသုံးချမှုပိုမိုမြှင့်တင်စေရန် ဦးတည်လာမည်ဖြစ်သည်။

## ၂.၃.၄။ ထုတ်လုပ်မှုပစ္စည်းအရင်းအမြစ်များ

- **TV ထုတ်လုပ်ရေးများ**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မ ချယ်နယ်တွင် ပြင်ပရိုက်ကူးခြင်း၊ပြင်ပထုတ်လုပ်ခြင်း၊ စတူဒီယိုအတွင်း ထုတ်လုပ်ခြင်း၊ ပြင်ပရိုက်ကူးခြင်းနှင့်စတူဒီယိုအတွင်းထုတ်လုပ်ခြင်းနှင့် တည်းဖြတ်ခြင်းစသည့် တို့အပါအဝင် အခြေခံထုတ်လုပ်မှုပုံစံ (၅)ခုရှိသည်။ ပြင်ပရိုက်ကူးခြင်းတွင် video တည်းဖြတ်ခြင်းကဲ့သို့သော ရိုက်ကူးရေးအပြီးဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များလိုအပ်ပြီး ပြင်ပထုတ်လုပ်ခြင်းတွင် OB-Van ဖြင့် တိုက်ရိုက် သို့မဟုတ် ဖမ်းယူထားသော အစီစဉ်များကိုဆိုလိုသည်။ အလားတူပင် စတူဒီယိုတွင်းထုတ်လုပ်ခြင်းတွင် တိုက်ရိုက်ပြသခြင်း သို့မဟုတ် ဖမ်းယူထားသော အစီအစဉ်အမျိုးအစားများစွာအပြင် သတင်းရိုက်ကူးခြင်းတို့ပါ ပါဝင်သည်။ ထို့အပြင် အင်္ဂလိပ်စာ လေ့လာရေးကဲ့သို့သော ပညာရေးဆိုင်ရာအစီအစဉ်များအတွက် စတူဒီယိုတွင်းရိုက်ကူးမှုမတိုင်မီ ပြင်ပမှရိုက်ကူးထားသည့် video clips များကို ထည့်သွင်းအသုံးပြုထားသော အစီအစဉ်များအား ဤအမျိုးအစားတွင် ထည့်သွင်းသတ်မှတ်နိုင်သည်။ ထို့အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တွင်ထုတ်လွှင့်ပြီးသား

တည်းဖြတ်ထားသည့် video ပုံများကိုသာအသုံးပြု၍ ပြန်လည်တည်းဖြတ်ထုတ်လုပ်ထားသော အစီအစဉ်များလည်းရှိသည်။ တစ်ပတ်အတွင်း ထုတ်လုပ်မှုပုံစံတစ်ခုအတွက် ခေါင်းစဉ်အရေ အတွက်နှင့် ပင်မရုပ်သံလိုင်း၏ ထုတ်လွှင့်သောအစီအစဉ်များကို ဇယား ၂.၃-၈ တွင် ဖော်ပြထား သည်။ TV ပင်မရုပ်သံလိုင်း၏ တစ်ပတ်လျှင်ထုတ်လုပ်မှုနည်းလမ်းအား အောက်တွင်ဖော်ပြထားသော (ဇယား ၂.၃-၈) တွင်ပြသထားသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Next Project မှလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရှိ ပစ္စည်းကိရိယာ အရင်းအမြစ်များ၏လိုအပ်ချက်နှင့် ပိုလျှံမှုကိုခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် ဇယား ၂.၃-၉ တွင် ပစ္စည်းများအသုံးပြုချိန် မည်သို့တွက်ချက်ရမည်ကို ပြသထားသည်။

**ဇယား ၂.၃-၈ တစ်ပတ်စာထုတ်လုပ်မှုနည်းလမ်းဖြင့် TV ပင်မ Channel ၏ အစီအစဉ်အရေအတွက်**

| အမှတ်စဉ်. | ထုတ်လုပ်မှုနည်းလမ်း | ခေါင်းစဉ်အရေအတွက် | ထုတ်လွှင့်မှု အရေအတွက် |
|---|---|---|---|
| ၁. | ပြင်ပရိုက်ကူးခြင်း | ၉ | ၁၃.၁ |
| ၂ | ပြင်ပထုတ်လုပ်ခြင်း | ၂ | ၂.၀ |
| ၃ | TV စတူဒီယိုတွင်း ထုတ်လုပ်ခြင်း | ၁၅ | ၃၆.၅ |
| ၄. | ပြင်ပရိုက်ကူးခြင်းနှင့် TV စတူဒီယိုတွင်း ထုတ်လုပ်ခြင်း | ၉ | ၆၀.၅ |
| ၅ | တည်းဖြတ်ခြင်းသာ | ၃ | ၃.၀ |

မှတ်ချက်- ဒသမမြောက်အမှတ်ပြီးနောက် ကိန်းဂဏန်းများဖြစ်ပေါ်ရခြင်းအကြောင်းအရင်းမှာ တစ်ပတ်လျှင် တစ်ကြိမ်ထက်ပို၍ အစီအစဉ်များကို ခွဲ၍ မရနိုင်သောကြောင့် ဖြစ်သည်။

အရင်းအမြစ်- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏သတင်းအချက်အလက်များအပေါ်အခြေခံ၍ JET မှပြင်ဆင်ထားသည်။

**ဇယား ၂.၃-၉ TV ပင်မ Channel**

**တွင် ထုတ်လုပ်မှု နည်းစနစ်တစ်ခုစီ၏ တွက်ချက်မှု အခြေခံ/ လုပ်ကိုင် ဆောင်ရွက်ရသည့် ယူနစ်**

| အမှတ်စဉ်. | ထုတ်လုပ်မှုနည်းစနစ် | အစီအစဉ်ကြာချိန် | လုပ်ကိုင်ဆောင်ရွက်ရသည့်ကြာချိန် |
|---|---|---|---|
| ၁ | ပြင်ပရိုက်ကူးခြင်း | ၁၅မိနစ်အောက် | - ၂ရက်ကြာရိုက်ကူးရခြင်း<br>- ၂ရက်ကြာတည်းဖြတ်ရခြင်း |
| | | မိနစ်၂၀နှင့် ၃၀အကြား | - ၃ရက်ကြာရိုက်ကူးရခြင်း<br>- ၃ရက်ကြာတည်းဖြတ်ရခြင်း |
| | | ၄၅ မိနစ် | - ၃ရက်ကြာရိုက်ကူးရခြင်း<br>- ၄ရက်ကြာတည်းဖြတ်ရခြင်း |
| ၂ | ပြင်ပထုတ်လုပ်ခြင်း | ၂နာရီ | - ခရီးသွားလာသည့်ရက်များနှင့် ပြင်ဆင်ရသည့်ရက်များအပါအဝင် ၄ရက်ကြာဆောင်ရွက်ရခြင်း |
| ၃. | TV စတူဒီယိုတွင်း ထုတ်လုပ်ခြင်း | ၁၅မိနစ်အောက် (ဖမ်းယူထားခြင်း) | - ၂နာရီကြာဖမ်းယူရခြင်း<br>- ၂နာရီကြာတည်းဖြတ်ရခြင်း |
| | | မိနစ်၂၀နှင့် ၃၀အကြား (ဖမ်းယူထားခြင်း) | - ၂နာရီကြာဖမ်းယူရခြင်း<br>- ၃နာရီကြာတည်းဖြတ်ရခြင်း |

| အမှတ်စဉ်. | ထုတ်လုပ်မှုနည်းစနစ် | အစီအစဉ်ကြာချိန် | လုပ်ကိုင်ဆောင်ရွက်ရသည့်ကြာချိန် |
|---|---|---|---|
| | | ၁၅မိနစ်နှင့် မိနစ် ၃၀အကြား (တိုက်ရိုက် ထုတ်လွှင့်ခြင်း) | - အမှတ်တကယ်ထုတ်လွှင့်မှု အပေါ်အခြေခံ၍ကြာမြင့်ခြင်း |
| ၄ | ပြင်ပရိုက်ကူးခြင်းနှင့် TV စတူဒီယိုတွင်း ထုတ်လုပ်ခြင်း | တိုက်ရိုက်သတင်း ပြသခြင်း | - တရက်လျှင် သတင်းတစ်ခါ ထုတ်လွှင့်မှုနှင့် အမှတ်တကယ် ထုတ်လွှင့်မှု အပေါ်အခြေခံ၍ ကြာမြင့်ခြင်း |
| | | မိနစ် ၃၀အောက် | - တစ်နာရီကြာဖမ်းယူခြင်း<br>- တစ်နာရီကြာတည်းဖြတ်ခြင်း<br>- တစ်ရက်လျှင် တစ်ပုဒ် |
| | | ၄၅မိနစ် | ၂နာရီကြာဖမ်းယူခြင်း<br>- ၂ နာရီကြာတည်းဖြတ်ခြင်း<br>- တစ်ရက်လျှင် တစ်ပုဒ် |
| | | ၂နာရီ | - ၃နာရီကြာဖမ်းယူခြင်း<br>- ၃နာရီကြာတည်းဖြတ်ခြင်း<br>- တစ်ရက်လျှင် တစ်ပုဒ် |
| | | ပညာရေးအစီအစဉ် | - ၂နာရီကြာဖမ်းယူခြင်း<br>- ၃ရက်ကြာတည်းဖြတ်ခြင်း<br>- နေ့တစ်ဝက်စာ skit ရိုက်ကူးခြင်း<br>- နေ့တစ်ဝက်စာ skit တည်းဖြတ်ခြင်း |
| ၅. | တည်းဖြတ်ခြင်းသာ | မိနစ် ၃၀ | - ၂ ရက်ကြာတည်းဖြတ်ရခြင်း |
| | | ၁ နာရီ | - ၃ ရက်ကြာတည်းဖြတ်ရခြင်း |

မှတ်ချက်- လုပ်ကိုင်ရသည့်ကြာချိန်အား ထုတ်လုပ်မှုပုံစံနှင့် အစီအစဉ်များ၏ကြာချိန်များအရလက်ရှိ ထုတ်လုပ်မှုစံနှုန်းများဖြင့်သတ်မှတ်ထားသည်။ ဤ တွက်ချက်မှုသည် ယူနစ်များအား ခွဲခြမ်းစိတ်ဖြာ ခြင်းအတွက် ပျမ်းမျှ အဖြစ်ပြပြီး လုပ်ကိုင်ရသည့်ကြာချိန်အတိအကျကိုဖော်ပြ၍မထားပေ။

အရင်းအမြစ်- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏သတင်းအချက်အလက်များအပေါ်အခြေခံ၍ JET မှပြင်ဆင်ထားသည်။

ဇယား၂.၃-၈ နှင့် ဇယား ၂.၃-၁၀ တို့ တွင်ဖော်ပြထားသည့် သတင်းအချက်အလက်များ အပေါ်အခြေခံ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရှိ ရိုက်ကူးရေးပစ္စည်းများလိုအပ်ချက်နှင့်ပိုလျှံမှုကိုပြသထားသည်။ ဇယားတွင်ဖော်ပြထားသည့်ရလဒ်များအတိုင်း လက်ရှိတွင် ထုတ်လုပ်မှုဆိုင်ရာပစ္စည်းကိရိယာ လိုအပ်ချက်မရှိပေ။ သို့သော်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းအတွက် အမှန်တကယ် အသုံးပြုမှု အား ရေတွက်ပါက ENG ကင်မရာအရေအတွက်သည် အချိုးအစားတိကျမှုရှိသည်။ ထိုနည်းတူစွာ စီမံကိန်းသည် ကိုယ်တိုင်ထုတ်လုပ်မှုနှုန်း ၉၀ % အထိတိုးမြှင့်ရန်အတွက် ENG ကင်မရာ ၁၆ လုံးထပ်မံလိုအပ်ပြီး တည်းဖြတ်ရေးစက်များသည် အချိုးအစားအလွန်နည်းပါးနိုင်သည် သို့မဟုတ် လုံလောက်မှုရှိနိုင်မည်မဟုတ်ပေ။
ယခုပင်လျှင် အထူးသဖြင့် ရန်ကုန်ဗျူရိုတွင် ENG ကင်မရာပြတ်လပ်မှုတစ်ခါတစ်ရံရှိတတ်၍ သတင်းတန်ဖိုးမရှိသော သတင်းကိုရိုက်ကူးခြင်းမပြုရေး ဆုံးဖြတ်ရန်လိုအပ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် နေပြည်တော်ရှိ အရေးကြီးပုဂ္ဂိုလ်များ၏လှုပ်ရှားဆောင်ရွက်မှုများ ရိုက်ကူးရန် ကင်မရာ (၇)လုံးကို သတ်သတ်မှတ်မှတ်ထားရှိသည်။ ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ENG ဝယ်ယူရန်အတွက် စနစ်တကျစီစဉ်ရန်လိုအပ်သည်။

ဇယား ၂.၃-၁ TV ပင်မ Channel အတွက် ထုတ်လုပ်ရေးပစ္စည်းများ၏နေ့စဉ်ဆောင်ရွက်မှု

| အမှတ်စဉ်. | ပစ္စည်းကိရိယာ | တပ်ဆင်ထားသည့် အရေအတွက် | လက်ရှိ (ဌာနတွင်း: ၄၇.၆%) | | အစီအစဉ် (ဌာနတွင်း: ၉၀.၀%) | |
|---|---|---|---|---|---|---|
| | | | အမှန်တကယ်အသုံပြုထားသည့်အရေအတွက် | ပိုလျှံမှု/လိုအပ်မှု | အသုံးပြုရန်စီစဉ်ထားသည့် အရေအတွက် | ပိုလျှံမှု/လိုအပ်မှု |
| ၁ | ENG ကင်မရာ | ၃၅ | ၂၉ | + ၆ | ၅၁ | - ၁၆ |
| ၂. | တည်းဖြတ်စက် | ၆၀ | ၃၄ | + ၂၆ | ၅၅ | + ၅ |
| ၃. | TV စတူဒီယို | ၅ | ၂ | + ၃ | ၄ | + ၁ |
| ၄. | OB Van | ၅ | ၂ | + ၃ | ၃ | + ၂ |

မှတ်ချက်- : ပြုပြင်ထိန်းသိမ်းမှုအတွက် လုပ်ကိုင်ဆောင်ရွက်မှုများကို အသုံးပြုမှုအရေအတွက်များ တွင် မပါဝင်ပေ။

အရင်းအမြစ်- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏သတင်းအချက်အလက်များအပေါ်အခြေခံ၍ JET မှပြင်ဆင်ထားသည်။

- ရေဒီယိုအစီအစဉ်ထုတ်လုပ်ခြင်း

ခေါင်းစဉ်အရေအတွက်နှင့် ထုတ်လွှင့်မှုအချိန်များနှင့်အတူ ဇယား ၂.၃-၁၁ တွင်ပြထားသည့် ရေဒီယိုအတွက် အစီအစဉ်ထုတ်လုပ်မှုပုံစံ (၆)ခုရှိသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ ရေဒီယိုစတူဒီယို အဆောက်အအုံများကို အသံဖမ်းစတူဒီယို၊ ဟောပြောဆွေးနွေးပွဲစတူဒီယိုနှင့် အသံသွင်းစတူဒီယို ဟူ၍ခွဲခြားထားသည်။ ဥပမာအားဖြင့် အသံသွင်းစတူဒီယိုတွင် အသံသွင်းထားသောအစီအစဉ်များနှင့်
အသံဖမ်းစတူဒီယိုတွင်မှတ်တမ်းတင်ထားသောအစီအစဉ်များကိုအသံဖမ်းစတူဒီယိုတွင်း၌ပြုလုပ်ပြီး နောက်တည်းဖြတ်ရမည်ဖြစ်သည်။ Talk Show စတူဒီယိုသည် ထုတ်လွှင့်မှုစတူဒီယိုဖြစ်သည်။ ထို့ကြောင့် အစီအစဉ်တိုင်းကို ဤစတူဒီယိုမှ ထုတ်လွှင့်ရန်ဖြစ်သည်။ အခြားစတူဒီယိုများနှင့်/ သို့မဟုတ် တည်းဖြတ်ခြင်းမှ တစ်ဆင့် ပြင်ဆင်ထားသောပစ္စည်းများကိုလည်း လူသိများသော ပုဂ္ဂိုလ်များမှ ဟောပြောဆွေးနွေးမှုအစီအစဉ်များအား video များနှင့် ပေါင်းစပ်ခြင်းအားဖြင့် စတူဒီယို တွင် အသုံးပြုသည်။

ဇယား ၂.၃-၁၁ တစ်ပတ်စာထုတ်လုပ်မှုနည်းစနစ်များဖြင့် ရေဒီယို ပင်မ channel များတွင် ထုတ်လွှင့်သော အစီအစဉ်အရေအတွက်

| အမှတ်စဉ်. | ထုတ်လုပ်မှုနည်းစနစ် | ခေါင်းစဉ်အရေအတွက် | ထုတ်လွှင့်မှု အချိန်များ |
|---|---|---|---|
| ၁. | အသံဖမ်းယူခြင်း | ၁၇ | ၃၇ |
| ၂ | ဆွေးနွေးဟောပြောခြင်းနှင့် အသံ ဖမ်း စတူဒီယို | ၃ | ၈ |
| ၃ | တိုက်ရိုက်ထုတ်လွှင့်မှု (ဟောပြောဆွေးနွေးသည့်စတူဒီယို) | ၁၀ | ၁၇ |
| ၄ | ပြင်ပအသံဖမ်းယူခြင်း | ၂ | ၉ |
| ၅ | အသံဖမ်းယူခြင်း + အသံသွင်းစတူဒီယို | ၁၅ | ၂၃ |
| ၆ | ဆွေးနွေးဟောပြောမှု + ပြင်ပအသံဖမ်းယူခြင်း + တည်းဖြတ်ခြင်း | ၅ | ၄၂ |

အရင်းအမြစ်- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏သတင်းအချက်အလက်များအပေါ်အခြေခံ၍ JET မှပြင်ဆင်ထားသည်။

TV နှင့်အလားတူစွာပင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Next Project ၏ ဇယား ၂.၃-၁၂ တွင် ရေဒီယိုအစီအစဉ်တစ်ခုလျှင် ထုတ်လုပ်ရေးပစ္စည်းမည်မျှသုံးသည်ကို စစ်ဆေးရန် မည်သို့တွက်ချက်ရမည်ကို ဖော်ပြထားသည်။
ဖော်ရွှေပြီး ချစ်စရာကောင်းသည့် အသွင်ဖြင့်တင်ဆက်သူ (တင်ဆက်သူများ) သည် နားဆင်သူများအား ရေဒီယိုအစီအစဉ်များအပေါ် ကြေနပ်နှစ်ခြိုက်မှုပေးစွမ်းနိုင်သည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ကမ္ဘာတလွှားတွင်အသုံးများဆုံးဖြစ်သော တိုက်ရိုက်ထုတ်လွှင့်ခြင်းထက် အသံထုတ်လွှင့်မှုမပြုမီ ကြိုတင်ထုတ်လုပ်ထားသည့်အစီအစဉ်များကို ထုတ်လွှင့်ရန် ပိုမိုနှစ်သက်ကြသည်။ ထို့ကြောင့် အသံသွင်းထားသော စတူဒီယိုတွင်းထုတ်လုပ်သည့် အစီအစဉ်များကို Talk Show စတူဒီယိုနှင့် dubbing studio တို့တွင် ပေါင်းစပ်အသုံးပြုကြသည်။

**ဇယား ၂.၃-၁၂ ရေဒီယို ပင်မ လိုင်းတွင် ထုတ်လုပ်မှု နည်းစနစ်တစ်ခုစီ၏ အခြေခံ/ လုပ်ကိုင် ဆောင်ရွက်ရသည့်ယူနစ် တွက်ချက်မှု**

| အမှတ်စဉ်. | ထုတ်လုပ်မှုနည်း စနစ် | အစီအစဉ်ထုတ်လွှင့် မှု ကြာချိန် | လုပ်ကိုင်ဆောင်ရွက်ရသည့် အချိန်ကာလ |
|---|---|---|---|
| ၁. | အသံဖမ်းယူခြင်း | ၁၅မိနစ်အောက် | - နေ့တစ်ဝက် ကြာ ရိုက်ကူးခြင်း<br>- တစ်ရက်ကြာတည်းဖြတ်ရခြင်း |
| | | မိနစ် ၂၀နှင့် ၃၀ အကြား | - တစ်ရက်ကြာရိုက်ကူးရခြင်း<br>- နှစ်ရက်ကြာတည်းဖြတ်ရခြင်း |
| | | ၄၅မိနစ် | - တစ်ရက်ကြာရိုက်ကူးရခြင်း<br>- နှစ်ရက်ကြာတည်းဖြတ်ရခြင်း |
| ၂ | Talk Show and အသံဖမ်းစတူဒီယို | ၁၅မိနစ်အောက် | - နေ့တစ်ဝက်ကြာအသံဖမ်းယူရခြင်း<br>- တိုက်ရိုက်ထုတ်လွှင့်မှုအတွက် အမှန်တကယ်ထုတ်လွှင့်မှု အပေါ် အခြေခံခြင်း |
| | | မိနစ် ၃၀ အောက် | - တစ်ရက်ကြာအသံဖမ်းယူရခြင်း<br>- တိုက်ရိုက်ထုတ်လွှင့်မှုအတွက် အမှန်တကယ်ထုတ်လွှင့်မှုအပေါ် အခြေခံခြင်း |
| | | မိနစ် ၃၀နှင့်အထက် | - တစ်ရက်ကြာအသံဖမ်းယူရခြင်း<br>- တိုက်ရိုက်ထုတ်လွှင့်မှုအတွက် အမှန်တကယ်ထုတ်လွှင့်မှု အပေါ် အခြေခံခြင်း |
| ၃ | တိုက်ရိုက် ထုတ် လွှင့် ခြင်း (Talk Show စတူဒီယို) | ၁၀မိနစ်မှ မိနစ်၃၀ အထိ | - အမှန် တကယ် ထုတ်လွှင့်မှုအပေါ် အခြေခံခြင်း |
| ၄. | ပြင်ပတွင် အသံဖမ်းယူခြင်း | သတင်းတင်ပြခြင်း | - တစ်ရက်လျှင် သတင်းတင်ပြမှုတစ်ခုနှင့် အမှန်တကယ်ထုတ်လွှင့်မှုအပေါ် အခြေခံခြင်း |
| | | ၁၀မိနစ်အောက် | - တစ်နာရီကြာအသံဖမ်းယူခြင်း<br>- နေ့တစ်ဝက်ကြာတည်းဖြတ်ခြင်း |
| | | ၃၀မိနစ် | - တစ်နာရီကြာအသံဖမ်းယူရခြင်း<br>- တစ်ရက်ကြာတည်းဖြတ်ရခြင်း |
| | | တစ်နာရီ | - ၃ နာရီကြာအသံဖမ်းယူရခြင်း<br>နှစ် ရက်ကြာတည်းဖြတ်ရခြင်း |
| ၅. | အသံဖမ်းယူခြင်း + Dubbing စတူဒီယို | ၃၀မိနစ် | - ၂ရက်ကြာအသံဖမ်းယူရခြင်း<br>- ၂ ရက်ကြာတည်းဖြတ်ရခြင်း |
| | | တစ်နာရီ | - ၃ရက်ကြာအသံဖမ်းယူရခြင်း |

| အမှတ်စဉ်. | ထုတ်လုပ်မှုနည်း စနစ် | အစီအစဉ်ထုတ်လွှင့် မှု ကြာချိန် | လုပ်ကိုင်ဆောင်ရွက်ရသည့် အချိန်ကာလ |
|---|---|---|---|
| | | | - ၃ ရက်ကြာတည်းဖြတ်ရခြင်း |
| ၆ | Talk Show + ပြင်ပတွင်ဖမ်းယူခြင်း + တည်းဖြတ်ခြင်း | ၁၅မိနစ်အောက် | - တစ်နာရီကြာအသံဖမ်းယူရခြင်း<br>- တစ်ရက်ကြာတည်းဖြတ်ရခြင်း<br>- အမှန်တကယ်ထုတ်လွှင့်မှုအပေါ် အခြေခံခြင်း |
| | | ၃၀မိနစ်အောက် | - ၂နာရီကြာအသံဖမ်းယူရခြင်း<br>- ၂ ရက်ကြာတည်းဖြတ်ရခြင်း<br>- အမှန်တကယ်ထုတ်လွှင့်မှုအပေါ် အခြေခံခြင်း |

မှတ်ချက်- လုပ်ကိုင်ရသည့်ကြာချိန်အား ထုတ်လုပ်မှုပုံစံနှင့် အစီအစဉ်များ၏ကြာချိန်များအရလက်ရှိ ထုတ်လုပ်မှု စံနှုန်းများဖြင့်သတ်မှတ်ထားသည်။ ဤ တွက်ချက်မှုသည် ယူနစ်များအား ခွဲခြမ်းစိတ်ဖြာ ခြင်းအတွက် ပျမ်းမျှ အဖြစ်ပြပြီး လုပ်ကိုင်ရသည့်ကြာချိန်အတိအကျကိုဖော်ပြ၍မထားပေ။

အရင်းအမြစ်- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏သတင်းအချက်အလက်များအပေါ်အခြေခံ၍ JET မှပြင်ဆင်ထားသည်။

ဇယား ၂.၃-၁၁ နှင့် ဇယား ၂.၃-၁၂ တို့တွင်ဖော်ပြထားသည့်အချက်အလက်၊ ဒေတာများကိုအခြေခံ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရှိ ရေဒီယိုအသံလွှင့်ထုတ်လုပ်ရေးပစ္စည်းများလိုအပ်ချက်နှင့်ပိုလျှံမှုတို့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Next Project မှ ဇယား ၂.၃-၁၃ တွင်ပြထားသကဲ့သို့ ဆန်းစစ်ထားသည်။ လက်ရှိတွင် အသံဖမ်းခြင်းနှင့် Talk Show စတူဒီယိုများတွင် အခြားစတူဒီယိုများထက် ပိုမိုအလုပ်များ၍ တစ်ရက်လျှင် (၄)နာရီထက်ကျော်၍ အသုံးပြုခွင့်မရရှိနိုင်ပေ။ ယင်းတွင်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ပြုလုပ်ချိန် မပါဝင်ပါ။ သို့သော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ကိုယ်ပိုင်ထုတ်လုပ်မှုနှုန်းကို ၉၀% အထိ တိုးမြှင့်သောအခါ အသံဖမ်းစတူဒီယိုအရေအတွက် လုံလောက်မှုမရှိပေ။ ထို့အပြင် Talk Show စတူဒီယိုများ၏ ပိုလျှံမှု သို့မဟုတ် ရှားပါးမှုက လိုအပ်ချက်တစ်ရပ်ဖြစ်လာနိုင်ကြောင်း ပြသလျှက်ရှိသည်။ တစ်ရက်လျှင် ၀.၆နာရီသည် ၃၆ မိနစ်နှင့်ညီမျှသောကြောင့် မိနစ်၃၀ ထက်နည်းသော အစီအစဉ်တစ်ခုသာရနိုင်သည်။

ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် စတူဒီယိုပစ္စည်းများလုံလောက်စွာရရှိရန်လိုအပ်၍ ထုတ်လုပ်မှုပုံစံကို ပြောင်းလဲခြင်း၊ စတူဒီယိုငှားရမ်းခြင်း အစရှိသည်တို့ ပြုလုပ်ရန် လိုအပ်သည်။

ဇယား ၂.၃-၁၃ Radio ပင်မ Channel အတွက် ထုတ်လုပ်မှုပစ္စည်းများအားလုပ်ကိုင်ဆောင်ရွက်မှု

| အမှတ်စဉ်. | စက်ပစ္စည်း | တပ်ဆင်ထားသည့်အရေအတွက် | လက်ရှိ (ဌာနတွင်း: ၇၆.၃%) | | Plan (ဌာနတွင်း: ၉၀.၀%) | |
|---|---|---|---|---|---|---|
| | | | အမှန်တကယ်အသုံးပြုသည့်ကြာချိန် | ပိုလျှံမှု/ ရှားပါးမှု | ရည်ရွယ်ထားသည့်အသုံးပြုမှုကြာချိန် | ပိုလျှံမှု/ ရှားပါးမှု |
| ၁. | အသံဖမ်းစတူဒီယို | ၁ | ၄.၈ | + ၃.၂ | ၁၃.၀ | - ၅.၀ |
| ၂. | Talk Show စတူဒီယို | ၁ | ၄.၄ | + ၃.၆ | ၇.၄ | + ၀.၆ |
| ၃. | Dubbing စတူဒီယို | ၃ | ၆.၀ | + ၁၈.၀ | ၆.၈ | + ၁၇.၂ |

| အမှတ်စဉ်. | စက်ပစ္စည်း | တပ်ဆင်ထားသည့်အရေအတွက် | လက်ရှိ (ဌာနတွင်း: ၇၆.၃%) | | Plan (ဌာနတွင်း: ၉၀.၀%) | |
|---|---|---|---|---|---|---|
| | | | အမှန်တကယ်အသုံးပြုသည့်ကြာချိန် | ပိုလျှံမှု/ ရှားပါးမှု | ရည်ရွယ်ထားသည့်အသုံးပြုမှုကြာချိန် | ပိုလျှံမှု/ ရှားပါးမှု |
| ၄. | အသံဖမ်းစက် | ၆၄ | သတင်းထောက်များကို ခွဲဝေချထားပြီး၊ ပြင်ပမှဖမ်းယူခြင်းများနှင့် သတင်း ၉ပုဒ် | | ပြင်ပမှဖမ်းယူခြင်းများနှင့် သတင်း ၁၆ပုဒ် | |
| ၅. | တည်းဖြတ်စက် | ၃၁ | ၁၅၈ | + ၉၀.၀ | ၂၁၆ | + ၃၂ |

အရင်းအမြစ်: မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အချက်အလက်များပေါ်အခြေခံ၍ JET ကရေးသား ပြုစုသည်။

### ၂.၃.၅ ဘဏ္ဍာရေးအရင်းအမြစ်များ အဆင့်မြှင့်တင်ခြင်း

မြန်မာနိုင်ငံနှင့် သင့်လျော်သည့် PSB ပုံစံကို ဆန်းစစ်နိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ဂျပန်ပညာရှင်များအဖွဲ့မှ ကူညီပံ့ပိုးပေးခဲ့သည့် အခြားနိုင်ငံများရှိ PSB ဘဏ္ဍာရေးစနစ်များကို လေ့လာခဲ့သည်။ ထို့ပြင် ဆေးလိပ်နှင့်အရက်ခွန်များ၊ မိုဘိုင်းဆင်းကဒ်ရောင်းရငွေမှအခွန်များ၊ မီတာဆောင်ခများနှင့် မော်တော်ယာဉ်လိုင်စင်ကြေးများကဲ့သို့သော ဖြစ်နိုင်ချေရှိသည့် ဘဏ္ဍာရေး ရင်းမြစ်များကို ဆွေးနွေးခဲ့ကြသည်။ သို့သော် အဆိုပါရင်းမြစ်များကို အသုံးပြုရန်နှင့်ပတ်သက်ပြီး လွှတ်တော်၌ ရုပ်သံထုတ်လွှင့်ရေးဆိုင်ရာ ကော်မတီတွင် အနုတ်သဘောဆောင်သော မှတ်ချက်များရှိခဲ့သည်။ ထိုအတောအတွင်း၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပုဂ္ဂလိကရုပ်သံလွှင့်လုပ်ငန်းများအတွက် ထုတ်လွှင့်မှုဆိုင်ရာဝန်ဆောင်မှုပေးခြင်းလုပ်ငန်းမှရသည့် အကျိုး အမြတ်၊ ဒစ်ဂျစ်တယ်မြေပြင်အခြေစိုက် ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းအတွက် ရုပ်သံထုတ်လွှင့်ဖြန့်ဖြူးရေးဝန်ဆောင်မှု မှရသော အကျိုးအမြတ်နှင့် ကြော်ငြာများမှရသောအကျိုးအမြတ်များကို တွက်ချက်ခဲ့ကြပြီး ၄င်းပမာဏသည် စုစုပေါင်းကုန်ကျစရိတ်၏ ၄၀% ကျော်အတွက် လုံလောက်မှုရှိနိုင်သည်။ အဆိုပါအခြေအနေတွင် လွှတ်တော်၏ကြီးကြပ်မှုအောက်၌ ငွေတိုက်ဦးစီးဌာနမှ ထောက်ပံ့ငွေစနစ်ကို ထူထောင်ရန် MRTV Next Project မှ အကြံပြုထားသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အစီအစဉ်များဝယ်ယူခြင်းအပါအဝင် ရုပ်မြင်သံကြား ထုတ်လုပ်ရေးအတွက် ကျပ်ငွေ ၉၂၆ သန်း အသုံးပြုခဲ့ပြီး ရုပ်မြင်သံကြား အစီအစဉ်များ ဝယ်ယူခြင်းအတွက် အမှန်တကယ် ကုန်ကျစရိတ်မှာ အစီအစဉ်ပေါင်း ၁၈၈၁ ခု အနက် အစီအစဉ် ၇၄၀ ခုအတွက် ကျပ်ငွေ ၇၃၆ သန်းဖြစ်သည်။ အလားတူပင် အသံလွှင့်ဌာနခွဲတွင်လည်း အသံလွှင့်အစီအစဉ်များထုတ်လုပ်ရေးအတွက် စုစုပေါင်းကုန်ကျစရိတ်ပမာဏသည် ဝယ်ယူမှုအတွက် ကျပ်ငွေ ၁၀ သန်း အပါအဝင် ကျပ်ငွေ ၆၃ သန်းဖြစ်သည်။ အဆိုပါ ဝယ်ယူမှုကုန်ကျစရိတ်များအား အောက်ပါ ဇယား ၂.၃-၁၄ တွင် ဖော်ပြထားပါသည်။

ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်ရေး ကုန်ကျစရိတ်များ၏ ၈၀% ကို အစီအစဉ်များ ဝယ်ယူရေး အတွက် အသုံးပြုပြီး ခေါင်းစဉ်များ၏ ၄၀% တို့သည် ဝယ်ယူထားသည့်အစီအစဉ်များဖြစ်သော ကြောင့် ရုပ်မြင်သံကြားအစီအစဉ်များသည် ဝယ်ယူမှုပေါ်တွင်သာ ရာနှုန်းပြည့် မူတည်နေသည်။ ၂၀၁၈-၂၀၁၉ အတွင်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ မှတ်တမ်းတစ်ခုအရ အစီအစဉ်တစ်ခုအား ဝယ်ယူရာတွင် အသုံးပြုရသည့်ကုန်ကျစရိတ်သည် ၄င်းအစီအစဉ်အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မှ ကိုယ်တိုင် ထုတ်လုပ်သည့် ကုန်ကျစရိတ်ထက် ၅ ဆ ပိုမိုမြင့်မားသည်။ TV အစီအစဉ်များ ဝယ်ယူခြင်း နှင့် နှိုင်းယှဉ်လျှင် အသံလွှင့်အစီအစဉ်များ ဝယ်ယူခြင်းအတွက် ကုန်ကျစရိတ်သည် ၁၆% ဖြစ်ပြီး ဝယ်ယူထားသည့်အစီအစဉ် အရေအတွက်အချိုးသည် ၆% ဖြစ်သည်။ ဇယား ၂.၃-၁၄ ကို

စိစစ်လေ့လာရာ၌ ထုတ်လွှင့် ချိန် ပိုမိုများပြားသည့် ရေဒီယိုအစီအစဉ်များသည် ထုတ်လွှင့်ချိန် ပိုမိုတိုတောင်းသည့် အစီအစဉ်များ ထက် ဝယ်ယူထားခြင်း ဖြစ်နိုင်ခြေ ပိုမိုများပြားသည်။ ထို့ကြောင့် အကယ်၍ ထုတ်လုပ်ရေးကုန်ကျစရိတ်အများစုအား ကိုယ်တိုင်ရိုက်ကူးထုတ်လုပ်ရေးအတွက် အသုံးချထားလျှင်ပင် ကိုယ်တိုင် ထုတ်လုပ်ထားသည့် အသံလွှင့်အစီအစဉ်နာရီပေါင်းသည် နည်းပါးနေသေးသည်။ ထို့ပြင် အကယ်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် ထုတ်လွှင့်ချိန် ကြာမြင့်သည့် အစီအစဉ်များကို ပိုမို ထုတ်လုပ်ပါက အဆိုပါ နှုန်းထားကို မြှင့်တင်နိုင်သည်။ ထိုမှုသာမကဘဲ ကိုယ်တိုင်ထုတ်လုပ်မှု အရေအတွက်ကို တိုးမြှင့်ခြင်းဖြင့် အစီအစဉ် အရည်အသွေး နှင့် ကဏ္ဍစုံလင်မှုဆိုင်ရာ တိုးတက်မှုများကို တွက်ချက်ရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မှ ကိုယ်တိုင်ထုတ်လုပ်မှုများအတွက် ဘက်ဂျက် ရရှိနိုင်ရန် အစီအစဉ်များ ဝယ်ယူမှုကို လျှော့ချရေး သည် အလွန်အရေးကြီးမည်ဖြစ်သည်။ ထုတ်လုပ်မှု ကုန်ကျစရိတ် ခန့်မှန်းချက်အား အပိုင်း ၃.၃ တွင် ဖော်ပြထား ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မှ ထုတ်လုပ်သည့် အစီအစဉ်များသည် ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ သဘောထားများ နှင့် ကွဲပြားစုံလင်သော လူမှုပတ်ဝန်းကျင်များပေါ်တွင် မူတည်သည့် ပရိတ်သတ် များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ထို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏နောက်လာမည့်စီမံကိန်းလုပ်ငန်း တွင် ကိုယ်တိုင်ထုတ်လုပ်မှုနှုန်း မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ အထူးအလေးပေးထားပါသည်။ ထိုသို့ မြှင့်တင်ရေးသည် ဝယ်ယူထားသည့် အကြောင်းအရာများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ နှစ်ပေါင်း ၈၀ ကျော်ကြာ ရှိလာခဲ့သည့် အစဉ်အလာနှင့် သဟဇာတဖြစ်အောင် ချိန်ညှိပြင်ဆင်ခြင်းကဲ့သို့ အစီအစဉ်များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏မူမပျက် အရည်အသွေးနှင့်ကဏ္ဍစုံလင်မှုတို့ တိုးတက်ကောင်းမွန်လာစေရေးနှင့်လည်း ဆက်စပ်နေသည်။ ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် ပုဂ္ဂလိက မီဒီယာများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ပုံစံတစ်ခုမှတဆင့် ပရိသတ်များထံသို့ တိကျသော၊ ဘက်မလိုက်သော၊ မှုတသော သတင်းအချက်အလက်များတင်ပြခြင်းဖြင့် မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် မီဒီယာအသိုင်းအဝိုင်းတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရေးကိုလည်း အထောက်အကူ ပြုရန် လိုအပ်ပါသည်။ ပြည်ပမှ အစီအစဉ်များ ဝယ်ယူမှု တိုးမြှင့်ခြင်းသည် လူကြိုက်များစေရေး အတွက် မီဒီယာများအကြား ငွေကြေးဆိုင်ရာ ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာစေပြီး ယင်းကြောင့် အသေးစား/အလတ်စား ရုပ်သံထုတ်လွှင့်သူများ ပျောက်ကွယ်သွားစေသည်။ ထိုသို့သော အခြေအနေ တစ်ရပ်သည် မီဒီယာများအား လူနည်းစု၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိစေပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်စေမည့် အန္တရာယ်တစ်ခုကိုလည်း ပေါ်ပေါက်လာ စေသည်။

ဇယား ၂.၃-၁၄။ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း အစီအစဉ် ဝယ်ယူမှု ကုန်ကျစရိတ် (အမှန်တကယ် အသုံးစရိတ်)

ယူနစ် - ကျပ်

| စဉ် | အကြောင်းအရာ | TV | | ရေဒီယို | |
|---|---|---|---|---|---|
| | | ထုတ်လုပ်မှု အားလုံး | ဝယ်ယူမှု | ထုတ်လုပ်မှု အားလုံး | ဝယ်ယူမှု |
| ၁ | ထုတ်လုပ်မှု ကုန်ကျစရိတ် စုစုပေါင်း အသုံးစရိတ် (MMK) | ၉၂၆ သန်း | ၇၃၆ သန်း | ၆၃ သန်း | ၁၀ သန်း |
| ၂ | ဝယ်ယူမှု ကုန်ကျစရိတ်များ (%) | **၈၀%** | | ၁၆% | |
| ၃ | နှစ်စဉ် ထုတ်လွှင့်သည့် အစီအစဉ် အရေအတွက် | ၁၈၈၁ | ၇၄၀ | ၁၁၃၇၄ | ၇၃၀ |
| ၄ | ဝယ်ယူထားသည့် အစီ အစဉ် အရေအတွက်(%) | **၄၀%** | | ၆% | |
| ၅ | ကိုယ်တိုင်ထုတ်လုပ်မှု နာရီပေါင်း အချိုး | ၄၈% | | ၇၆% | |

မှတ်ချက် ၁ - "ထုတ်လုပ်မှုများအားလုံး" ရှိ အသုံးစရိတ်တွင် "ဝယ်ယူမှုများ" ပါဝင်သည်။

မှတ် ချက် ၂ - “M” သည် သန်းပေါင်းကို ဖော်ပြပြီး “K” သည် ထောင်ပေါင်းကို ဖော်ပြသည်။

အရင်းအမြစ် - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထံမှ သတင်းအချက်အလက်ကို အခြေခံကာ JET မှ ပြင်ဆင်သည်။

## ၃။ ပြောင်းလဲမှုအတွက် အဓိက အချက်များ

### ၃.၁။ အဓိကအချက်များကို ခြုံငုံသုံးသပ်ခြင်း

#### (၁)။ အဓိကကျသည့် အချက်များအတွက် အခြေအနေ

ဤလမ်းပြမြေပုံကို ရေးဆွဲဖန်တီးရခြင်းသည် PSB တစ်ခုအဖြစ်သို့ ကူးပြောင်းရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ခွဲခြားသတ်မှတ်နိုင်ရေးအတွက်သာမကဘဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် PSB တစ်ခုအဖြစ်မည်သို့လည်ပတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့်ပတ်သက်သည့် အနာဂတ်မျှော်မှန်းချက်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကျင့်သုံးရမည့်ချဉ်းကပ်မှုနည်းလမ်းများကို ပြသရန်အတွက်လည်း ဖြစ်ပါသည်။ အဓိက မျှော်မှန်းချက်မှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများထံ တိကျသော၊ ဘက်မလိုက်သော၊ မှ ျတသော သတင်းအချက်အလက်များ တင်ပြနိုင်သည့် PSB တစ်ခုဖြစ်လာရန်ဖြစ်ပြီး ၎င်းသည် MRTV Next Project ၏ အဓိက ပန်းတိုင်တစ်ရပ်လည်း ဖြစ်သည်။ ထို့ပြင်အကယ်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ထိုသို့သောသတင်းအချက်အလက်များအား သင့်လျော်စွာ တင်ပြနိုင်မည်ဖြစ်ပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပေါ် ယုံကြည်အားထားနိုင်မှုနှင့် သဘောထားမှတ်ချက်ကောင်းများ ရရှိမှုတို့သည်လည်း မြင့်တက်လာမည်ဖြစ်သည်။ ထို့ကြောင့် MRTV Next Project သည် ဒေသန္တရ အခြေအနေများနှင့်အညီ သတင်းအချက်အလက်များပေးရန်အတွက် ကိုယ်တိုင်ထုတ်လုပ်မှုအချိုးအစားများကို တိုးချဲ့ရန် အရေးကြီးကြောင်း အသိအမှတ်ပြုခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရသော် အဓိကပန်းတိုင်အထမြောက်ရေးအတွက် အစီအစဉ် အရည်အသွေးနှင့်ကဏ္ဍစုံလင်မှုတို့ ပိုမိုတိုးတက်ကောင်းမွန်စေရန်လိုအပ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်မျှော်မှန်းချက် အကောင်အထည်ပေါ်ရေးအတွက် နည်းလမ်းမှာ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနခွဲ နှစ်ခုစလုံးအတွက် အစီအစဉ်များ၏ ၉၀% ခန့်ကို ကိုယ်တိုင်ထုတ်လုပ်ရန်ဖြစ်ပြီး ယင်းသို့ ထုတ်လုပ်ရာတွင် MRTV Next Project မှ ရေးဆွဲထားသည့် ကျင့်ဝတ်စည်းမျဉ်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ ရုပ်သံထုတ်လွှင့် မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ သတင်းတင်ဆက်သူများ လက်စွဲ နှင့် Program Planning Concept တို့နှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်သည်။ အဆိုပါ စာရွက်စာတမ်းများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ ထုတ်လုပ်မှုများ နှင့် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ ဝန်ဆောင်မှုများအတွက် အယူအဆများ၊ မူဝါဒများ၊ နည်းလမ်းများ၊ ပြုမူဆောင်ရွက်မှုများ နှင့် ဖြေရှင်းမှုနည်းလမ်းများကို ဖော်ပြထားပါသည်။

မျှော်မှန်းချက်အား ဤနည်းလမ်းဖြင့် အကောင်အထည်ဖော်နိုင်ရေးအတွက် MRTV Next Project သည် PSB တစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းရေးအတွက် အဓိကကျသည့် အချက်များအဖြစ် လာမည့်အပိုင်းများတွင် ဖော်ပြထားသည့် ချဉ်းကပ်မှုများကို အကဲဖြတ်သုံးသပ် ဖော်ပြထားပါသည်။ မျှော်မှန်းချက်အား အထက်တွင်ဖော်ပြခဲ့သည့် နည်းလမ်းဖြင့်လာမည့် ဆယ်နှစ်အတွင်း အထမြောက်အောင်ဖော်ဆောင်နိုင်ရေးအတွက် အဆိုပါ အဓိကကျသည့်အချက်များအား ယခုအချိန် ကတည်းမှစတင်ကာ ဆောင်ရွက်ရမည်ဖြစ်သည်။

#### (၂)။ အဓိကအချက်များ၏ အပြန်အလှန်ဆက်စပ်နေမှု

ယခင်အမှတ်စဉ်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း အစီအစဉ်အရည်အသွေး နှင့် ကဏ္ဍစုံလင်မှုကို မြှင့်တင်နိုင်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းရည်နှင့်ကျွမ်းကျင်မှုများကိုမြှင့်တင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ၊ ထုတ်လုပ်ရေးကိရိယာများနှင့် ငွေကြေးအရင်းအမြစ် များအား ပုံ ၃.၁-၁ တွင် ဖော်ပြထားသော အဓိကအချက်လေးချက်တို့ဖြင့် ပြုပြင်ပြောင်းလဲခြင်းတို့ လုပ်ဆောင်ရန် လိုအပ်ပါသည်။ ပုံ ၃.၁-၁ တွင် တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်နေသည့် နယ်ပယ်များ အကြား ရှိ ဆက်စပ်မှုတစ်ခုကို ဖော်ပြထားပါသည်။

ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်များ ရရှိရေး နှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများ တိုးတက်လာရေးအတွက်ထည့်သွင်းစဉ်းစားကာ ဝန်ထမ်းများအားအခွင့်အလမ်းများ ပိုမိုရရှိစေခြင်းတို့ကိုလည်း အထောက်အကူ ပြုနိုင်သည်။ ကုန်ကျစရိတ်များအား အထိရောက်ဆုံးဖြစ်စေရန်ပြင်ဆင်ချိန်ညှိခြင်းသည် ကိုယ်တိုင်ထုတ်လုပ်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့်ဘက်ဂျက်တို့အား လက်တွေ့ဖြစ်နိုင်သောနည်းလမ်းဖြင့် ရရှိနိုင်ရေး၊ လိုအပ်သောပစ္စည်းကိရိယာများ ရရှိနိုင်ရေးအတွက် အကြံဉာဏ်များ ထွက်ပေါ်လာစေမည်ဖြစ်သည်။ ဖြန့်ချိရေးဝန်ဆောင်မှုပြုပြင်ပြောင်းလဲရေးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဒစ်ဂျစ်တယ် မြေစိုက် ရုပ်သံထုတ်လွှင့်မှုအတွင်းရှိ ရုပ်မြင်သံကြားထုတ်လွှင့်ရေးဝန်ဆောင်မှုအတွက် သင့်လျော်မည့်စနစ်တစ်ခုကိုပြုလုပ်နိုင်ရန် ရည်ရွယ်ထားပြီး ယင်းသည် PSB အတွက် ငွေကြေးအရင်းအမြစ်တစ်ခုဖြစ်နိုင်ကာ သတင်းအချက်အလက် မညီမျှမှုကို လျှော့ချ နိုင်သည့်နည်းလမ်းကိုပြသနိုင်သည်။ အောက်ပါ အပိုင်းများတွင် အချက်တစ်ချက်ချင်းစီကို အသီးသီး ဖော်ပြထားပါသည်။




Figure 0-1 Correlation of Key Factors for Transformation to PSB

## ၃.၂။ ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲခြင်း

### ၃.၂.၁။ ဖွဲ့စည်းပုံ ပြန်လည်ဖွဲ့စည်းခြင်း

မျှော်မှန်း ဝန်ထမ်းဦးရေ ခန့်မှန်းတွက်ချက်မှုအား အပိုင်း ၂.၃.၃ ၌ ဖော်ပြခဲ့ပြီးဖြစ်ကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ရုပ်မြင်သံကြား နှင့် အသံလွှင့်ဌာနနှစ်ခုစလုံးအတွက် အကြမ်းဖျင်း ၉၀% ခန့် ကိုယ်တိုင် ထုတ်လုပ်ပါက တစ်နေ့စာအတွက် လိုအပ်နေမည့် ဝန်ထမ်းဦးရေမှာ ၃၀၀ ရှိပါသည်။ ထိုသို့သော ကြီးမားသည့်လိုအပ်ချက်အား ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှု နည်းလမ်းတစ်မျိုးတည်းဖြင့် စီမံခန့်ခွဲရန်မှာ အလွန်ခက်ခဲမည်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲမှုများ သည် အဓိကအားဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဝန်ထမ်းများ၏ စွမ်းရည်နှင့်ကျွမ်းကျင်မှုများကို တိုးတက်ကောင်းမွန်လာစေရန်

ရည်ရွယ်သည်။ (၂၀၁၈ ခုနှစ်တွင် ရေးသားပြုစုခဲ့သည့် အစီအစဉ်ထုတ်လုပ်မှုများတွင်ရှိနေသည့် ပြဿနာများ စိစစ်သုံးသပ်ချက် အစီရင်ခံစာကိုလည်း ဖတ်ရှုပါ။)

အပိုင်းခွဲ ၂.၃.၃ တွင် ဖော်ပြခဲ့သည့် အဓိကပြဿနာမှာ ဝန်ထမ်းများတွင် အတွေ့အကြုံလုံလောက်စွာမရှိခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် သုတေသနများလုပ်ဆောင်နိုင်ခြင်းမရှိကြဘဲ အစီအစဉ်များအတွက် အစီအစဉ်ဇယားများကို ကိုယ်တိုင်ရေးဆွဲနိုင်ခြင်းမရှိကြပေ။ ထိုသို့သောအခြေအနေတစ်ရပ်ရှိနေသည့်အတွက် အစီအစဉ်များ၏အရည်အသွေးသည် ပရိသတ်များအတွက် လုံလောက်မှု မရှိပေ။ ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် မတူကွဲပြားသည့် နိုင်ငံတစ်နိုင်ငံအတွင်းရှိ အများပြည်သူဆိုင်ရာ မီဒီယာများ၏သတင်းအချက်အလက် မညီမျှမှုကိုလျှော့ချရေးနှင့်စပ်လျဉ်း၍ ဒေသတွင်းနှင့် ပြည်တွင်းအခြေပြုသတင်းအချက်အလက်များ တင်ပြရန်လည်း ရည်မှန်းထားပါသည်။

MRTV Next Project သည် ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုများအတွက် ဦးတည်ချက် ၆ ခုတို့ကို အောက်ပါအတိုင်း သုံးသပ်ဖော်ပြထားပြီး ဖွဲ့စည်းပုံ ပုံကားချပ်ကို ပုံ ၃.၂-၁ တွင် ဖော်ပြထားပြီး ၎င်းတို့ကို လိုအပ်ရသည့် အကြောင်းအရင်းများကို ဆက်လက် ဖော်ပြထားသည်။

၁။ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် ပြုစုပျိုးထောင်ပေးခြင်း
၂။ ထိရောက်စွာ တာဝန်သတ်မှတ်တင်ပြခြင်း
၃။ ရန်ကုန်မြို့တွင်း၌ အစီအစဉ် ထုတ်လုပ်မှုကို မြှင့်တင်ခြင်း
၄။ ဗျူရိုများမှ ဒေသန္တရသတင်းများကို ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း
၅။ ဗျူဟာမြောက် အစီအစဉ် ဇယားများရေးဆွဲခြင်းကို စတင်မိတ်ဆက်ခြင်း
၆။ အစီအစဉ်များအား စစ်ဆေးသုံးသပ်မှုများပြုလုပ်ကြောင်း သေချာစေခြင်း




Note: Establishment of the Audience Council is supported by DWA.

Source: Prepared by MRTV Next Project

Figure 0-1 Recommended MRTV Organization Chart

(၁)။ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် ပြုစုပျိုးထောင်ပေးခြင်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် သတင်းထောက်များ နှင့် ထုတ်လုပ်သူများအား သက်ဆိုင်ရာ နယ်ပယ်များအတွင်း တာဝန်များ တိတိကျကျ ခွဲဝေတင်ပြထားခြင်းမရှိဘဲ နယ်ပယ်အမျိုးမျိုးတို့မှ အစီအစဉ်များကို ရိုက်ကူးထုတ်လုပ်သည်။ နယ်ပယ်တစ်ခုချင်းစီတွင် အသိပညာများ နှင့် ကျွမ်းကျင်မှုများ ဖြည့်တင်းထားရှိရန် နှင့် အစီအစဉ်များအတွင်း ပူးပေါင်းပါဝင်သူများ ဖြစ်ကောင်းဖြစ်နိုင်သော ပညာရှင်များ နှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆက်ဆံရေးများ တည်ဆောက်ရန် အလွန်ခက်ခဲပါ သည်။ ထို့ပြင် သတင်းထောက်များ နှင့် ရိုက်ကူးထုတ်လုပ်သူများသည်လည်း လက်ရှိအခြေအနေ၌ အစီအစဉ်များအား သီးသန့်နယ်ပယ်များဖြင့် ထုတ်လုပ်မှု မရှိကြပေ။ ထို့ကြောင့် MRTV Next Project သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် ပုံ ၃.၂-၁ တွင် ဖော်ပြထားသည့် သတင်းများ နှင့် အစီအစဉ်များ ခွဲခြားမှု အကြောင်းအရာ နယ်ပယ်များကိုအခြေခံကာ ဌာနများ တည်ထောင်ရေး အတွက် အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း အစီရင်ခံတင်ပြထားသည်။

(၂)။ သတင်းဌာနစိတ် ဖွဲ့စည်းခြင်းနှင့် ထိရောက်စွာ တာဝန်သတ်မှတ်ပေးခြင်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ဝန်ထမ်းများအား နေ့စဉ်တာဝန်များ ခွဲဝေပေးရာတွင် လုံလောက်သော ပြောင်းသာပြင်သာမှု မရှိသော်ငြား သတင်းအချက်အလက်များ စုဆောင်းရန် နှင့်/သို့မဟုတ် တွေ့ဆုံမေးမြန်းမှုများ လုပ်ဆောင်ရန် တစ်နေရာတည်းသို့ ရုပ်မြင်သံကြား နှင့် အသံလွှင့်ဌာနခွဲတို့မှ သတင်းထောက် နှစ်ဦးစီ စေလွှတ်ပါသည်။ ဌာနနှစ်ခုစလုံးသည် သတင်းများကို သပ်သပ်စီ အသီးသီး ထုတ်လုပ်နေကြသည်။ ထိုကဲ့သို့အခြေအနေမျိုးသည် ကိုယ်ပိုင်ထုတ်လုပ်မှုနှုန်းကို တိုးတက်စေသည်။ သို့ဖြစ်သောကြောင့် သတင်းထောက်များအားလုံးကို ဌာနတစ်ခုတည်းတွင် ထားရှိပြီး ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနခွဲတို့မှ သတင်းများအတွက် ဇာတ်ညွှန်းအတူတူ အသုံးပြုခြင်း၊ ဗွီဒီယိုနှင့် အသံဖိုင်များကို ဝေမျှသုံးခြင်းတို့ပြုလုပ်ရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် လိုအပ်ပါက သတင်းများကို ပိုမိုစုံလင်စွာဖြင့် အတွင်းကျကျတင်ဆက်နိုင်ပေမည်။

အခြားတစ်ဘက်တွင် နည်းပညာပိုင်းဆိုင်ရာဌာန၌ အစီအစဉ်ထုတ်လုပ်ရေး သို့မဟုတ် ရုပ်သံထုတ်လွှင့်ရေးအဆောက်အဦများနှင့် စက်ပစ္စည်းများကို အသုံးပြုပြီးပြုပြင်ထိန်းသိမ်းသည့် တာဝန်ခံဝန်ထမ်းအမျိုးအစား နှစ်မျိုးရှိပါသည်။ လက်ရှိတွင် စက်မှုဌာနခွဲအား ရိုက်ကူးထုတ်လုပ်မှုများအတွက် တာဝန်ခံမဟုတ်သည့် လက်ထောက် ညွှန်ကြားရေးမှူးချုပ် (DyDG) တစ်ဦးမှ ကြီးကြပ်ပါသည်။ ထို့ကြောင့် ရုပ်မြင်သံကြား နှင့်/သို့မဟုတ် အသံလွှင့်ဌာနခွဲများအနေဖြင့် အလျှင်လိုသည့် ထုတ်လုပ်မှုကိစ္စများအတွက် တာဝန်ချထားပေးရန် DyDG ထံသို့ တရားဝင်တောင်းဆိုမှုတစ်ခုကို လတ်တလောတွင် ပြုလုပ်ရပါသည်။ အဆိုပါ အကြောင်း အရင်းကြောင့် ထုတ်လုပ်ရေးအတွက် တာဝန်တင်ပြထားသည့် ဌာနအားလုံးကို နောက်ထပ် DyDG တစ်ဦးဖြစ်သည့် အယ်ဒီတာချုပ်၏ လက်အောက်တွင်ထားရှိသင့်ကြောင်း အကြံပြုတင်ပြထားပါသည်။ ထိုသို့သောကိစ္စရပ်များကြောင့် သတင်းအချက်အလက်၊ အစီအစဉ်ထုတ်လုပ်မှုနှင့် ထုတ်လုပ်ရေးဆိုင်ရာ အင်ဂျင်နီယာဌာနများ ဖွဲ့စည်းရန် ထည့်သွင်း စဉ်းစားထားပါသည်။

(၃)။ ရန်ကုန်မြို့တွင်း၌ အစီအစဉ် ထုတ်လုပ်မှုကို မြှင့်တင်ခြင်း

မြန်မာနိုင်ငံအစိုးရအနေဖြင့် မြို့တော်အား နေပြည်တော်သို့ ရွှေ့ပြောင်းခဲ့သည့်အချိန်မှစတင်ကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ ရုံးချုပ်များအား နေပြည်တော်မှ တစ်နာရီကြာကားမောင်းရသည့် တပ်ကုန်းမြို့အစွန်ရှိ ကျေးရွာတစ်ရွာသို့ ရွှေ့ပြောင်းရန် ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် ဖျော်ဖြေသူများ၊ ဧည့်သည်များနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအား တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယိုများသို့ ခေါ်ဆောင်ရန် အလွန်ပင်အခက်အခဲဖြစ်ပါသည်။ ထို့ပြင် သတင်းထောက်များအနေဖြင့်လည်း ရုပ်သံထုတ်လွှင့်ရေးအတွက် တင်ပြရမည့်သတင်းအချက်အလက်များစုဆောင်းရန်အတွက် နေပြည်တော်သို့သွားရောက်ရန် လိုအပ်ပါက အကြမ်းဖျဉ်း သွားလာချိန်နှစ်နာရီခန့် အချိန်ကုန်ပါသည်။ အခြားတစ်ဘက်တွင်မူ ရန်ကုန်၌ လူဦးရေ များပြားစွာရှိသဖြင့် အခွင့်အလမ်းများလည်း များပြားစွာရှိသောကြောင့် သတင်းအကြောင်းအရာများစွာရှိပါသည်။ သတင်းအဖြစ်ဖော်ပြနိုင်မှုကို ထည့်သွင်းစဉ်းစားပါက တပ်ကုန်းတွင်ထက် ရန်ကုန်တွင်တာဝန်ထမ်းဆောင်သည့် သတင်းထောက်နှင့်ထုတ်လုပ်သူများ ပိုမိုလို အပ်မည်ဖြစ်သည်။ ထို့ပြင် သတင်းရယူရမည့် နေရာများသို့ သွားရောက်သည့် ကုန်ကျစရိတ် များသည်လည်း ရန်ကုန်နှင့်ယှဉ်ပါက ပိုမိုများပြားပါသည်။ ထို့ကြောင့် အစီအစဉ်အရည်အသွေးကို မြှင့်တင်ရန်အတွက် ရန်ကုန်တွင်ဝန်ထမ်းဦးရေ ပိုမိုခွဲဝေထားရှိသင့်ပါသည်။

MRTV Next Project တွင် အစပိုင်း၌ ထုတ်လုပ်ရေးဝန်ထမ်း သုံးပုံတစ်ပုံအား ရန်ကုန်ရှိ ရန်ကုန်လုပ်ငန်း လည်ပတ်မှုဌာနတွင် တာဝန်တင်ပြရန် အဆိုပြုထားပါသည်။

(၄)။ ဗျူရိုများရှိ ဒေသန္တရသတင်းများကို အဆင့်မြှင့်တင်ခြင်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးနီးပါး၌ ဗျူရိုပေါင်း ၁၃ ခုကို တည်ထောင်ထားရှိ ခဲ့ပါသည်။ အဓိကအားဖြင့် ရန်ကုန်နှင့်မန္တလေးဗျူရိုများသည် ပင်မရုပ်သံလိုင်းအတွက်ဖြစ်ပြီး ဗျူရို ၁၁ ခုတို့မှာ တိုင်းရင်းသားဘာသာ စကားများဖြင့် ထုတ်လွှင့်သည့် ရုပ်သံလိုင်း (NRC) အတွက် ဖြစ်ပြီး ဒစ်ဂျစ်တယ် မြေစိုက်ရုပ်သံထုတ်လုပ်မှုဖြင့် လည်ပတ်နေပါသည်။ ဗျူရိုများမှ တင်ဆက်သည့် သတင်းအချို့အား ပင်မရုပ်သံလိုင်းတွင် ထုတ်လွှင့်မည်ဖြစ်ပါသည်။ သို့ရာတွင် ပင်မရုပ်သံလိုင်း နှင့် NRC တို့အကြားတွင် သတင်းအစီအစဉ်များအား ချိန်ကိုက်ထားခြင်းမရှိဘဲ သီးခြားစီဖြစ်နေသည်။

ပြည်နယ် နှင့် တိုင်းဒေသကြီး မြို့တော်များတွင်လည်း လူဦးရေများပြားစွာရှိကြပြီး ၎င်းတို့ထံမှ ထုတ်ကုန်များ၊ ကုန်ကြမ်းများ နှင့် သဘာဝအရင်းအမြစ်များစွာရရှိကာ တစ်နိုင်ငံလုံး၏ရုပ်တည်ရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များအတွက် မရှိမဖြစ် လိုအပ်ပါသည်။ ထို့ပြင်အချို့သော တိုင်းရင်းသားအုပ်စုများ၏ ဒေသများတွင် ပဋိပက္ခများ ဖြစ်ပွားနေဆဲဖြစ်ပြီး လူ့အဖွဲ့အစည်း၏ သာမန်ဒေသများအတွင်းနေထိုင်ကြသည့် ပြည်သူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏ နယ်နိမိတ်များအတွင်း နေထိုင်ကြသည့် ပြည်သူများအကြား မီဒီယာများဖြင့် ဖော်ပြမှုမှတဆင့် ပဋိပက္ခများကို လျော့ချနိုင်မည်ဟု မျှော်မှန်းထားပါသည်။

ထို့ကြောင့် MRTV Next Project သည်ဒေသန္တရ နယ်မြေများအတွင်း ထုတ်လွှင့်သည့် ဒေသန္တရသတင်းများ နှင့် အကြောင်းအရာများကို အဆင့်မြှင့်တင်ရန်အတွက် သတ်မှတ်ချက်တစ်ခု ထားရှိသင့်ကြောင်း အဆိုပြုထားပါသည်။ ဗျူရိုများသည် တိုင်းရင်းသား ဘာသာစကားများ အသုံးပြုကြသည့် ပြည်သူများနှင့် ဆက်သွယ်နိုင်စွမ်းရှိကြပြီး ယင်းသည် တိုင်းရင်းသားလူမျိုးစုများထံ အစီအစဉ်များ ထုတ်လွှင့်ရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အားသာချက် တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသား လူမျိုးစုတစ်စုချင်းစီ၏ လူဦးရေသည် ဗမာလူမျိုးများနှင့်ယှဉ်ပါက များစွာမရှိလှပေ။ သို့သော်လည်း စုစုပေါင်း လူဦးရေ၏ ၃၀% သည် ဗမာမဟုတ်သူများဖြစ်ကြသည်။ ထို့ကြောင့် သတင်းအချက်အလက် မညီမျှမှု လျှော့ချရေးကို ထည့်သွင်းစဉ်းစားရာ၌ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများထံ ကဏ္ဍစုံလင်ကွဲပြားသည့် အစီအစဉ်အမျိုးမျိုးတို့ဖြင့် တင်ဆက်ရမည်ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာ လမ်းညွှန်တစ်ခုပေါ်တွင် အခြေခံကာ ထုတ်လွှင့်မှုကို အချိန်နှင့်တပြေးညီ ချိန်ကိုက်ရန်အတွက် ရုပ်သံလိုင်းတစ်ခုချင်းစီအားဖျက်သိမ်းကာ ဗျူရိုများအားလုံးကို သတင်းဌာနခွဲအောက်တွင် ထားရှိရမည်ဖြစ်သည်။

(၅)။ ဗျူဟာမြောက် အစီအစဉ် ရေးဆွဲပြင်ဆင်မှုကို စတင်မိတ်ဆက်ခြင်း

အစိုးရ နှင့် အခြားသော ပြင်ပ အုပ်စုများထံမှ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ စာနယ်ဇင်းလွတ်လပ်ခွင့် ရှိကြောင်း သေချာစေရေးအတွက် အများပြည်သူဆိုင်ရာ ရန်ပုံငွေများဖြင့် လည်ပတ်မည့် PSB တစ်ခု အနေဖြင့် ရုပ်သံထုတ်လွှင့်မှု ဝန်ဆောင်မှုများအား ပရိတ်သတ်များ နှင့် ပြည်သူများအားလုံးထံ တင်ပြနိုင်မည့် သင့်လျော်သည့်အစီအစဉ်ရေးဆွဲပြင်ဆင်မှုကဲ့သို့သော အခြေခံတစ်ခုဖြင့် တင်ပြ ရမည်ဖြစ်သည်။ ထို့ကြောင့် ပရိတ်သတ်များထံမှ အကြံပြုတင်ပြချက်များအား အနာဂတ်အခွင့်အလမ်းများအတွင်း မည်သို့ ပေါင်းစပ်ထည့်သွင်းနိုင်မည်ဖြစ်ကြောင်းစသည်တို့ကို စိစစ်လေ့လာမည် ဖြစ်သောကြောင့် အစီအစဉ်များ၏ အရည်အသွေးကို မြှင့်တင်နိုင်ရေးအတွက် ပရိသတ်များအား စစ်တမ်းကောက်ယူခြင်းများကို လုပ်ဆောင်ရမည်ဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထံတွင် ထိုသို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ သုတေသန လုပ်ငန်းများ လုပ်ဆောင်ရန် အတွက် ဌာန နှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက်တို့ မရှိသောကြောင့် သတင်းများဆိုင်ရာ ဌာနတစ်ခု ကို ပုံ ၃.၂-၁ တွင် ဖော်ပြထားသည့်အတိုင်း ထုတ်လွှင့်တင်ဆက်မှု ဌာနအဖြစ် တည်ထောင်ရမည် ဖြစ်သည်။

(၆)။ အစီအစဉ်အား စိစစ်သုံးသပ်မှုများ လုပ်ဆောင်ကြောင်း သေချာစေခြင်း

အစီအစဉ်များအား သီးခြားလွတ်လပ်သော ထုတ်လွှင့်တင်ဆက်သူတစ်ခုအဖြစ် MRTV Next Project မှ ပြင်ဆင်ထားသည့် စည်းမျဉ်းစည်းကမ်းများ နှင့် ကျင့်ဝတ် စည်းမျဉ်းများပေါ်တွင် အခြေခံ၍ ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများအတွင်းရှိ အစီအစဉ်များ ထုတ်လွှင့်တင်ဆက်မှုအတွက် စိစစ်သုံးသပ်ရေး စနစ်တစ်ခုကို ထားရှိရန် လိုအပ် သည်။ MRTV Next Project ၏အဆိုပြုထားချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် အစီအစဉ်များ စိစစ်သုံးသပ်ရေးအတွက် ဌာနတွင်း အဖွဲ့အစည်းတစ်ခုကို တည်ထောင်ကာ ယင်းကို ထုတ်လုပ်ရေးနှင့် ပတ်သက်နေသည့် ဌာနများနှင့် သီးခြားစီခွဲခြားထားသင့်ပါသည်။ ထို့ကြောင့် အစီအစဉ်များ စိစစ်သုံးသပ်ရေး ရုံးတစ်ခုအား ပုံ ၃.၂-၁ တွင် ပြထားသည့်အတိုင်း တည်ထောင်ရန် လိုအပ်ပါသည်။

### ၃.၂.၂။ ဝန်ထမ်းများ နေရာခွဲဝေချထားခြင်း

အဆိုပြုထားသည့် ဖွဲ့စည်းပုံအရ ထိုကဲ့သို့ဖွဲ့စည်းပုံကို ပြုပြင်ပြောင်းလဲရသည့် ရည်ရွယ်ချက်မှာ ရန်ကုန်မြို့ရှိ ရိုက်ကူးထုတ်လုပ်မှု စွမ်းရည်ကို မြှင့်တင်ရန် ဖြစ်သည်။ MRTV Next Project သည် ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုများ၏အစတွင် ဝန်ထမ်းများ နေရာခွဲဝေချထားရေးအစီအစဉ် နှင့် ဖြန့်ချိရေး အစီအစဉ်တစ်ခုတို့ကို စိစစ်သုံးသပ်ထားပြီး အဆိုပါစိစစ်သုံးသပ်ချက်များမှ ရလဒ်များအား ဇယား ၃.၂-၁ နှင့် ဇယား ၃.၂-၂ တို့တွင် ဖော်ပြထားပါသည်။ နေရာခွဲဝေချထားရေး အစီအစဉ်အား အဖွဲ့ အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ အစတွင် ဖော်ပြထားပါသည်။ ထို့ကြောင့် စုစုပေါင်းအရေအတွက်သည် ဟန်ချက်ညီမှုျမှုရှိမည်ဖြစ်သည်။ လက်တွေ့လုပ်ဆောင်ရန် ဖြစ်နိုင်သော ဝန်ထမ်းများ ပြန်လည်နေရာချထားရေးအတွက် အစီအစဉ်များ ထုတ်လုပ်ရေး၊ သတင်း နှင့် ရန်ကုန် လုပ်ငန်းလည်ပတ်မှု ဌာနများအောက်တွင် တာဝန်တင်ပြမည့် ဝန်ထမ်းဦးရေမှာ ၇၈၁ ဦးဖြစ်ပြီး ယင်းအရေအတွက်သည် လက်ရှိ ရုပ်မြင်သံကြား နှင့် အသံလွှင့်ဌာနခွဲများမှ စုစုပေါင်း ဝန်ထမ်းဦးရေ ၈၂၀ ဦးထက် ပိုမိုနည်းပါးပါသည်။ ထို့ပြင် ကင်မရာရိုက်ကူးရေး ဝန်ထမ်းများကိုလည်း ရန်ကုန်လုပ်ငန်းလည်ပတ်မှုဌာန၏ ထုတ်လုပ်မှု အင်ဂျင်နီယာဌာန သို့မဟုတ် စက်မှုဌာနခွဲတို့အတွင်း ထည့်သွင်းရေတွက်မည်ဖြစ်သည်။ ထို့ကြောင့် နေရာခွဲဝေချထားရေးအစီအစဉ်သစ်အတွင်းရှိ အရေအတွက်သည် လက်ရှိ နေရာခွဲဝေချထားမှု အစီအစဉ်နှင့် ဟန်ချက်ညီမှုျမှုရှိပါသည်။ အလားတူပင် စီမံအုပ်ချုပ်ရေး ဌာနကိုလည်း လက်ရှိ စီမံအုပ်ချုပ်မှုနှင့် အကြမ်းဖျဉ်းအားဖြင့် တူညီ သော စုစုပေါင်း ဝန်ထမ်းဦးရေအတွက် လူ့စွမ်းအားအရင်းအမြစ်ဌာနနှင့် ပြန်လည်ဖွဲ့စည်းပြင်ဆင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လက်ရှိအရေအတွက်တွင် ယာဉ်မောင်းများ၊ ရုံးအဆောက်အဦ ထိန်းသိမ်းရေး ဝန်ထမ်းများ၊ လုံခြုံရေးများ နှင့် ကန်တင်းဝန်ထမ်းများပါဝင်ပြီး အမှန်တကယ် စီမံ အုပ်ချုပ်ရေးလုပ်ငန်း လုပ်ဆောင်သည့် ဝန်ထမ်းဦးရေတွင် လိုအပ်ချက်တစ်ခု ရှိမည်ဖြစ်သည်။ ထို့ကြောင့် အစီအစဉ်များအား ဝန်ထမ်းများအတွက် လက်ရှိ ကျွမ်းကျင်မှုများ နှင့် တာဝန်များ ပေါ်တွင် အခြေခံကာ ပြင်ဆင်သည်။ မည်သို့ပင်ဆိုစေကာမူ ကိုယ်တိုင်ထုတ်လုပ်မှုနှုန်း တိုးတက်လာစေရန်အတွက် သတ်မှတ်ထား သည့် အရေအတွက်ပြည့်မီစေရန် အစီအစဉ်များထုတ်လုပ်ရေးဌာန၌ ဇယား ၃.၂-၂ တွင် မီးခိုးရောင်ဖြင့် ဖော်ပြထားသောအကွက်တွင်ကဲ့သို့ လေးဦးသာ ခန့်အပ်တာဝန်ပေးရန် လိုအပ်သည်။ အဆိုပါ ပုဂ္ဂိုလ်များသည် ရိုက်ကူးထုတ်လုပ်ရေးအပိုင်းတွင် အတွေ့အကြုံမရှိသောကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ၎င်းတို့အတွက် တာဝန်အပြောင်းအလဲ ပြုလုပ်ရာတွင် အဆင်ပြေချောမွေ့စေရန် သင်တန်းပို့ချမှု အစီအစဉ်တစ်ခုကို စီစဉ်ရန်လိုအပ်သည်။ ထို့ပြင် တာဝန် အပြောင်းအလဲ ပြုလုပ်ရန် လိုအပ်ချက်အပေါ် နားလည်သဘောပေါက်မှု နှင့် ယင်းသို့ ပြောင်းလဲမှု အပေါ် ၎င်းတို့၏ လက်ခံမှုကိုလည်း လိုအပ်ပါသည်။ အောက်ပါ အပိုင်းခွဲ ၃.၂.၃ ရှိ ဇယား ၃.၂-၄ တွင် လက်အောက်ခံကုမ္ပဏီများ အသုံးပြုကာ ဝန်ထမ်းများ ခန့်အပ်ထားရှိရေးအတွက် ဆယ်နှစ်တာ ခန့်မှန်းတွက်ချက်မှုတစ်ခုကိုလည်း ဖော်ပြထားပါသည်။

ဇယား ၃.၂-၁ လက်ရှိ ဝန်ထမ်းများတာဝန်ခွဲဝေတင်ပြမှုအား ဝန်ထမ်းများတာဝန်ခွဲဝေတင်ပြမှု အစီအစဉ်နှင့် နှိုင်းယှဉ်ဖော်ပြခြင်း

၂၀၁၉ ခုနှစ် မေလအရ

| လက်ရှိ | | **တာဝန်ခွဲဝေတင်ပြမှု အစီအစဉ်သစ်** | | **မှတ်ချက်များ** |
|---|---|---|---|---|
| DG, DyDG များ, ရုံးဝန်ထမ်းများ | ၁၃ | DG, DyDG များ, ရုံးဝန်ထမ်းများ | ၁၃ | (လက်ရှိ DyDG တစ်ဦး) |
| | | ရုပ်သံထုတ်လွှင့်မှု ဌာန | ၂၇ | အသစ်၊ BoD အောက် သီးခြားလွတ်လပ်သည့်နေရာ |
| TV ဌာန | ၅၉၄ | အစီအစဉ် ထုတ်လုပ်ရေးဌာန | ၁၂၄ | ထုတ်လုပ်သူများ၊ PD များ |
| | | အွန်လိုင်းဌာနစိတ် | ၁၄ | TV ဌာနနှင့် သီးခြားဖြစ်သည် |
| | | မှတ်တမ်းဌာနစိတ် | ၁၂ | TV ဌာန၊ အသံလွှင့်ဌာနခွဲတို့နှင့် သီးခြား ဖြစ်သည် |
| အသံလွှင့်ဌာနခွဲ | ၂၂၆ | သတင်းများဆိုင်ရာ ဌာန | ၄၂၇ | PSB လိုင်းအတွက် လိုအပ်သည်၊ သတင်းထောက်များ မှ၂ဝေခြင်း |
| | | ရန်ကုန် လုပ်ငန်းလည်ပတ်မှုဌာန | ၂၅၈ | သတင်းများ၊ အစီအစဉ် ထုတ်လုပ် ခြင်း၊ ထုတ်လုပ်ရေးဆိုင်ရာ အင်ဂျင် နီယာလုပ်ငန်း နှင့် နည်းပညာ အဖွဲ့ ငယ်များ |
| တေးဂီတဌာန | ၈၈ | တေးဂီတဌာန | ၈၁ | ဒါရိုက်တာများ၊ တူရိယာသမားများ |
| နိုင်ငံတကာဌာန | ၅၅ | နိုင်ငံတကာဌာန | ၄၆ | ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို မပြောင်းလဲဘဲ ထားရှိရန် ထည့်သွင်းစဉ်းစားထား သည် |
| | | ထုတ်လုပ်ရေး အင်ဂျင်နီယာလုပ်ငန်း ဌာန | ၁၆၀ | CAM, VE, AE, LE, ဗီဒီယို အယ်ဒီတာ & O/M |
| စက်မှုဌာနခွဲ | ၁၀၀၆ | စက်မှုဌာနခွဲ | ၈၆၆ | TX များဆိုင်ရာ O/M, ပင်မ၊ ပေါ်ပေါက်မှု စနစ်၊ အစရှိသည် |
| စီမံအုပ်ချုပ်ရေးဌာန | ၂၃၈ | စီမံအုပ်ချုပ်ရေးဌာန | ၁၄၈ | ပြန်လည်ဖွဲ့စည်းထားသည် |
| | | လူ့စွမ်းအားအရင်း အမြစ်ဌာန | ၄၀ | စီမံအုပ်ချုပ်ရေးဌာနနှင့် သီးခြားစီ ဖြစ်သည် |
| ဘဏ္ဍာရေးဌာန | ၄၄ | ဘဏ္ဍာရေးဌာန | ၄၃ | ပြန်လည်ဖွဲ့စည်းထားသည် |
| | | အစီအစဉ် စောင့်ကြည့် သုံးသပ်ရေးရုံး | ၅ | အသစ်တည်ထောင်ထားသည်၊ PSB လိုင်းအတွက် လိုအပ်သည် |
| စုစုပေါင်း | ၂၂၆ | စုစုပေါင်း | ၂၂၆ | |

အရင်းအမြစ် - MRTV Next Project

Table 0-1 Staff Distribution Plan for the New Allocation

| No. | Division | New Allocation | From (Current Division) | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | Office Staff | TV | Radio | Music | Int. | Technical | Admin. | Finance | Total |
| | | | 13 | 594 | 226 | 88 | 55 | 1006 | 238 | 44 | 2,264 |
| 1 | DG, DyDGs, Office Staff | 13 | 13 | - | - | - | - | - | - | - | 13 |
| 2 | Broadcast Division | 27 | - | 1 | 1 | - | - | 1 | 23 | 1 | 27 |
| 3 | Programme Production Division | 124 | - | 93 | 27 | - | - | - | 4 | - | 124 |
| | - Online Section | 14 | - | 2 | 1 | - | - | - | 11 | - | 14 |
| | - Archive Section | 12 | - | 1 | 1 | - | - | - | 10 | - | 12 |
| 4 | News Division | 427 | - | 259 | 165 | - | 3 | - | - | - | 427 |
| 5 | Yangon Operation Division | 258 | - | 129 | 30 | 7 | 6 | - | - | - | 258 |
| | - Yangon Technical | *1 (86) | - | 38 | - | - | - | 48 | - | - | *1(86) |
| 6 | Music Division | 81 | - | - | - | 81 | - | - | - | - | 81 |
| 7 | International Division | 46 | - | - | - | - | 46 | - | - | - | 46 |
| 8 | Production Engineering Division | 160 | - | 70 | - | - | - | 90 | - | - | 160 |
| 9 | Technical Division | 866 | - | - | - | - | - | 866 | - | - | 866 |
| 10 | Administration Division | 148 | - | - | - | - | - | - | 148 | - | 148 |
| 11 | Human Resource Division | 40 | - | - | - | - | - | - | 40 | - | 40 |
| 12 | Finance Division | 43 | - | - | - | - | - | - | - | 43 | 43 |
| 13 | Office of Programme Inspection | 5 | - | 1 | 1 | - | - | 1 | 2 | - | 5 |
| | Total | 2,264 | | | | | | | | | |

Note 1: The number includes Yangon Operation Division.
Source: Prepared by MRTV Next Project

၃.၂.၃။ လက်အောက်ခံကုမ္ပဏီ တည်ထောင်ခြင်း

ဂျပန်နိုင်ငံရှိ ရုပ်သံထုတ်လွှင့်မှုဌာနများ၏ အခြေအနေကို လေ့လာနိုင်ရေးအတွက် MRTV Next Project မှ စီစဉ်ခဲ့သော ဂျပန်နိုင်ငံသို့ လေ့လာရေး ခရီးစဉ်အတွင်း ရုပ်သံထုတ်လွှင့်မှုဌာနတိုင်းသည် ထုတ်လုပ်ရေး နှင့် အခြားလုပ်ငန်းများအတွက် ယာယီဝန်ထမ်းများရရှိရန် လက်အောက်ခံကုမ္ပဏီများ တည်ထောင်ကြကြောင်း တွေ့ရှိခဲ့ရသည်။ ထုတ်လုပ်ရေးအတွက် ဝန်ထမ်းပမာဏအား အမြဲတမ်းဝန်ထမ်းများ၏ လိုအပ်နေချိန်တွင် သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်နိုင်မည့် အနည်းဆုံးလုပ်ငန်းပမာဏကို အခြေခံကာပုံစံရေးဆွဲထားသည်။ ထို့ကြောင့် ရုပ်သံထုတ်လွှင့်မှုဌာနများသည် လုပ်ငန်းအများဆုံး အချိန်များတွင်သာမကဘဲ ပုံမှန်အချိန်များတွင်ပါ ပြင်ပကုမ္ပဏီများမှထုတ်လုပ်ရေးဝန်ထမ်းများ ရရှိနိုင်ကြခြင်း ဖြစ်သည်။

ရုပ်သံလွှင့်လုပ်ငန်းများတွင် ဖြစ်လေ့ရှိသောပြဿနာတစ်ရပ်မှာ ရုပ်သံထုတ်လုပ်မှုဆိုင်ရာ လမ်းညွှန်ချက်များနှင့် မီဒီယာဌာနများ၏ စည်းမျဉ်းများကို နားလည်သော ဝန်ထမ်းများကို ရရှိရန် မလွယ်ကူခြင်းပင်ဖြစ်သည်။ အကယ်၍ ရုပ်သံလွှင့်ဌာနများသည် အနည်းဆုံး အလုပ်ပမာဏအတွက် လိုသည်ထက်ပိုများသော ဝန်ထမ်းအရေအတွက်အများအပြားလိုအပ်လာပါက ၎င်းတို့သည် ဝန်ထမ်းများ အတွက် ထပ်တိုးကုန်ကျမည့်ငွေပမာဏ ရှိထားရမည်ဖြစ်သည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဖွဲ့စည်းပုံကို ပြောင်းလဲခြင်းဖြင့် ဆယ်နှစ်အတွင်း ကိုယ်တိုင်ထုတ်လုပ်သည့်ပမာဏကို ၉၀% အထိရှိလာစေရန် ရည်ရွယ်ပြီး တချိန်တည်းမှာပင် PSB သည် ငွေတိုက်ဦးစီးဌာနမှ ငွေကြေးထောက်ပံ့မှုကို ယူမည်ဖြစ်သောကြောင့် မှန်ကန်သည့် ဘတ်ဂျက်ပမာဏကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တွက်ချက်ထားရန်လိုသည်။ ဝန်ထမ်းများ၏ စွမ်းရည်တိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ခြင်းသည် ငွေကုန်ကြေးကျများနိုင်သည်။ အကယ်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ဝန်ထမ်းများထပ်ခန့်ရန်လိုအပ်လာပါက များပြားသော ငွေကြေးပမာဏကို သုံးရမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြင်ပမှဝန်ထမ်းများကို ရှာဖွေရာတွင် ပုဂ္ဂလိကမီဒီယာလုပ်ငန်းများနှင့် ပြိုင်ဆိုင်ရနိုင်ချေရှိသည်။

MRTV Next Project သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အကယ်၍ ဝန်ထမ်းဦးရေအား လက်ရှိအခြေအနေအတိုင်း ဆက်လက်ထားရှိမည်ဆိုပါက ဆယ်နှစ်တာကြာပြီးနောက် ၉၀% ကိုယ်တိုင်ထုတ်လုပ် နိုင်ရေးအတွက် ဝန်ထမ်း ၃၀၀ ခန့်လိုအပ်မည်ဟု ခန့်မှန်းထားပြီး ယင်းကို ဇယား ၂.၃-၇ တွင် ဖော်ပြထားပါသည်။ အမှန်စင်စစ်တွင် အမြဲတမ်းဝန်ထမ်းအားလုံးကို လစာပေးရုံသာမကဘဲ ပင်စင်နှင့်အိမ်ရာတို့လည်း ပေးရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အလုပ်အကိုင်ခန့်အပ်ရာ၌ ထိုသို့သော ကုန်ကျစရိတ်များကို လိုအပ်ပါသည်။ တစ်ဖက်တွင်လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ပေါ်လစီအရ ပြင်ပထုတ်လုပ်ရေးကုမ္ပဏီများ၏ ဝန်ထမ်းများဖြင့် ရိုက်ကူး/ ထုတ်လုပ်သည့်အဖွဲ့မျိုးကို မဖွဲ့စည်းထားပေ။ ထို့အခါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ထုတ်လုပ်ရေးအတွက် outsource လုပ်ရန် လိုအပ်လာသောကြောင့် ကိုယ်တိုင်ထုတ်လုပ်သည့်ပမာဏ လျော့ကျလာစေသည်။ အထူးသဖြင့် ရုပ်မြင်သံကြားထုတ်လုပ်ရေး အပိုင်းတွင်ဖြစ်သည်။ သို့ရာတွင် လက်အောက်ခံကုမ္ပဏီများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လမ်းညွှန်ချက်များနှင့် ပေါ်လစီများကို လိုက်နာကြမည်ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီ၏ ထုတ်လုပ်ရေးပိုင်းမှ ဝန်ထမ်းများထဲမှ တစ်ဦးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပိုင်ဆိုင်သော စက်ပစ္စည်းကိရိယာများကို အသုံးပြုခွင့်ရထားမည်။

လက်အောက်ခံကုမ္ပဏီများသည် ၎င်းတို့၏ အားသာချက်များ၊ အသိဉာဏ်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရရှိလာသော အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို private sector တွင်အသုံးချကာ ၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းလုပ်နိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် လက်အောက်ခံကုမ္ပဏီများရှိ ဝန်ထမ်းများ၏ စွမ်းရည်ကိုလည်း တိုးတက်လာစေမည်ဖြစ်သည်။

ပြင်ပမှ လူ့စွမ်းအားအရင်းအမြစ်ရရှိရန်နှင့် ဝန်ထမ်းစရိတ်ထိန်းချုပ်နိုင်ရန် လုပ်ဆောင်ခြင်းဖြင့် အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် MRTV Next Project သည် ပုံ ၃.၂-၂ တွင် ဖော်ပြထားသည့်အတိုင်း လက်အောက်ခံကုမ္ပဏီများ တည်ထောင်ရန် အဆိုပြုထားပါသည်။ ရည်ရွယ်ချက်များအား အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

(က) ဝန်ထမ်းများ မလုံလောက်မှုအတွက် ထေမိစေရန်
(ခ) အစီအစဉ်များ၏ အရည်အသွေးကို ထိန်းချုပ်ရန်
(ဂ) အိမ်ရာ ကုန်ကျစရိတ်များ နှင့် ပင်စင် ရန်ပုံငွေထားရှိရမှုများ ပပျောက်သွားရန်
(ဃ) ကုန်ကျစရိတ်များ ထိန်းချုပ်ရန်




အရင်းအမြစ် - MRTV Next Project

ပုံ ၃.၂-၂ MRTV ၏လက်အောက်ခံကုမ္ပဏီများ

မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ကုမ္ပဏီများ၏ စီးပွားရေးဆိုင်ရာ နည်းဟန်အရ ကုမ္ပဏီများသည် ဝန်ထမ်း များ ခန့်အပ်ရန် နှင့် သင့်လျော်သည့် ခံစားခွင့်များအပါအဝင် လစာပမာဏများကို ဆုံးဖြတ်ရန စီစဉ်ကြသည်။ ထို့ပြင် ဇယား ၃.၂-၃ တွင် ဖော်ပြထားသည့်အတိုင်း ယာယီလွှဲပြောင်းဝန်ထမ်းဦးရေအချို့ကို လိုအပ်မည်ဖြစ်သည်။ ယာယီလွှဲပြောင်းဝန်ထမ်းများအတွက် လစာအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏ နည်းဟန်အတိုင်း ပေးချေမည်ဖြစ်သည်။

အောက်ပါ အချက်များတွင် လက်အောက်ခံကုမ္ပဏီတစ်ခုချင်းစီ၏ အသေးစိတ်အချက်အလက်များကို ဖော်ပြထားပါသည်။

ဇယား ၃.၂-၃ လက်အောက်ခံကုမ္ပဏီများဆိုင်ရာ အကြမ်းဖျင်း ဖော်ပြချက်

| စဉ် | ဝန်ဆောင်မှု အမျိုးအစား | ဝန်ဆောင်မှု | ဝန်ထမ်း နယ်ပယ် | တည်နေရာ | ယာယီလွှဲပြောင်းခြင်း |
|---|---|---|---|---|---|
| ၁ | (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သံစုံတီးဝိုင်း အပါအဝင်) သတင်း နှင့် ထုတ်လုပ်ရေး | - ထုတ်လုပ်ရေး အဖွဲ့များ၏ အဖွဲ့ဝင်အဖြစ် အစီအစဉ်များ နှင့် သတင်း တင်ဆက်မှုများ ထုတ်လုပ်ခြင်း<br>- အခမ်းအနားများ၊ အစရှိသည်များ တွင် သံစုံတီးဝိုင်း ဝန်ဆောင်မှုများ တင်ပြခြင်း | - ထုတ်လုပ်သူ/အစီအစဉ် ဒါရိုက်တာ၊ switcher ကိုင်၊ ကင်မရာသမား၊ အသံအင်ဂျင်နီယာ၊ အလင်း အမှောင် အင်ဂျင်နီယာ၊ ဗီဒီယို အင်ဂျင် နီယာ၊ Graphic ဒီဇိုင်နာ၊ ဗီဒီယို အယ်ဒီတာ<br>- မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သံစုံတီးဝိုင်း အဖွဲ့ဝင်များ | ရန်ကုန် | - အဆင့် အားလုံး တွင် အလှည့်ကျ စနစ်ဖြင့်<br>- အမြဲတမ်း ဝန်ထမ်း များသာ |
| ၂ | နည်းပညာ | - TX နှင့် လုပ်ငန်းခွင်ရှိ ဓာတ်အား ထောက်ပံ့မှု စနစ်များ လည်ပတ် | - TX လည်ပတ် မောင်းနှင်သူ၊ TX နည်းပညာရှင် | တပ်ကုန်း၊ နှင့် ပြည်နယ် နှင့် | - မန်နေဂျာ အဆင့်သာ |

| စဉ် | ဝန်ဆောင်မှု အမျိုးအစား | ဝန်ဆောင်မှု | ဝန်ထမ်း နယ်ပယ် | တည်နေရာ | ယာယီလွှဲပြောင်းခြင်း |
|---|---|---|---|---|---|
| | | မောင်းနှင်ရေး နှင့် ပြုပြင် ထိန်းသိမ်းရေး | | တိုင်းဒေသကြီး မြို့တော် များ | |
| ၃ | အဆောက်အအုံ နှင့် သယ်ယူ ပို့ဆောင်ရေး | - အဆောက် အအုံ နှင့် စက်ယန္တရားများ ပြုပြင် ထိန်းသိမ်းရေး၊ လုံခြုံရေး၊ မော်တော်ယာဉ် မောင်းနှင်ရေး နှင့် ပြုပြင် ထိန်းသိမ်းရေး | - အဆောက်အအုံ ထိန်းသိမ်းရေး ဝန်ထမ်း၊ စက်ယန္တရား အင်ဂျင်နီယာ၊ လုံခြုံရေး၊ ယာဉ်မောင်း | တပ်ကုန်း နှင့် ရန်ကုန် | - မန်နေဂျာ အဆင့်သာ |

အရင်းအမြစ် - MRTV Next Project မှ စီစဉ်သည်

(၁)သတင်း နှင့် ထုတ်လုပ်ရေး ဝန်ဆောင်မှုများ

သတင်း နှင့် ထုတ်လုပ်ရေး ဝန်ဆောင်မှုများအတွက် လက်အောက်ခံကုမ္ပဏီအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ အစီအစဉ်များ ထုတ်လုပ်ရေး နှင့် သတင်းအစီရင်ခံချက်များ ပြုလုပ်ရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှင့် ဝန်ဆောင်မှုစာချုပ်တစ်ခုဖြင့် တည်ထောင်မည်ဖြစ်သည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ ဝန်ထမ်း လိုအပ်မှုပေါ်မူတည်၍ ကုမ္ပဏီသည် ထုတ်လုပ်ရေး အဖွဲ့ထံသို့ ဝန်ထမ်းများ တင်ပြသွားမည်ဖြစ်ကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် ထုတ်လုပ်ရေး သို့မဟုတ် အစီအစဉ်တစ်ခုချင်းစီတို့အတွက် ကုမ္ပဏီထံမှ ဝန်ထမ်းများအပါအဝင် ထုတ်လုပ်ရေး အဖွဲ့များ ဖွဲ့စည်းမည်ဖြစ်သည်။ ထို့အပြင် ကုမ္ပဏီသည် ထုတ်လုပ်သူ/အစီအစဉ် ဒါရိုက်တာ၊ Switcher ကိုင်၊ ကင်မရာရိုက်ကူးသူ၊ အသံအင်ဂျင်နီယာ၊ အလင်းအမှောင် အင်ဂျင်နီယာ၊ ဗီဒီယို အင်ဂျင်နီယာ၊ Graphic အင်ဂျင်နီယာ၊ နှင့် ဗီဒီယိုတည်းဖြတ်သူတို့ကဲ့သို့သော နေရာများတွင် ဝန်ထမ်းများ တင်ပြနိုင်ပါသည်။ လက်ရှိအချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် သတင်းထောက်များ နှင့် တည်းဖြတ်သူများအား လက်အောက်ခံ ကုမ္ပဏီများထံမှ ရယူခြင်းမရှိဘဲ ဌာနအတွင်း ခန့်အပ်ထားရှိ သည်။ သက်ဆိုင်ရာ ကာလတစ်ခုအတွင်း ဝန်ထမ်းဦးရေ မလုံလောက်ပါက ကုမ္ပဏီသည် အခြား ထုတ်လုပ်ရေး ကုမ္ပဏီများမှ ဝန်ထမ်းများ နှင့်/သို့မဟုတ် တစ်သီးပုဂ္ဂလများအား စီစဉ်ပြီး ထုတ်လုပ်ရေးအဖွဲ့သို့ တင်ပြသည်။ ကုမ္ပဏီသည် ၎င်းတို့၏ ဝန်ထမ်းများသာမကဘဲ အခြားသော ကုမ္ပဏီများ နှင့်/သို့မဟုတ် တစ်သီးပုဂ္ဂလများကိုပါ ကျင့်ဝတ်စည်းမျဉ်းများ၊ သတင်းထောက်လက်စွဲ စာအုပ် နှင့် ရုပ်သံထုတ်လွှင့်မှု လမ်းညွှန်ချက်များကဲ့သို့သော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ လမ်းညွှန်ချက်များကို လိုက်နာကျင့်သုံးစေရေးအတွက် သင့်လျော်စွာ သင်တန်းပို့ချပေးရမည့် တာဝန်ရှိပါသည်။

အခြားတစ်ဘက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် ထုတ်လုပ်ရေးအဖွဲ့များအား ထုတ်လုပ်ရေးကိရိယာများ တင်ပြပြီး ကုမ္ပဏီဝန်ထမ်းများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏စက်ပစ္စည်းများကို အသုံးပြုခွင့်ရမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် ထုတ်လုပ်ရေးအဖွဲ့များအတွက် တာဝန်ခံပုဂ္ဂိုလ်များကိုလည်း တင်ပြပါသည်။ အစီ အစဉ်များအား ထိရောက်စွာရိုက်ကူးနိုင်ရေးအတွက် ရန်ကုန်တွင်ထုတ်လုပ်ရမည်ဖြစ်သောကြောင့် ကုမ္ပဏီသည်ရန်ကုန်တွင် တည်ရှိကောင်း တည်ရှိနိုင်ပါသည်။ ထို့ပြင် လက်အောက်ခံကုမ္ပဏီများ အား ရန်ကုန်ဗျူရိုများအတွင်း ရုံးခန်းနေရာလည်း တင်ပြပြီး ကုမ္ပဏီအနေဖြင့် ရေ၊ လျှပ်စစ်မီး စသည့် ဝန်ဆောင်မှုလုပ်ငန်းများအသုံးပြုခြင်းအတွက် ကုန်ကျစရိတ်များ နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှင့် သဘော တူညီချက်ပေါ်မူတည်၍ အခြားသော ကုန်ကျစရိတ်များကို ကျခံကောင်း ကျခံရနိုင်ပါသည်။

တစ်ဘက်တွင်မူကုမ္ပဏီအား မြန်မာနိုင်ငံ၏ဥပဒေမူဘောင်နှင့်အညီ ပုဂ္ဂလိကကော်ပိုရေးရှင်းတစ်ခု အဖြစ် တည်ထောင်ထား ရမည်ဖြစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အစုရှယ်ယာရှင်တစ်ဦးဖြစ်မည်ဖြစ်သည်။ ကုမ္ပဏီအားပုဂ္ဂလိက ရုပ်သံထုတ်လွှင့်မှု ဌာနများ၊ ထုတ်လုပ်ရေးကုမ္ပဏီများ၊ အစရှိသည်များနှင့် ကိုယ်ပိုင် စီးပွားရေးလုပ်ဆောင်ရန် ခွင့်ပြုထားမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ကော်ပိုရိတ် အကျိုးအမြတ်ခွဲဝေမှုပမာဏတစ်ခုကို နှစ်စဉ်ရရှိမည်ဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကုမ္ပဏီတို့အကြား သင့်လျော်သည့် စီးပွားရေးဆိုင်ရာဆက်ဆံရေးတစ်ခု တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ကုမ္ပဏီသည် သုံးနှစ် သို့မဟုတ် ငါးနှစ်တစ်ကြိမ် လဲလှယ်နိုင်သော ယာယီလွှဲပြောင်းတင်ပြမှုများဖြင့် ဝန်ထမ်းများရရှိ သည်။ ယင်းတို့သည် မန်နေဂျာများဖြစ်ကြသောကြောင့် လုပ်ငန်းများကို ဘက်စုံ စီမံခန့်ခွဲစီစဉ် ရမည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့အနေဖြင့် ကုမ္ပဏီ၏ အချိန်ပြည့်ဝန်ထမ်းများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ လမ်းညွှန် ချက်များနှင့်အညီ သင်တန်းပို့ချရမည်ဖြစ်သည်။

အခြားတစ်ဘက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထံ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှထုတ်လွှင့်သော အစီအစဉ်များတွင် တီးမှုတ်ဖျော်ဖြေရုံသာမကဘဲ အခမ်းအနားများနှင့် အခြားသောအခါသမယများသို့လည်း ဖိတ်ကြားခြင်းခံရသည့် နိုင်ငံတော်သံစုံတီးဝိုင်းကြီးတစ်ခုရှိပါသည်။ ဂီတပညာရှင် ၈၈ ဦးအတွက် ဘက်ဂျက်အတိုင်းအတာတစ်ခုကို လိုအပ်သည်။ မည်သို့ပင်ဆိုစေကာမူ အထက်တွင်ဖော်ပြခဲ့ပြီးသည့်အတိုင်း လုပ်ဆောင်ချက်များအားလုံးသည် ရုပ်သံထုတ်လွှင့်ခြင်းနှင့် ဆက်စပ်နေခြင်းမရှိဘဲ အဓိကအားဖြင့် အခမ်းအနားများ အတွက်ဖြစ်ကြသည်။ ထို့ကြောင့် ဥပမာအားဖြင့် သံစုံတီးဝိုင်းကြီးသည် သတင်း နှင့် ထုတ်လုပ်ရေး ဝန်ဆောင်မှုများအတွက် လက်အောက်ခံကုမ္ပဏီ၏အောက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှင့် သီးခြားစီဖြစ်နေမည် ဖြစ်ပြီး တီးဝိုင်းတစ်ခုဖြစ်သည့်အတွက် စီးပွားရေးအခွင့်အလမ်းများ ထပ်မံရရှိရန်ဖြစ်နိုင်သည်။ လက်အောက်ခံကုမ္ပဏီများအား သင့်လျော်သည့် မန်နေဂျာဦးရေဖြင့် စတင်တည်ထောင်ရေးကို ထည့်သွင်းစဉ်းစားခြင်းဖြင့် လက်ရှိအချိန်တွင် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များအား သံစုံတီးဝိုင်းကြီး နှင့်သက်ဆိုင်သည့် ဝန်ထမ်းအချို့ကို တာဝန်တင်ပြထားသည်။ မည်သို့ပင်ဆိုစေကာမူ ယင်းသည် သီးခြားဖြစ်လာရန် အလားအလာရှိပြီး နောက်ပိုင်းတွင် စဉ်းစားသွားမည်ဖြစ်သည်။

အစိုးရအနေဖြင့် PSB တစ်ခုဖွဲ့စည်းခြင်းအတွက် သက်ဆိုင်ရာ ဥပဒေများကို နောက်ပိုင်းတွင် ရေးဆွဲ ပြင်ဆင်သွားမည်ဖြစ်သောကြောင့် PSB တစ်ခုမှ လက်အောက်ခံကုမ္ပဏီများ တည်ထောင်ခြင်း အတွက် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ရန် မလိုအပ်ပေ။

(၂)။ နည်းပညာ ဝန်ဆောင်မှုများ

TV နှင့် ရေဒီယိုတို့အတွက် ရုပ်သံလွှင့်စက်များကို လည်ပတ်မောင်းနှင်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် နည်းပညာဝန်ဆောင်မှုများအတွက် လက်အောက်ခံကုမ္ပဏီကို တည်ထောင်သွားမည်ဖြစ်သည်။ လက်ရှိတွင် တည်နေရာအမျိုးမျိုးတို့၌ analog TV ရုပ်သံလွှင့်စက်ပေါင်း ၂၅၀ ကျော်ရှိပြီး အဆိုပါ ရုပ်သံလွှင့်စက်များ၏ TV Analog ကွန်ရက်သည် နိုင်ငံရှိ လူဦးရေ၏ ၉၀% ခန့်ထံသို့ လွှမ်းခြုံ ရောက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၌ တစ်နိုင်ငံလုံးသို့ ဖြန့်ကျက်ရောက်ရှိသည့် TV ကွန်ရက်ရှိသူမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သာရှိပါသည်။ အခြားတစ်ဘက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တွင် FM ရေဒီယိုရုပ်သံလွှင့်စက် ၈၅ ခုရှိပြီး ပုဂ္ဂလိက ရုပ်သံထုတ်လွှင့်မှု ဌာနများအတွက် TV ရုပ်သံလွှင့်စက် ၄၃ ခု နှင့် FM ရေဒီယို ရုပ်သံလွှင့်စက် ၇၃ ခုတို့အတွက် လည်ပတ်မောင်းနှင်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အား ပြင်ပမှရယူသည်။ တစ်နည်းအားဖြင့်ဆိုသော် ရုပ်သံလွှင့်စက်များကို လည်ပတ်မောင်းနှင်ပြီး ပြုပြင်ထိန်းသိမ်းရန် နှင့် ရုပ်သံထုတ်လွှင့်မှုဌာန နှင့် ထုတ်လွှင့်မှုစနစ်များကို ပုံစံရေးဆွဲရန်အတွက် စွမ်းရည်မှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထံတွင်သာရှိပါသည်။ ထို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် စက်မှုဌာနခွဲတွင် ဝန်ထမ်းပေါင်း တစ်ထောင်ကျော်ခန့်အပ်ထားပြီး ယင်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ ဌာနများအနက်အကြီးဆုံးဖြစ်သည်။ ဝန်ထမ်း အများစုတို့၏တာဝန်မှာ စောင့်ကြည့်ခြင်း နှင့် မီးစက်များကဲ့သို့သော အရန်လျှပ်စစ်ဓာတ်အား ထောက်ပံ့ရေး စနစ်များသို့ ပြောင်းလဲပေးရန်သာဖြစ်ပြီး ၎င်းတို့၏အလုပ်မှာ အဓိကအားဖြင့်စောင့် ကြည့်လေ့လာခြင်းသာဖြစ်သည်။ ကုန်ကျစရိတ်ထိရောက်မှုအရ အခြားသော နိုင်ငံများတွင် ထုတ်လွှင့်မှုစနစ်များအား ဝန်ထမ်းအသုံးမပြုဘဲ လည်ပတ်မောင်းနှင်ကာ စနစ်အား ဥပမာအားဖြင့် လစဉ် သို့မဟုတ် နှစ်လတစ်ကြိမ်၊ ကာလအပိုင်းအခြားအလိုက် ပြုပြင်ထိန်းသိမ်းသည်။ ထို့ပြင် ရုံးချုပ် ရှိ အင်ဂျင်နီယာများသည် ကွန်ရက်လည်ပတ်မောင်းနှင်ရေး စင်တာသို့ အလိုအလျောက်ပေးပို့လာသည့် ရုပ်သံလွှင့်စက်များ၏ အခြေအနေကို စစ်ဆေးစောင့်ကြည့်နိုင်ကြသည်။ လက်ရှိတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် ကျေးလက်ဒေသများရှိ လျှပ်စစ်ဓာတ်အားရရှိမှုဆိုင်ရာ အခြေအနေများကြောင့် နည်းပညာ ရှင်ဝန်ထမ်းများမရှိဘဲ ရုပ်သံလွှင့်စက် များအား လည်ပတ်မောင်းနှင်ရန် အခက်အခဲများရှိနေပါသည်။ မည်သို့ပင်ဆိုစေကာမူ အစိုးရ၏ ပဏာမအစီအစဉ်များမှတဆင့် ကျေးလက်ဒေသလျှပ်စစ် ဓာတ်အားရရှိမှုမှာ တိုးတက်လာလျက်ရှိနေပြီး မြို့များမှ အလွန်ဝေးလံမှုမရှိသော ဒေသများတွင် တပ်ဆင်ထားသည့် ထုတ်လွှင့်မှုစက်များသည် လာမည့်ဆယ်စုနှစ်အတွင်း လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိလာနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ထို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် ကုန်ကျစရိတ်များ လျော့ချရေးအတွက် ကွန်ရက်များ လည်ပတ်မောင်းနှင်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်း်တို့အတွက် နည်းလမ်းတစ်ရပ်ကို စဉ်းစားရန် လိုအပ်ပါသည်။

MRTV Next Project သည် ဗျူရိုများ နှင့် ထုတ်လွှင့်မှုဌာနများအနက် တစ်နေရာ တည်းတွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သည့် ဒေသခံ ဝန်ထမ်းများအား နည်းပညာ ဝန်ဆောင်မှုအတွက် လက်အောက်ခံကုမ္ပဏီများသို့ လွှဲပြောင်းတင်ပြပြီး ၎င်းတို့၏ တာဝန်ထမ်း ဆောင်မှုများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရှိ စက်မှုဌာနခွဲ၏ အင်ဂျင်နီယာများမှ ကြီးကြပ်စေရန် အဆိုပြုထားပါ သည်။ ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် ပြည်နယ် နှင့် တိုင်းဒေသကြီးတစ်ခုချင်းစီရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအဆောက်အအုံဝန်းများအတွင်း ဌာနခွဲများသို့လည်း စီမံခန့်ခွဲရေးအဆင့် ဝန်ထမ်းများကို စေလွှတ်ပါသည်။ (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တွင် လက်ရှိ ဗျူရိုများမရှိသေးသည့် ဒေသများတွင် ဌာနခွဲများဖွင့်လှစ်သင့်-မသင့်နှင့်စပ်လျဉ်း ၍ အနာဂတ်တွင် ဆွေးနွေးသွားမည်ဖြစ်သည်။)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် လည်ပတ်မောင်းနှင်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် လိုအပ်သည့်သတင်း အချက်အလက်များ နှင့် စာရွက်စာတမ်းများအားလုံးကို တင်ပြပါသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နှစ်စဉ်တိုင်း

လည်ပတ်မောင်းနှင်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်တစ်စောင်ကို ပြင်ဆင်ကာ အစီအစဉ်နှင့်အညီ လည်ပတ်မောင်းနှင်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်သင့်ပါသည်။ ကုမ္ပဏီအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မှ ပြင်ဆင်ထားသည့် ပုံစံကိုအသုံးပြုကာ ကိရိယာများ၏ လက်ရှိအခြေအနေကို အစီရင်ခံတင်ပြရန်လိုအပ်ပြီး ကုမ္ပဏီ၏ ဝန်ထမ်းများမှ ချို့ယွင်းချက်တစ်စုံ တစ်ရာရှာဖွေတွေ့ရှိသည့်အခါ ပုံမှန်လုပ်ဆောင်နေကြမဟုတ်သည့် ပြုပြင်ထိန်းသိမ်းရေးနှင့် ပြင်ဆင်ရေးတို့ကိုလည်း လုပ်ဆောင်ရမည်ဖြစ်သည်။ ပြင်ဆင်မှုအတွက် အစိတ်အပိုင်းများ နှင့် ပြုပြင်ထိန်း သိမ်းရေးအတွက် အခြား လိုအပ်သည့် ကိရိယာများ ဝယ်ယူခြင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မှ လုပ်ဆောင်ရမည် ဖြစ်ပြီး ကုမ္ပဏီ၏ ဌာနခွဲများသို့ ထောက်ပံ့ပေးရမည်ဖြစ်သည်။
အလားတူပင် သတင်း နှင့် ထုတ်လုပ်ရေး ဝန်ဆောင်မှုများအတွက် ကုမ္ပဏီတွင်လည်း ဤနည်းပညာ ဝန်ဆောင်မှု ကုမ္ပဏီအား ပုဂ္ဂလိက ကော်ပိုရေးရှင်းတစ်ခုအဖြစ် ဖွဲ့စည်းကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် အစုရှယ် ယာရှင်တစ်ဦးဖြစ်လာမည် ဖြစ်သည်။ ကုမ္ပဏီသည် ရုပ်သံထုတ်လွှင့်ရေး ကိရိယာများအတွက် စနစ် ပုံစံရေးဆွဲခြင်း၊ ပုဂ္ဂလိက ရုပ်သံထုတ်လွှင့်မှုဌာနများ၏ ရုပ်သံလွှင့်စံများအား လည်ပတ် မောင်းနှင်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးတို့အား ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းအဖြစ်ဆောင်ရွက်မည်ဖြစ်သည်။ နှစ်စဉ်ကော်ပိုရိတ်အမြတ်ငွေများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် ခွဲဝေပေးသွားမည်ဖြစ်သည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် စီမံခန့်ခွဲမှု အဆင့်သို့ ယာယီလွှဲပြောင်းတာဝန်တင်ပြထားသည့် ဝန်ထမ်းများအား ဥပမာ သုံးနှစ်မှ ငါးနှစ်လှ ျင်တစ်ကြိမ် လဲလှယ်တာဝန်တင်ပြကောင်းတင်ပြနိုင်သည်။

(၃)။ အဆောက်အအုံ နှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ

မြန်မာနိုင်ငံတော်အစိုးရ၏ နည်းစနစ်များကို အခြေခံကာ လိုအပ်သည့် ဝန်ထမ်းများအား အမြဲတမ်း ဝန်ထမ်းအဖြစ် ခန့်အပ်သွားမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဘက်ဂျက်အကန့်အသတ်တစ်ခု ရှိကောင်းရှိနိုင်သဖြင့် PSB တစ်ခုအား အထူးသဖြင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲရေးအတွက် ကော်ပိုရေးရှင်းတစ်ခုပုံစံဖြင့် လည်ပတ်ဆောင်ရွက်မည်ဖြစ်သည်။ ထို့ကြောင့် အဆောက်အအုံများ၊ စက်ယန္တရားများကို ပြုပြင်ထိန်းသိမ်းသည့် ဝန်ထမ်းများ၊ အကူလုံခြုံရေးဝန်ထမ်းများ၊ ယာဉ်မောင်း များ၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများ နှင့် အစရှိသည့်ဝန်ထမ်းဦးရေကို တိုးချဲ့ခြင်းမပြုသင့်ပါ။ ထို့ပြင် အဆိုပါ အခန်းကဏ္ဍများအား အထွေထွေအားဖြင့် အဖွဲ့အစည်းမှ ထောက်ပံ့၊ အကူအညီပေးနိုင်ပြီး ရုပ်သံထုတ်လွှင့်ခြင်းနှင့် သီးသန့်သက်ဆိုင်မှုမရှိပေ။ ထို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် အထက်တွင် ဖော်ပြထားသည့် ထုတ်လုပ်ရေး ဝန်ထမ်းများ လိုအပ်နေသည့် အခြေအနေတစ်ခုကိုတွေ့ကြုံရနိုင်သောကြောင့် ဌာနတွင်းဝန်ထမ်းများအား အထွေထွေလုပ်ငန်းများ ထက် ရုပ်သံထုတ်လွှင့်ရေးနှင့်ပတ်သက်၍ တာဝန်ပေးထားရှိသင့်သည်။ လုပ်ငန်းအား ထိရောက်စွာစီမံခန့်ခွဲရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ၎င်း၏ အဖွဲ့အစည်းကို ပိုမိုကျစ်လျစ်အောင်ဆောင်ရွက်သင့်ပြီး ပြင်ပမှ စွမ်းရည်များကို အသုံးပြုသင့်သည်။ ထိုသို့သော အထွေထွေလုပ်ငန်း များအတွက် ဝန်ထမ်းများအား စွမ်းရည်တိုးတက်စေရန် မြှင့်တင်ပေးရေးအတွက် လိုအပ်သည့် ကုန်ကျစရိတ်သည် ထိုသို့သော ဝန်ဆောင်မှုများအား ပြင်ပကုမ္ပဏီများထံမှ ဝယ်ယူခြင်းထက် ပိုမိုကြီးမြင့်နိုင်သည်။ ထိုသို့သော ဝန်ဆောင်မှုလုပ်ငန်းများသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း ရှိသော ဈေးနှုန်းများဖြင့် ဝန်ဆောင်မှုများ တင်ပြသဖြင့် အထူးကျွမ်းကျင်သူ ဝန်ထမ်းများထက် ပိုမိုကုန်ကျစရိတ် ကြီးမြင့်မည်မဟုတ်ပေ။
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် နှစ်စဉ် ပြုပြင်ထိန်းသိမ်းရေး နှင့် ဝယ်ယူရေးအစီအစဉ်တစ်ခုကို ထားရှိထားပြီး ကုမ္ပဏီ သည် စာချုပ်အတွင်း သတ်မှတ်ဖော်ပြထားသည့် လုပ်ငန်းများအား အစီအစဉ်နှင့်အညီ အကောင်အထည်ဖော်ပါသည်။ စက်ယန္တရား အမျိုးမျိုးအတွက် ဝယ်ယူမှု နှင့် လောင်စာတို့အတွက် ကုန်ကျ စရိတ်များအားလုံးကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မှ စီမံရမည်ဖြစ်ပြီး ကုမ္ပဏီမှ ကူညီပံ့ပိုးရမည်ဖြစ်သည်။ ကုမ္ပဏီသည် လက်ရှိအခြေအနေများကို အစီရင်ခံတင်ပြပြီး အပိုပစ္စည်းများဝယ်ယူရန် နှင့် အခြေအနေအလိုက် ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရမည်ဖြစ်သည်။
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် တပ်ကုန်း နှင့် ရန်ကုန်တို့တွင် လုပ်ကိုင်နေကြသည့် အဆောက်အအုံ ထိန်းသိမ်းသူများ၊ စက်ယန္တရား အင်ဂျင်နီယာများ၊ လုံခြုံရေးဝန်ထမ်းများနှင့်ယာဉ်မောင်းများအား လက်အောက်ခံကုမ္ပဏီသို့ လွှဲပြောင်းတာဝန်ပေးအပ် မည်ဖြစ်သည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် အဆိုပါ လုပ်ငန်းများအတွက်ဝန်ဆောင်မှုများအား စီမံအုပ်ချုပ်ရေးဌာနခွဲ၏ ကြီးကြပ်မှုဖြင့်ပြင်ပမှ ဝယ်ယူသွားမည်ဖြစ်သည်။ ထို့ပြင် အခြားသောလက်အောက်ခံကုမ္ပဏီများနှင့်ကဲ့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် မန်နေဂျာအဖြစ် လွှဲပြောင်း တာဝန်တင်ပြထားသူများအား သုံးနှစ်မှ ၅နှစ်တစ်ကြိမ် အလှည့်ကျ တာဝန်တင်ပြသွားမည် ဖြစ်သည်။

## ၃.၂.၄ လူ့စွမ်းအားအရင်းအမြစ်များအတွက် ဆယ်နှစ်တာ ခန့်မှန်းချက် မူဝါဒ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရှိ ဝန်ထမ်းဦးရေကို လျှော့ချနိုင်ရေးအတွက် MRTV Next Project လက်အောက်ခံကုမ္ပဏီများကို အသုံးပြုကာ လူ့စွမ်းအားအရင်းအမြစ်များဆိုင်ရာ ခန့်မှန်းချက်တစ်ခု ကို လေ့လာခဲ့ပြီး ယင်းကို ဇယား ၃.၂-၄ တွင် ဖော်ပြထားပါသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ ဌာနများ နှင့် လက်အောက်ခံ ကုမ္ပဏီများအကြား တာဝန်ပေးအပ်နေရာချထားသော

ဝန်ထမ်းအရေအတွက်ဆိုင်ရာ မူဝါဒများအား အောက်တွင် ဖော်ပြထားသည့်အတိုင်း ထည့်သွင်းစဉ်းစားပြီး လက်ရှိဝန်ထမ်းဦးရေ၏ ၃၀% (၂၂၆၄ ဦး) ကို လာမည့် ဆယ်နှစ်အတွင်း လျှော့ချရန် ဖြစ်ကောင်းဖြစ်နိုင်မည်ဖြစ်သည်ဟု တွေ့ရှိခဲ့ပါသည်။

(က) ဝန်ထမ်းဦးရေ အသားတင်တိုးတက်မှုကို လျှော့ချရန်အတွက် ဝန်ထမ်းခေါ်ယူမှုအား စနစ် တကျ ထည့်သွင်းစဉ်းစားရန်

(ခ) လက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၌ အလုပ်လုပ်ကိုင်နေကြသော ဝန်ထမ်းများအားလုံးကို သတင်း နှင့် ထုတ်လုပ် ရေး ဝန်ဆောင်မှုများအတွက် လက်အောက်ခံကုမ္ပဏီထံသို့ လွှဲပြောင်းတာဝန်တင်ပြရန်

(ဂ) အသံလွှင့်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသည့် ဝန်ထမ်းများ (ဥပမာ ၆၁၃ ဦး) အား နည်းပညာ ဝန်ဆောင်မှုများဆိုင်ရာ လက်အောက်ခံကုမ္ပဏီသို့ လွှဲပြောင်းတာဝန်ပေးရန်

ဃ) တေးဂီတဌာနမှ ဝန်ထမ်းမားအား သတင်း နှင့် ထုတ်လုပ်ရေးဝန်ဆောင်မှုများဆိုင်ရာ လက်အောက်ခံကုမ္ပဏီထံသို့ လွှဲပြောင်းတာဝန်ပေးရန်

(င) အဆောက်အအုံ နှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်များဆိုင်ရာ လက်အောက်ခံကုမ္ပဏီထံ (ခန့်မှန်းခြေ ၁၀၀ ဦးရှိသော) ယာဉ်မောင်းများ၊ သန့်ရှင်းရေးဝန်ထမ်းများ၊ ရုံးအဆောက်အအုံ များထိန်းသိမ်းရေးအတွက် တာဝန်ရှိသူများ၊ လုံခြုံရေးဝန်ထမ်းများ နှင့် ဥယျာဉ်မှူးများကဲ့သို့ သော ဝန်ထမ်းများကို လွှဲပြောင်းတာဝန်ပေးရန်

(စ) PSB အဖြစ်သို့ ပြောင်းလဲပြီးနောက် လက်အောက်ခံကုမ္ပဏီ တည်ထောင်ရန်

(ဆ) ပို၍ လူကြိုက်များမည့် အွန်လိုင်းအကြောင်းအရာများကဲ့သို့သော နည်းပညာသစ်များကို ထည့်သွင်းစဉ်းစားရန်

(ဇ) ကိုယ်တိုင်ထုတ်လုပ်မှုများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တွင် အသုံးပြုရမည့် ဖလင်အရေအတွက်ကို တိုးမြှင့်ရေးကို ထည့်သွင်းစဉ်းစားရန်

(ဈ) ယာဉ်မောင်းများ၊ ရုံးသန့်ရှင်းရေးဝန်ထမ်းများ၊ ရုံးတွင်း စက်ယန္တရားများ ပြုပြင်ထိန်းသိမ်းရေး တာဝန်ခံများ၊ လုံခြုံရေးဝန်ထမ်းများ နှင့် ဥယျာဉ်မှူးများမှလွဲလှျင် အဖွဲ့အစည်း ပြုပြင်ပြောင်း လဲရေး၏ အစပိုင်းတွင် စီမံအုပ်ချုပ်ရေးဌာနအတွင်းရှိ စီမံခန့်ခွဲရေးဝန်ထမ်းအရေအတွက်ကို မပြောင်းလဲဘဲထားရှိရန်

(ည) ပြုပြင်ပြောင်းလဲမှုများ စတင်ချိန်တွင် ဘဏ္ဍာရေး နှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနတို့ နှစ်ခုစလုံးတွင် ဝန်ထမ်းအရေအတွက် မပြောင်းလဲပဲထားရှိရန်

(တ) ပရိတ်သတ်များ နှင့် တာဝန်ရှိသူများအကြားတွင် သင့်လျော်သည့် ဆက်သွယ်ပြောဆိုမှုများ ရှိကြောင်း သေချာစေရေး နှင့် ပရိတ်သတ် စစ်တမ်းများကဲ့သို့သော သုတေသနများ လုပ်ဆောင်ရေးတို့အတွက် ရုပ်သံထုတ်လွှင့်ရေးဌာနအတွင်းရှိ ဝန်ထမ်းဦးရေ တိုးချဲ့ရေးကို ထည့်သွင်းစဉ်းစားရန်

Table 0-2 Human Resource Ten-Year Projection

| No. | Division | New Allocation Plan | 2019-20 (PSB Channel Coomencement) | | | | | | 2020-21 | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. |
| 1 | DG, DyDGs, Office Staff | 13 | | | | | | 13 | | | | | | 13 |
| 2 | Broadcast Division | 27 | | | | | | – | | | | | | – |
| N/A | TV Division | N/A | | | | | | 335 | (3) | | | | 3 | 335 |
| N/A | Radio Division | N/A | | | | | | 60 | | | | | | 60 |
| 3 | Programme Production Division | 124 | | | | | | – | | | | | | – |
| 4 | Online Section | 14 | | | | | | – | | | | | | – |
| 5 | Archive Section | 12 | | | | | | – | | | | | | – |
| 6 | News Division | 427 | | | | | | 427 | | | | | | 427 |
| 7 | Yangon Operation Division | 258 | | | | | | 13 | | | | | | 13 |
| 8 | Music Division | 81 | (1) | | | | | 80 | (1) | | | | | 79 |
| 9 | International Division | 46 | (1) | | | | | 45 | | | | | | 45 |
| N/A | Technical Division (Current) | N/A | (2) | | | | 1 | 1,004 | (5) | | | | 3 | 1,002 |
| 10 | Production Engineering Division | 160 | | | | | | – | | | | | | – |
| 11 | Technical Division | 866 | | | | | | – | | | | | | – |
| N/A | Administration Division (Current) | N/A | (3) | | | | 1 | 234 | (2) | | | | 1 | 233 |
| 12 | Administration Division | 148 | | | | | | – | | | | | | – |
| 13 | Human Resource Division | 40 | | | | | | – | | | | | | – |
| 14 | Finance Division | 43 | (1) | | | | 1 | 43 | | | | | | 43 |
| 15 | Office of Programme Inspection | 5 | | | | | | 5 | | | | | | 5 |
| | Total | 2,264 | (8) | – | – | – | 3 | 2,259 | (11) | – | – | – | 7 | 2,255 |
| | Total of Tr to S/Cs | | | | – | | | | | | – | | | |

| No. | Division | 2021-22 (PSB Transformation) | | | | | | 2022-23 | | | | | | 2023-24 | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. |
| 1 | DG, DyDGs, Office Staff | | | | | | 13 | | | | | | 13 | | | | | | 13 |
| 2 | Broadcast Division | | | | | | 27 | | | | | 4 | 31 | | | | | 4 | 35 |
| N/A | TV Division | | | | | | | | | | | | | | | | | | |
| N/A | Radio Division | | | | | | | | | | | | | | | | | | |
| 3 | Programme Production Division | (6) | (3) | | | 6 | 121 | (7) | (2) | | | 12 | 124 | | (5) | | | 10 | 129 |
| 4 | Online Section | | | | | | 14 | | | | | 3 | 17 | | | | | 3 | 20 |
| 5 | Archive Section | | | | | | 12 | | | | | 2 | 14 | | | | | 2 | 16 |
| 6 | News Division | | (3) | | | | 424 | | (2) | | | 8 | 430 | (2) | (5) | | | 10 | 433 |
| 7 | Yangon Operation Division | | | | | | 258 | | | | | 5 | 263 | | | | | 10 | 273 |
| 8 | Music Division | (1) | | | | | 78 | | (78) | | | | – | (1) | | | | | – |
| 9 | International Division | | | | | | 45 | (1) | (44) | | | | – | (2) | | | | | – |
| N/A | Technical Division (Current) | | | | | | | | | | | | | | | | | | |
| 10 | Production Engineering Division | | | | | | 160 | | | | | | 160 | | | | | | 160 |
| 11 | Technical Division | (10) | | | | 7 | 860 | (12) | | (24) | | 6 | 830 | (16) | | (200) | | 5 | 619 |
| N/A | Administration Division (Current) | | | | | | | | | | | | | | | | | | |
| 12 | Administration Division | (1) | | | | 1 | 145 | (2) | | | (30) | 5 | 118 | (5) | | | (30) | 5 | 88 |
| 13 | Human Resource Division | | | | | | 40 | | | | | | 40 | | | | | | 40 |
| 14 | Finance Division | | | | | | 43 | | | | | | 43 | | | | | | 43 |
| 15 | Office of Programme Inspection | | | | | | 5 | | | | | | 5 | | | | | | 5 |
| | Total | (18) | (6) | – | – | 14 | 2,245 | (22) | (126) | (24) | (30) | 45 | 2,088 | (26) | (10) | (200) | (30) | 49 | 1,874 |
| | Total of Tr to S/Cs | | | (6) | | | | | (172) | | | | | | | (240) | | | |

| No. | Division | 2024-25 | | | | | | 2025-26 | | | | | | 2026-27 | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. |
| 1 | DG, DyDGs, Office Staff | | | | | | 13 | | | | | | 13 | | | | | | 13 |
| 2 | Broadcast Division | | | | | 4 | 39 | | | | | 5 | 44 | | | | | 5 | 49 |
| N/A | TV Division | | | | | | | | | | | | | | | | | | |
| N/A | Radio Division | | | | | | | | | | | | | | | | | | |
| 3 | Programme Production Division | | | | | 8 | 137 | | | | | 7 | 144 | | | | | 7 | 151 |
| 4 | Online Section | | | | | 3 | 23 | | | | | 2 | 25 | | | | | 2 | 27 |
| 5 | Archive Section | | | | | 2 | 18 | | | | | 2 | 20 | | | | | 2 | 22 |
| 6 | News Division | (6) | | | | 7 | 434 | (9) | | | | 7 | 432 | (6) | | | | 10 | 436 |
| 7 | Yangon Operation Division | | | | | 10 | 283 | | | | | 7 | 290 | | | | | 7 | 297 |
| 8 | Music Division | | | | | | – | (2) | | | | | – | (4) | | | | | – |
| 9 | International Division | (1) | | | | | – | (3) | | | | | – | (3) | | | | | – |
| N/A | Technical Division (Current) | | | | | | | | | | | | | | | | | | |
| 10 | Production Engineering Division | | | | | | 160 | | | | | | 160 | | | | | | 160 |
| 11 | Technical Division | (13) | | (200) | | 5 | 424 | (12) | | (177) | | 5 | 252 | (20) | | | | 8 | 260 |
| N/A | Administration Division (Current) | | | | | | | | | | | | | | | | | | |
| 12 | Administration Division | (6) | | | (40) | 5 | 47 | (6) | | | | 5 | 46 | (5) | | | | 5 | 46 |
| 13 | Human Resource Division | | | | | | 40 | | | | | | 40 | | | | | | 40 |
| 14 | Finance Division | | | | | | 43 | (1) | | | | 1 | 43 | (1) | | | | 1 | 43 |
| 15 | Office of Programme Inspection | | | | | | 5 | | | | | | 5 | | | | | | 5 |
| | Total | (26) | – | (200) | (40) | 44 | 1,666 | (33) | – | (177) | – | 41 | 1,514 | (39) | – | – | – | 47 | 1,549 |
| | Total of Tr to S/Cs | | | (240) | | | | | | (177) | | | | | | – | | | |

| No. | Division | 2027-28 | | | | | | 2028-29 | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. | Retired | Tr to S/C of Production | Tr to S/C of Tech | Tr to S/C of Admin | New recruit | TL No. |
| 1 | DG, DyDGs, Office Staff | | | | | | 13 | | | | | | 13 |
| 2 | Broadcast Division | | | | | 4 | 53 | | | | | 4 | 57 |
| N/A | TV Division | | | | | | | | | | | | |
| N/A | Radio Division | | | | | | | | | | | | |
| 3 | Programme Production Division | | | | | 5 | 156 | | | | | 4 | 160 |
| 4 | Online Section | | | | | 2 | 29 | | | | | 2 | 31 |
| 5 | Archive Section | | | | | 1 | 23 | | | | | 1 | 24 |
| 6 | News Division | (7) | | | | 12 | 441 | (6) | | | | 6 | 441 |
| 7 | Yangon Operation Division | | | | | 5 | 302 | | | | | 5 | 307 |
| 8 | Music Division | (1) | | | | | – | (1) | | | | | – |
| 9 | International Division | (2) | | | | | – | (1) | | | | | – |
| N/A | Technical Division (Current) | | | | | | | | | | | | |
| 10 | Production Engineering Division | | | | | | 160 | | | | | | 160 |
| 11 | Technical Division | (23) | | | | 10 | 270 | (24) | | | | 10 | 256 |
| N/A | Administration Division (Current) | | | | | | | | | | | | |
| 12 | Administration Division | (2) | | | | 5 | 49 | (6) | | | | 5 | 48 |
| 13 | Human Resource Division | | | | | | 40 | | | | | | 40 |
| 14 | Finance Division | | | | | | 43 | | | | | | 43 |
| 15 | Office of Programme Inspection | | | | | | 5 | | | | | | 5 |
| | | | | | | | | | | | | | Retired |
| | Total | (35) | – | – | – | 44 | 1,584 | (38) | – | – | – | 37 | 1,585 |
| | Total of Tr to S/Cs | | | – | | | | | | – | | | (757) |

NOTE: Major tranfer to the subsidiary companies

(44) Staff of MITV transfer to Sub/C for News and Production Services
(78) Staff from Music transfer to Sub/C for News and Production Services

(30) Driver, office cleaning, maintenance etc. transfer to Sub/C for Building and Transportation Services
(30) Ditto
(40) Ditto

(200) Tx Engineers in remote areas transfer to Sub/C for Technical Service
(200) Ditto
(177) Ditto

Note 1: The establishment year of the PSB Channel is expected to be fiscal 2020-21. Also, the year MRTV transforms into a PSB is designed to be fiscal 2022-23.
Note 2: Retirement numbers in each fiscal year are actual expectations based on information from MRTV.
Source: Prepared by MRTV Next Project

## ၃.၃။ ပိုမိုကောင်းမွန်သော ကုန်ကျစရိတ်မှတဆင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခြင်း

### ၃.၃.၁။ဘဏ္ဍာရေးဆိုင်ရာ စီမံခြင်း မူဝါဒ

အပိုဒ် ၂.၃.၅ တွင် ဖော်ပြခဲ့သည့်အတိုင်း PSB အတွက် ငွေကြေးစနစ် (grant system) ကို လွှတ်တော်၏သဘောတူညီမှုဖြင့် ငွေတိုက်ဦးစီးဌာနမှ ရရှိနိုင်ကြောင်း MRTV Next Project မှသိရှိခဲ့သည်။ သို့သော် ထိုပမာဏသည် ပြန်ကြားရေးဝန်ကြီးဌာနအတွက် ခွဲဝေထားခြင်းမရှိပါ။ အစပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ဆေးလိပ်၊ အရက်မှအခွန်များ၊ မိုဘိုင်းဆင်းကဒ်ရောင်းချခြင်းမှရသည့်အခွန်များ၊ လျှပ်စစ်မီတာခနှင့် မော်တော်ယာဥ်လိုင်စင်ကြေးများကို PSB ရန်ပုံငွေအဖြစ်အသုံးပြုခွင့်ရရှိရန် နည်းလမ်းကိုစဥ်းစားခဲ့သည်။ သို့သော် PSB အဖြစ်လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် လိုအပ်သောကုန်ကျငွေကိုရရှိရန် မျှတသည့်စနစ်တစ်ခုလိုအပ်သည့်အတွက် (grant system) သည်သာ ပို၍မျှတသည်။
ထို့ပြင် PSB တစ်ခုအဖြစ် တည်းဖြတ်မှုပိုင်းဆိုင်ရာ လွတ်လပ်အမှီအခိုကင်းမှုရရှိရေးအတွက် သင့်လျော်သည့် ဘက်ဂျက်အရွယ်အစားတစ်ခု ခွဲဝေသတ်မှတ်ခြင်းဖြင့် သီးခြားဘဏ္ဍာရေးအရင်းအမြစ်များကို ခိုင်မာ အားကောင်းလာအောင် လုပ်ဆောင်ရန် အရေးကြီးပါသည်။ သင့်လျော်သည့် ဘက်ဂျက်အရွယ်အစား အား အများ၏ နားလည်သဘောပေါက်မှုအပေါ် ဆန္ဒခံယူခြင်းမှတဆင့် ဆုံးဖြတ်နိုင်သည်။ ကျွန်ုပ်တို့ သိထားသည့်အတိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် မြန်မာနိုင်ငံတွင် အကြီးမားဆုံး ရုပ်သံထုတ်လွှင့်ရေးဌာနဖြစ်ပြီး မြဝတီ (MWD) ရှိ ရုပ်သံလွှင့်စက်များမှလွဲ၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အတွက်သာမကဘဲ လည်ပတ်မောင်းနှင်ရေး စွမ်းရည်များမလုံလောက်သည့် မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ရုပ်သံထုတ်လွှင့်ရေးဌာနများအတွက်လည်း ရုပ်မြင်သံကြား နှင့် ရေဒီယို ထုတ်လွှင့်မှု ကိရိယာများအားလုံးကို လည်ပတ်မောင်းနှင်သည်။ ဤ အခြေအနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အတွက် ဘက်ဂျက်ခွဲဝေသတ်မှတ်ခြင်းသည် ရုပ်သံထုတ်လွှင့်ရေးဌာနများ အားလုံးအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။ ထို့ကြောင့် နှစ်စဥ်လုံလောက်သည့် ဘက်ဂျက်ပမာဏ ရရှိရေးသည် အလွန်အရေးကြီးပါသည်။ ဤအကြောင်းကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထံသို့ ခွဲဝေတင်ပြသည့် စုစုပေါင်း ဘက်ဂျက်အရွယ်အစားကို သိသိသာသာ ပြောင်းလဲခြင်းမပြုသင့်ပေ။ မည်သို့ပင်ဆိုစေကာမူ မြန်မာအစိုးရသည် ဝန်ကြီးဌာနများ၏ အသုံးစရိတ်ကို လျှော့ချရန် မကြာမီကစ၍ ကြိုးစားနေသည့်အတွက် ကုန်ကျစရိတ်ကို အကျိုးကျေးဇူးအများဆုံးရရှိအောင် အသုံးပြုနိုင်ရေးကိုမူ ထည့်သွင်းစဉ်းစားရမည်။ ထို့ကြောင့် MRTV Next Project သည် အစိုးရမှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အား လက်ရှိချထားပေးသော အသုံးစရိတ်ထက် နောင်တွင် ချထားပေးမည့်ငွေကြေးပမာဏကို လျှော့ချနိုင်မည့်နည်းလမ်းကို လေ့လာခဲ့ပါသည်။
MRTV Next Project သည် ကုန်ကျစရိတ်ကို အကျိုးကျေးဇူးအများဆုံး ရရှိအောင် အသုံးပြုနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့် နည်းစနစ်များကို ဖော်ပြထားပါသည်။

(က) ဝယ်ယူသည့် အစီအစဥ်များအား လျှော့ချခြင်း

ဝယ်ယူသည့် အစီအစဥ်များအတွက် ကုန်ကျစရိတ်အား လက်ရှိ ကျပ် ၇၄၆ သန်းပမာဏမှ ဆယ်နှစ်တာကြာပြီးကာလတွင် ကျပ် ၁၁၄ သန်းသို့ လျှော့ချရန် ဖြစ်ကောင်းဖြစ်နိုင်မည် ဖြစ်ပါသည်။

(ခ) ဆယ်နှစ်တာကာလအတွင်း ဝန်ထမ်းဦးရေ တဖြည်းဖြည်းလျှော့ချခြင်း

ပြည်ထောင်စု ဘက်ဂျက် အကန့်အသတ်ရှိမှုကြောင့် ပိုမိုကြီးမားသည့် ထုတ်လုပ်ရေး ဘက်ဂျက်တစ်ခု ရရှိနိုင်ရေးအတွက် ဘဏ္ဍာရေးအရ ခိုင်မာမှုရှိစေရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ ဝန်ထမ်း များကို လျှော့ချရန် ဆွေးနွေးခဲ့ပြီးဖြစ်သည်။

### ၃.၃.၂။ အစီအစဥ် ဝယ်ယူရေး ကုန်ကျစရိတ်

လက်ရှိတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် ထုတ်လုပ်ရေး ကုန်ကျစရိတ်များအား ရုပ်မြင်သံကြား နှင့် ရေဒီယိုတို့ရှိ သတင်းတင်ဆက်မှုများအတွက် သတင်းတစ်ပုဒ်လျှင် ကျပ် ၁၀၀၀၀ နှင့် ကျပ် ၅၀၀၀ တို့အသီးသီး အသုံးပြုပါသည်။ အသုံးစရိတ်များသည် ဝန်ထမ်းများအတွက် စရိတ် နှင့် သယ်ယူပို့ဆောင်ရေး တို့အတွက် အဓိကတင်ပြရခြင်းဖြစ်သည်။ အဆိုပါ ကုန်ကျစရိတ်များသည် တစ်ရက်အတွင်းပြီးစီးနိုင်သည့် သတင်းအစီရင်ခံစာများအတွက် အနည်းဆုံးလိုအပ်သည့် ပမာဏများဖြစ်သည်း မည်သို့ပင်ဆိုစေကာမူ ကွင်းဆင်းလေ့လာမှုပြုလုပ်ကာ အချက်အလက်များဆက်တိုက်စုဆောင်းရန် လိုအပ်သည့် အစီရင်ခံစာများ အတွက်မူ ပိုမိုကြီးမားသည့် ဘက်ဂျက်တစ်ခုကို လိုအပ်မည်ဖြစ်သည်။ သတင်းအစီရင်ခံစာများ၏ အရည်အသွေး တိုးတက်ကောင်းမွန်လာစေရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် အဆိုပါ အခြေအနေများနှင့်သင့်လျော်သည့် ဘက်ဂျက်တစ်ခုရရှိရေးကို

ထည့်သွင်းစဉ်းစားသင့်ပါသည်။ အထွေထွေအစီအစဉ်ထုတ်လုပ်ရေး ကုန်ကျစရိတ်များကဲ့သို့ပင် ဖျော်ဖြေသူများ၊ ထမင်းစားရိတ်၊ နှင့် စရိတ်များ၊ အစရှိသည်တို့အပါအဝင် ပျမ်းမျှထုတ်လုပ်ရေး ကုန်ကျစရိတ်သည် သောင်းဂဏန်း နှင့် တစ်သိန်းအကြားဖြစ်သည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သည် အစီအစဉ်ရှိ နောက်ခံဂီတ နှင့် အသံများအတွက် အင်တာနက်မှ အခမဲ့ရရှိသည့် တေးဂီတများကို ဒေါင်းလုတ်ရယူအသုံးပြုပါသည်။ မည်သို့ပင်ဆိုစေကာမူ အခမဲ့တေးဂီတများသည်ပင်လျှင် ဝက်ဆိုက်တွင် ရှင်းလင်းစွာ ဖော်ပြမထားသည့် သက်ဆိုင်ရာ အခြေအနေများတွင်အတွက်သာ အသုံးပြုရန် ကန့်သတ်ထားနိုင်သောကြောင့် မူပိုင်ခွင့်ဆိုင်ရာ အန္တရာယ်များ ပေါ်ပေါက်လာနိုင်ပါသည်။ အလားတူပင် အစီအစဉ်များ၏ အရည်အသွေး မြှင့်တင်ရေး အတွက် ထည့်သွင်းစဉ်းစားကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် လက်ရှိအခြေအနေတွင်မရှိသည့် အထွေထွေ အစီအစဉ် ထုတ်လုပ်မှု ကုန်ကျစရိတ်များအတွက် ဘက်ဂျက်ခွဲဝေတင်ပြမှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ဇယား ၃.၃-၁ တွင် နှစ်စဉ်ထုတ်လုပ်မှု ကုန်ကျစရိတ်များ၊ ရုပ်သံထုတ်လွှင့်မှုများအား ကိုယ်ပိုင် ထုတ်လုပ်ခြင်းအတွက် တစ်နာရီလျှင် ကုန်ကျသည့် ကုန်ကျစရိတ်များ နှင့် ရုပ်သံထုတ်လွှင့်မှုများအား အစီအစဉ် ဝယ်ယူလျှင် ကုန်ကျသည့် ကုန်ကျစရိတ်များနှင့်တကွ ကိုယ်တိုင်ထုတ်လုပ်မှုအချိုး ၉၀% ကို ရည်ရွယ်ထားသည့် အနာဂတ်အတွက် ခန့်မှန်းတွက်ချက်မှုများကို ဖော်ပြထားသည်။ ရုပ်မြင်သံကြား အစီအစဉ်များ ဝယ်ယူရာတွင် တစ်နာရီစာ ကုန်ကျစရိတ်သည် ကိုယ်တိုင်ထုတ်လုပ်မှု တစ်နာရီစာလျှင် ကုန်ကျစရိတ်ထက် ၁၂ ဆပိုမိုများပြားသောကြောင့် အလွန်ကုန်ကျစရိတ်ကြီးမြင့်ကာ ဝယ်ယူထားသည့်အစီအစဉ်များအား ထုတ်လွှင့်ခဲ့သည့် စုစုပေါင်းအချိန်သည် ကိုယ်တိုင် ထုတ်လုပ်ထားသည့် အစီအစဉ်များအား ထုတ်လွှင့်ခဲ့သည့် စုစုပေါင်းအချိန်ထက် နှစ်ဆဖြစ်ပါသည်။ အခြားတစ်ဘက်တွင် ရေဒီယိုအစီအစဉ်များ ဝယ်ယူခြင်းအတွက် ကုန်ကျစရိတ်သည် ကိုယ်တိုင် ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်နှင့် များစွာ ကွာဟမှုမရှိဘဲ ထုတ်လွှင့်သည့် နာရီပေါင်း၏ ၁၀% အောက်သည် ဝယ်ယူထားသည့် အစီအစဉ်များဖြစ်သည်။ ဤအခြေအနေတွင် ကိုယ်တိုင်ထုတ်လုပ်မှု နှုန်း ၉၀% အတွက် စုစုပေါင်း ထုတ်လုပ်မှုကုန်ကျစရိတ်သည် သိသိသာသာ မြင့်တက်လာရန် မရှိပေ။ သို့ရာတွင် ဈေးနှုန်းများ မြင့်တက်လာမှုကို ထည့်သွင်းစဉ်းစားကာ အနည်းငယ် မြင့်တက် နိုင်သည်ဟု သတ်မှတ်သင့်သည်။

ဇယား ၃.၃-၁ လက်ရှိ ထုတ်လုပ်မှု ကုန်ကျစရိတ် နှင့် အနာဂတ်အတွက် ခန့်မှန်းချက်

| စဉ် | မီဒီယာ | အမျိုးအစား | လက်ရှိ | | စီစဉ်ထားသော | |
|---|---|---|---|---|---|---|
| | | | ဖော်ပြချက် | ကန်ကျစရိတ် (ကျပ်) | ဖော်ပြချက် | ကုန်ကျစရိတ် (ကျပ်) |
| ၁ | TV | နှစ်စဉ် ကုန်ကျစရိတ် | ၂၀၁၈-၂၀၁၉ | ၉၂၆ သန်း | ကိုယ်တိုင် ထုတ်လုပ်မှု ကုန်ကျစရိတ် | ၅၅၇ သန်း |
| ၂ | | ထုတ်လုပ်မှု ကုန်ကျစရိတ် | ကိုယ်တိုင် ထုတ်လုပ်မှု တစ်နာရီစာ | ၅၇၀၀၀ | ဝယ်ယူမှု ကုန်ကျစရိတ် | ၁၀၃ သန်း |
| ၃ | | ဝယ်ယူသည့် ကုန်ကျစရိတ် | တစ်နာရီစာ | ၆၉၅၀၀၀ | နှစ်စဉ်ကုန်ကျစရိတ် (၂% မြင့်တက်) | ၈၀၄ သန်း |
| ၄ | ရေဒီယို | နှစ်စဉ် ကုန်ကျစရိတ် | ၂၀၁၈-၂၀၁၉ | ၆၃ သန်း | ကိုယ်တိုင် ထုတ်လုပ်မှု ကုန်ကျစရိတ် | ၅၉ သန်း |
| ၅ | | ထုတ်လုပ်မှု ကုန်ကျစရိတ် | ကိုယ်တိုင် ထုတ်လုပ်မှု တစ်နာရီစာ | ၁၀၀၀၀ | ဝယ်ယူမှု ကုန်ကျစရိတ် | ၁၁ သန်း |
| ၆ | | ဝယ်ယူသည့် ကုန်ကျစရိတ် | ဝယ်ယူမှု တစ်ခုလျှင် | ၁၇၀၀၀ | နှစ်စဉ်ကုန်ကျစရိတ် (၂% မြင့်တက်) | ၈၅ သန်း |
| **နှစ်စဉ် ကုန်ကျစရိတ်စုစုပေါင်း** | | | **TV နှင့် ရေဒီယို** | **၉၈၉ သန်း** | **TV နှင့် ရေဒီယို (၂% မြင့်တက်)** | **၈၉၀ သန်း** |

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အရင်းအမြစ် - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ သတင်းအချက်အလက်များကို အခြေခံကာ JET မှ ပြုစုပြင်ဆင်သည်။

### ၃.၃.၃။ အသုံးစရိတ်စုစုပေါင်းအတွက် ဆယ်နှစ်တာ ခန့်မှန်းချက်

MRTV Next Project သည် ကိုယ်တိုင်ထုတ်လုပ်ခြင်းဖြင့် အစီအစဉ်အရေ အတွက်ကို တိုးပွားလာစေပြီး ကုန်ကျစရိတ်သိသိသာသာတိုးပွားလာခြင်းမရှိအောင် မည်သို့လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သုံးသပ် ဖော်ပြထားပါသည်။ ထုတ်လုပ်မှု၊ ဝန်ထမ်းလစာ နှင့် အစီအစဉ် ဝယ်ယူမှုတို့အတွက် ကုန်ကျစရိတ်များအပေါ် ခန့်မှန်းချက်တစ်ခုအား ဇယား ၃.၃-၂ တွင် ဖော်ပြထား ပါသည်။ ယခင်အမှတ်စဉ်တွင် ဖော်ပြခဲ့သည့် ဝယ်ယူမှု ကုန်ကျစရိတ်သည် TV ထုတ်လုပ်ရေး အသုံး စရိတ်များတွင်

ထုတ်လုပ်မှုကုန်ကျစရိတ်၏ကြီးမားသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၈၀% ခန့် ပါဝင်သည်။ တစ်နည်းအားဖြင့် ဆိုရသော် အကယ်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် TV အစီအစဉ် ဝယ်ယူမှုကို လျှော့ချမည်ဆိုပါက ဘက်ဂျက်ကို သိသိသာသာ တိုးမြှင့်ရန်မလိုဘဲ ကိုယ်တိုင်ထုတ်လုပ်မှုများ အတွက် ဘက်ဂျက်ရရှိနိုင်သည်။ ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ လက်ရှိထုတ်လုပ်နိုင်မှု စွမ်းရည်သည် အစီအစဉ် များ၏ ၉၀% ကို ကိုယ်တိုင်ထုတ်လုပ်ရန် လုံလောက်မှု မရှိသဖြင့် ဝယ်ယူသည့် အစီအစဉ်များအား တဖြည်းဖြည်းချင်းသာ လျှော့ချသွားရမည်ဖြစ်သည်။ ထို့ကြောင့် MRTV Next Project သည် ၉၀% ကိုယ်တိုင်ထုတ်လုပ်မှုနှုန်းကို ရရှိရေးအတွက် ဆယ်နှစ်တာကာလတစ်ခုကို ပစ်မှတ်ထားပါသည်။

ယူဆချက်များအား အောက်ပါအတိုင်း ဖော်ပြထားပါသည် -

(၁) ဆယ်နှစ်တာအတွင်း ဝန်ထမ်းဦးရေကို ၃၀% လျှော့ချနိုင်ရန်

(၂) လာမည့် ဆယ်နှစ်တာအတွင်း ကုန်ဈေးနှုန်းမြင့်တက်မှုကို ၂% ဟု ထည့်သွင်းစဉ်းစားသင့်ပါ သည်။ မြန်မာနိုင်ငံ၏ သုံးစွဲသူ ကုန်ဈေးနှုန်းမြင့်တက်မှု အညွှန်းကိန်းသည် ၂၀၁၈ ခုနှစ်၌ ၆.၈၇%[1] ရှိခဲ့ပြီး လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း အသုံးစရိတ် ကုန်ကျစရိတ် မြင့်တက်မှုမှာ ၃% သာရှိသည့်အတွက် စီးပွားရေး တိုးတက်မှု နှေးကွေးမည်ဟု [2] ခန့်မှန်းနိုင်သည်။

(၃)ဝန်ထမ်းလစာများအား ဇယား ၃.၂-၄ တွင် ဖော်ပြထားသည့် လူ့စွမ်းအားအရင်းအမြစ် အစီအစဉ်ပေါ်တွင် အခြေခံကာ ခန့်မှန်းတွက်ချက်ထားပါသည်။

(၄) ထုတ်လုပ်မှု ကုန်ကျစရိတ် ခန့်မှန်းချက်သည် ဇယား ၃.၃-၁ အတိုင်းဖြစ်ပါသည်။

(၅) လက်အောက်ခံကုမ္ပဏီများမှ ဝန်ထမ်းများ ရယူရန်အတွက် တစ်လလျှင် ကျပ် ၃၀၀၀၀၀၊ နှစ်စဉ် ကုန်ဈေးနှုန်းမြင့်တက်မှု ၂% ဖြင့် တွက်ချက်ထားပါသည်။

(၆) ဝန်ထမ်းလစာများ နှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များမှလွဲ၍ လုပ်ငန်းလည်ပတ်မှုအတွက် အသုံးစရိတ်များအားလုံးသည် အပြောင်းအလဲမရှိဘဲ ကုန်ဈေးနှုန်းမြင့်တက်မှု ၂% ကိုသာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

(၇) အသုံးပြုသည့် ငွေအရင်းအနီးပမာဏသည် လွန်ခဲ့သည့် ၇ နှစ်ကာလမှ ပျမ်းမျှ ငွေအရင်း အနီးပေါ်တွင် ၂% ကုန်ဈေးနှုန်းမြင့်တက်မှုဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၈) ပင်စင်ရန်ပုံငွေကို ထည့်သွင်းစဉ်းစားသင့်ပြီး ရန်ပုံငွေများအား အစိုးရအဖွဲ့အစည်းများ အားလုံးကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနမှ တင်ပြခြင်းဖြစ်သော ကြောင့် လက်ရှိအမှန်တကယ် အသုံးစရိတ်များမှ ခန့်မှန်းနိုင်ပါသည်။

(၉) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများအား လက်အောက်ခံကုမ္ပဏီတစ်ခုထံ လွှဲပြောင်းတာဝန်တင်ပြသည့် နှစ်အတွင်း ပင်စင်ရန်ပုံငွေကို ထည့်သွင်းသွားမည်မဟုတ်ပေ။ မည်သို့ပင်ဆိုစေကာမူ ယာယီ အလှည့်ကျ တာဝန်လွှဲပြောင်းပေးမှုများအတွက် ဝန်ထမ်းအရန်ထားရှိမှုကိုမူ ထည့်သွင်း သင့်သည်။

---

[1] အခြေခံ စီးပွားရေး အညွှန်းကိန်းများ၊ ဂျပန်ပြည်ပကုန်သွယ်မှု အဖွဲ့အစည်း (JETRO) (၂၀၁၉ ခုနှစ် ဩဂုတ်လ)

[2] Mizuho အတွင်းကျကျသဘောထားများ အစီရင်ခံစာ၊ Mizuho Research Institute Ltd. (၂၀၁၈ ခုနှစ် ဒီဇင်ဘာလ)

Table 3.3.2 Ten-Year Projection for MRTV Expenses

(Unit: MMK Million)

| No. | Calc. | Item \ Fiscal Year | 2018-19 | 2019-20 | 2020-21 | 2021-22 | 2022-23 | 2023-24 | 2024-25 | 2025-26 | 2026-27 | 2027-28 | 2028-29 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | | Payroll | 6,197 | 6,183 | 6,172 | 6,145 | 5,715 | 5,129 | 4,560 | 4,144 | 4,240 | 4,336 | *3 4,338 |
| 2 | (a+b) | *1 Production | 989 | 977 | 964 | 952 | 939 | 927 | 915 | 902 | 890 | 877 | 865 |
| - | a | *1 Self-production | 243 | 294 | 345 | 395 | 446 | 497 | 548 | 599 | 649 | 700 | *4 751 |
| - | b | Procurement | 746 | 683 | 620 | 556 | 493 | 430 | 367 | 304 | 240 | 177 | 114 |
| 3 | (c+d+e) | *1 Consignment Fee | 315 | 280 | 282 | 284 | 394 | 818 | 1,331 | 1,695 | 1,791 | 1,876 | 1,940 |
| - | c | - *4 Production | 135 | 100 | 102 | 104 | 98 | 99 | 165 | 209 | 275 | 330 | 364 |
| - | d | - *4 Technical | 86 | 86 | 86 | 86 | 42 | 395 | 747 | 1,059 | 1,080 | 1,102 | 1,124 |
| - | e | - *4 Administration | 94 | 94 | 94 | 94 | 254 | 324 | 418 | 427 | 435 | 444 | 453 |
| 4 | (2+3) | Production | 1,304 | 1,257 | 1,246 | 1,236 | 1,333 | 1,745 | 2,245 | 2,597 | 2,681 | 2,754 | 2,805 |
| 5 | (1+4) | Payroll, Production & Consignment | 7,501 | 7,440 | 7,418 | 7,381 | 7,049 | 6,875 | 6,806 | 6,742 | 6,921 | 7,090 | 7,144 |
| 6 | - | *1 Other Costs | 8,687 | 8,861 | 9,038 | 9,219 | 9,403 | 9,591 | 9,783 | 9,979 | 10,178 | 10,382 | 10,589 |
| 7 | (5+6) | Total Expenditure | 16,188 | 16,301 | 16,456 | 16,599 | 16,452 | 16,466 | 16,589 | 16,720 | 17,099 | 17,471 | 17,733 |
| 8 | - | Capital | *5 15,795 | 16,141 | 16,487 | 16,833 | 17,179 | 17,525 | 17,870 | 18,216 | 18,562 | 18,908 | 19,254 |
| 9 | (7+8) | MRTV Total | 31,983 | 32,441 | 32,943 | 33,432 | 33,630 | 33,990 | 34,459 | 34,937 | 35,661 | 36,379 | 36,987 |

| No. | Calc. | Item \ Fiscal Year | 2018-19 | 2019-20 | 2020-21 | 2021-22 | 2022-23 | 2023-24 | 2024-25 | 2025-26 | 2026-27 | 2027-28 | 2028-29 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 10 | - | *2Pension Reserve | 3,467 | 3,459 | 3,453 | 3,438 | 3,197 | 2,870 | 2,551 | 2,318 | 2,372 | 2,426 | 2,427 |
| 11 | (9+10) | Grand Total | 35,450 | *635,901 | 36,396 | 36,870 | 36,827 | 36,860 | 37,010 | 37,255 | 38,033 | 38,805 | 39,414 |

Note 1: 2% annual escalation is considered.
Note 2: Estimated by JET based on the actual pension payments in FY 2018-19. The Ministry of Planning, Finance and Industry reserves the pensions.
Note 3: Based on the reduction target as 30%.
Note 4: Calculated by MMK 300,000 per month as well as 2% annual escalation for 300 temporary staff per day
Note 5: The amount in fiscal year 2018-19 is estimated as an average of the last seven years.
Note 6: There is a case where the fraction do not match due to the calculations in Excel.
Source: MRTV Next Project based on the actual expenditure of MRTV

ယခင်ဇယားတွင် ဖော်ပြထားသည်မှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၁၀-နှစ် စီမံကိန်းအတွက် အသုံးစရိတ်၊ လစာနှင့် ပင်စင်တို့အတွက် အရံထားသည့် ငွေသည် ၁၀ နှစ်အကြာတွင် လျော့နည်းလာသည်။ လကအောက်ခံကုမ္ပဏီများ သို့လွှဲပေးရသည့် ငွေများအပါအဝင် ထုတ်လုပ်မှုကုန်ကျစရိတ်များသည် နှစ်စဉ်မြင့်တက်လာကာ ၁၀ နှစ်အကြာတွင် ၅၀ ရာခိုင်နှုန်းသို့ မြင့်တက်သွားမည်ဖြစ်ပြီး စုစုပေါင်းကုန်ကျစရိတ်တွင် ကိုယ်တိုင်ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းပါထည့်သွင်းရန် စဉ်းစားထားသည်။ အခြားသော ကုန်ကျစရိတ်များအနေနှင့် နှစ်စဉ် ကြီးထွားလာမည့် ပမာဏကိုပါ ထည့်သွင်းစဉ်းစားရမည်။ အခြားတစ်ဘက်၌လည်း ရုပ်သံထုတ်လွှင့်ဖြန့်ဖြူးရေး ဝန်ဆောင်မှုမှဝင်ငွေသည် ဒေသန္တရရုပ်သံလွှင့်လုပ်ငန်းများကို HD အရည်အသွေးဖြင့်စတင်မိတ်ဆက်ချိန်တွင် ခန့်မှန်းခြေ ၁၀၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပါသည်။ အသေးစိတ်တွက်ချက်ပုံကို ပုဒ်မခွဲ ၃.၄.၃ တွင် ဖော်ပြထားပါသည်။ အကယ်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အလားတူဝန်ဆောင်မှုကို ရုပ်သံလွှင့်စက်အသုံးပြုခွင့်၊ ကြော်ငြာအချိန်များ အတွက်ပါ ပေးမည်ဆိုပါက နှစ်စဉ် ဝင်ငွေ ၂ ရာခိုင်နှုန်း တိုးတက်ရရှိလိမ့်မည်ဟုယူဆရပါသည်။ ဤအခြေအနေ၌ အစိုးရက စုစုပေါင်းကုန်ကျစရိတ်နှင့် ဝင်ငွေတို့အကြားကွာဟနေမှုကို ဖြည့်စည်းပေးမည်ဆိုပါက အမျိုးသားငွေတိုက်မှပံ့ပိုးထောက်ပံ့ရမည့်ငွေ ပမာဏလျော့ကျသွားနိုင်ပါသည်။ သို့သော် ဆွေးနွေးမှုများကို ဥပဒေမူဘောင်အတွင်းမှပြုလုပ်ရေးကို အတည်ပြုနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရသုံးမှန်းခြေအား အစိုးရ၏စိုက်ထုတ်ငွေစံနစ်မှ ထောက်ပံ့ကြေးစံနစ်သို့ ပြောင်းလဲရန် လိုအပ်ပါသည်။

**Cost Transition**

| | 2018/19 | ⇒ | 2028/29 |
|---|---|---|---|
| Payroll | 6,197 | 30 % decrease | 4,338 |
| Pension Reserve | 3,467 | | 2,427 |
| Capital | 15,795 | 2 % increase / year | 19,254 |
| Other Cost | 8,687 | | 10,589 |
| Production | 1,304 | 215 % increase | 2,805 |

**Income Transition**

| | 2018/19 | ⇒ | 2028/29 |
|---|---|---|---|
| Tx Operation | 7,556 | 2 % increase / year | 9,221 |
| Advertisement & others | 1,581 | | 1,928 |
| MUX Operation | 2,730 | 198 % increase | 5,401 |
| Gov. Subsidy to Grant | **23,583** | 3 % decrease | **22,864** |




Source: Prepared by MRTV Next Project

Figure 0-1Estimated Balance of Payments

## ၃.၄ ရုပ်သံထုတ်လွှင့်မှု ခွဲဝေရေး ပြုပြင်ပြောင်းလဲမှု

### ၃.၄.၁ ခွဲဝေဝန်ဆောင်မှု ဒီဇိုင်းပုံစံ

ရုပ်သံထုတ်လွှင့်မှုခွဲဝေရေးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အဓိကဝင်ငွေရရှိရေးလမ်းကြောင်း တစ်ခုဖြစ်ပြီး ပုဂ္ဂလိက ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်သူများအတွက် မြန်မာနိုင်ငံတွင် ကောင်းမွန် သောမီဒီယာအသိုင်း အဝိုင်းတစ်ခု ဖန်တီးခြင်းအားဖြင့် ဝန်ဆောင်မှုများပေးခြင်းမှ အကျိုးအမြတ် ရရှိနိုင်ပါသည်။ MRTV Next Project အနေနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနသာမက

ပုဂ္ဂလိကရုပ်သံလွှင့်ဌာနများပါ ထုတ်လွှင့်ခွင့်များ ရရှိစေမည့် လိုင်းတစ်လိုင်းအတွက် HD အရည်အသွေးဝန်ဆောင်မှုဖြင့် အစီအစဉ်များ ပေါင်းစပ်ထုတ်လွှင့်ပေးခြင်းကို အနာဂတ်တွင်ဖော်ဆောင်ပေးနိုင်ရန် စဉ်းစားပေး ခြင်း ဖြစ်ပါသည်။

အခြားတစ်ဘက်မှလည်း ၂၀၁၈ ခုနှစ်က ပြင်ဆင်ခဲ့သော မြန်မာနိုင်ငံရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေသစ်သည် မီဒီယာပိုင်ဆိုင်မှု လက်ဝါးကြီးအုပ်ထားခြင်းကို လျော့ချနိုင်စေပါသည်။ ဒစ်ဂျစ်တယမြေစိုက်ရုပ်သံလွှင့်စင်မြင့်ပံ့ပိုးပေးခြင်း၊ မီဒီယာပိုင်ဆိုင်မှုလက်ဝါးကြီး အုပ်ထားခြင်းကိုအားမပေးခြင်း တို့နှင့်စပ်လျဉ်း၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၎င်းအနေနှင့်ထိုစင်မြင့်အား အများပြည်သူ အကျိုးပြု ရုပ်သံလွှင့်ဌာနအဖြစ် မည်ကဲ့သို့လည်ပတ်မည်ဆိုသည့် ရည်မှန်းချက်ကို ရှင်းပြရန်လိုအပ်ပါသည်။

ပြုပြင်ပြောင်းလဲရေးပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရုပ်သံလွှင့်ဇုန်နယ်တစ်ခုစီအတွက် ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်း ဝန်ဆောင်မှုများနှင့် မိတ်ဆက်ပေးရန်ဖြစ်သည်။ ထို့အပြင် ဒေသန္တရရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများသည် ရုပ်သံလွှင့်လုပ်ငန်း ကဏ္ဍတွင် အသေးစားမီဒီယာ အဖွဲ့အစည်းများအတွက် အခွင့်အရေးများ ပိုမိုယူဆောင်လာပေးရန်လည်း ဖြစ်ပါသည်။

ပုံ ၃.၄-၁ တွင်ဖော်ပြထားသည့်အတိုင်း ဒစ်ဂျစ်တယ်မြေစိုက်ရုပ်သံလွှင့်လုပ်ငန်းအနေနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခွဲဝေပေးသည့်လိုင်းများမှ ဒစ်ဂျစ်တယ်လိုင်းတစ်ခုအတွက် အစီအစဉ် ၁၇ မျိုး ပြသရန်လိုင်းတစ်လိုင်းပေးနိုင်ပါသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အစီအစဉ် ၅ မျိုး၊ ရွှေသံလွင်သည် ၂ မျိုး နှင့် Forever Grpup ရုပ်သံလွှင့်လုပ်ငန်းသည် အစီအစဉ် ၅ မျိုးထုတ်လွှင့်ခွင့်ရှိပါသည်။ နောက်ထပ်အမျိုးအစား ၅ မျိုးကိုလည်း အခြားသောရုပ်သံလွှင့်ဌာနများက ထိုလိုင်းတွင်ပင်ပြသ လျှက်ရှိပါသည်။ ထိုအစီအစဉ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထိုကဲ့သို့သောဒစ်ဂျစ်တယ်စင်မြင့်မှ တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပေးနေခြင်းဖြစ်ပါသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကကျင့်သုံးသည့်စံနှုန်းအရ ထိုလိုင်းမှအကြောင်းအရာများထည့်သွင်း နိုင်သည့်ပမာဏကျော်လွန်သွားပြီဖြစ်သဖြင့် ထိုလိုင်းမှအစီအစဉ်များထပ်မံတိုး၍ ထုတ်လုပ်နိုင်ခွင့်မရှိတော့ပါ။ ထို့ကြောင့် ရုပ်ထွက်ကောင်းမွန်စေရန် စံအဓိပါယ်ဖွင့်ဆိုချက် (SD) အရည်အသွေးအတွက် အများဆုံးအစီအစဉ် ၁၇ ခု၊ HD အရည်အသွေးအတွက် ၅ ခုသာ ထုတ်လွှင့်နိုင်ပါသည်။

အကယ်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ခွဲဝေဝန်ဆောင်မှုပေးရာတွင် ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုအတွက် ပါရည်ရွယ်ပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနှင့် နိုင်ငံတော်အဆင့်နှင့်ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှု နှစ်ခုလုံးအတွက် ရုပ်သံလိုင်းများချထားပေးရမည် ဖြစ်ပါသည်။ လက်ရှိအခြေအနေအရ နိုင်ငံတော်အဆင့်ရုပ်သံလွှင့်ဌာနများသည် တစ်နိုင်ငံလုံးသို့ဝန်ဆောင်မှုပေးရန် အခွင့်အရေးရှိပါသည်။ သို့ရာတွင် ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများကို ၎င်းတို့၏ဒေသတစ်ခုချင်းစီအတွက်တာဝန်ချထားပေးနိုင်ပြီး ယင်းကို အောက်ပါအခန်း၌ ဇုန်နယ်မြေများသတ်မှတ်ရေး အစီအမံများတွင် ရှင်းလင်းဖော်ပြထားပါသည်။ ဇုန်နယ်မြေများသတ်မှတ်ရေး အစီအမံအရ ရုပ်သံလွှင့်ဇုန်နယ်မြေတစ်ခုလျှင် ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှု ၂၂ ခုတို့ အခွင့်အရေးရရှိနိုင်ပါသည်။ ကြိမ်နှုန်းများသည်ကန့်သတ်ချက်ရှိသဖြင့် ခွဲဝေပေးမည့်ရုပ်သံလိုင်းအရေအတွက်နှင့် ရုပ်သံလွှင့်ဝန်ဆောင်မှုတို့ကို အခွင့်အရေး တစ်သမတ်တည်းမထားခြင်းဖြင့် ခြားနားချက်ကို လျှော့ချပေးနိုင်မည် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် MRTV Next Project တွင် ဒေသန္တရမီဒီယာဌာနများရှိ အရင်းအမြစ် အမျိုးမျိုးတို့၏ စွမ်းရည်များကို ထည့်သွင်းစဉ်းစားရမည်ကို သိထားသင့်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အဆင့်ရုပ်သံလွှင့်ဌာနများအနေနှင့် ဌာနမှထုတ်လုပ်သည့်အစီအစဉ်၏အချို့ကို ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများသို့ ပံ့ပိုးပေးနိုင်ရန်အလို့ငှာ နိုင်ငံတော်အဆင့်ရုပ်သံလွှင့်ဌာနများနှင့် ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများအကြား တွဲဘက်ဝန်ဆောင်မှုပေးခြင်းကို လက်ခံပေးနိုင်ပါရန် အကြံပြုလိုပါသည်။

ထိုကဲ့သို့သော ဝန်ဆောင်မှုများခွဲေပေးရေးရည်မှန်းချက်ကြောင့် ရရှိလာမည်ဟုမျှော်လင့်ရသော အကျိုးကျေးဇူးများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။-

၁။ ရုပ်သံလွှင့်လုပ်ငန်းကဏ္ဍတွင် ဒေသန္တရမီဒီယာများပါဝင်လာခြင်းဖြင့် ပရိတ်သတ်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း။

၂။ ဒေသန္တရမီဒီယာများက ဒေသသုံးစကားများကိုအသုံးပြုခြင်းဖြင့် ဒေသခံများနှင့်ရင်းနှီးကျွမ်းဝင်သောခေါင်းစဉ်များကို ထုတ်လွှင့်ပေးကာ သတင်းအချက်အလက်ရရှိမှုကွာဟချက်ကို လျှော့ချနိုင်ခြင်း။

၃။ ဒေသနှင့် နိုင်ငံအဆင့်လိုအပ်ချက်များပေါ် အခြေခံ၍ လိုအပ်သောသတင်းအချက်အလက်များ ပေးနိုင်ခြင်း။

၄။ မီဒီယာလက်ဝါးကြီးအုပ်ခြင်းကို ရှောင်ရှားနိုင်ရန်နှင့် မီဒီယာလိုင်းများစွာပိုင်ဆိုင်ထားခြင်းကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အခွင့်အရေးများ ပိုမိုရရှိလာနိုင်ခြင်း။

၅။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကထုတ်လုပ်သည့် အစီအစဉ်များကို ဝေမျှသုံးစွဲခြင်းဖြင့် လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး နည်းခြင်း။

၆။ ရုပ်သံလွှင့်လုပ်ငန်းအားစိတ်ပါဝင်စားသည့် အဖွဲ့အစည်းသစ်များအတွက် အားပေးရာရောက်ခြင်း။

၇။ ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်ရန် အသစ်လျှောက်ထားသူများအတွက် တရားမျှတ၍၊ ယှဉ်ပြိုင်မှုရှိသော ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း။

ဒစ်ဂျစ်တယ်ရုပ်သံလိုင်းတွင် အစီအစဉ်များစွာပေါင်းစပ်ထုတ်လွှင့်နိုင်ရေးအတွက် ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှု စံနစ်ကျင့်သုံးခြင်းနှင့် ရုပ်သံလိုင်းပေါ်တွင်ထုတ်လွှင့်မည့်အစီအစဉ်များ ခွဲဝေချထားရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းတို့ အဆင့်ဆင့် လုပ်ဆောင်ရန်လိုအပ်ပါသည်။ ပုံ ၃.၄-၁ တွင် လက်ရှိအခြေအနေမှ HD ဝန်ဆောင်မှုများပေးသည့်အဆင့်သို့ ပြောင်းလဲရမည့်အဆင့်များကို ဖော်ပြထားပါသည်။ ပထမဦးဆုံးအဆင့်၌ နိုင်ငံပိုင်ရုပ်သံလွှင့်ဌာနအဖြစ် အစီအစဉ်များ ထုတ်လွှင့်ပြသသည့် ရုပ်သံလွှင့်ဌာနအရေအတွက်ကိုလျှော့ချရန်လိုအပ်ပါသည်။ သို့ရာတွင် လက်ရှိရုပ်သံလွှင့်ဌာနများသည် လည်း နယ်မြေတစ်ခုအတွက်ရည်ရွယ်သည့် ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုတစ်ခုအဖြစ် နေရာတစ်နေရာရရှိရန် လိုအပ်ပါသည်။ ဒုတိယအဆင့်အနေနှင့် HD အစီအစဉ်များထုတ်လွှင့်နိုင်ရန်အလို့ငှာ ရုပ်သံလိုင်းများအတွက် လုံလောက်သည့်ဒေတာများ ရရှိနိုင်ရန် ရုပ်သံလွှင့်ဌာနတိုင်း၌ ရုပ်သံလိုင်းအရေအတွက်တိုးမြှင့်ထုတ်လွှင့်ရန်လိုအပ်ပါသည်။ ရုပ်သံလွှင့်ဌာနအချို့တို့တွင် HD စက်ပစ္စည်းများဝယ်ယူရန် ငွေကြေးလုံလောက်မှုမရှိ၍ SD စံနစ်ဖြင့်သာ ထုတ်လွှင့်ရန် လိုအပ်ဆဲ ဖြစ်နေနိုင်သော်လည်း အများစုတို့သည့် အချိန်တန်လျှင် HD စံနစ်သို့ ပြောင်းလဲကြပါလိမ့်မည်။ နောက်ဆုံး၌ အချိန်အတိုင်းအတာတစ်ခုအပြီး ရုပ်သံလွှင့်ဌာနအားလုံးတို့သည် HD အရည်အသွေး အစီအစဉ်များကို ထုတ်လွှင့်လာကြမည် ဖြစ်ပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ရုပ်သံလွှင့်စက် ၁၀၀ ကျော်နီးပါးတပ်ဆင်ရန်လိုအပ်သဖြင့်လည်းကောင်း၊ ရုပ်သံလွှင့်ဌာနများအား ရုပ်သံလိုင်းများချထားပေးရန်အတွက် လျှောက်ထားသည့်လုပ်ငန်းစဉ်သည် ၅ နှစ်ခန့် ကြာမြင့်မည် ဖြစ်သဖြင့်လည်းကောင်း MRTV Next Project အရ ၅ နှစ်ကျော်လျှင် ဒေသန္တရရုပ်သံဌာနများ၌ SD အရည်အသွေးနှင့် ထုတ်လွှင့်နိုင်မည် ဟုယူဆရပါသည်။ အလားတူပင် စက်ရုံတစ်ခုစီတွင်ရုပ်သံလိုင်း နှစ်လိုင်းထုတ်လွှင့်နိုင်ရေးအတွက် ရုပ်သံလွှင့်စက်စံနစ်နှစ်ခုစီလိုအပ်ရာ ရုပ်သံလွှင့်စက်များ ထပ်မံဝယ်ယူရန်လိုအပ်ပါသည်။ ထို့ကြောင့် ဒေသန္တရရုပ်သံလွှင့် ဌာနများ စတင်လည်ပတ်ပြီးနောက် ၅ နှစ်အကြာတွင် HD တစ်ပိုင်း အရည်အသွေးဝန်ဆောင်မှုများ စတင်နိုင်ပါလိမ့်မည်။

•



Figure 3.4.1- Allocation of Contents in Multiplexed Operation

၃.၄.၂ ရုပ်သံထုတ်လွှင့်မှု ခွဲဝေရေးနှင့် ရုပ်သံလိုင်းများချထားရေးအတွက် ဇုန်နယ်များ သတ်မှတ်ခြင်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ရုပ်သံထုတ်လွှင့်မှုခွဲဝေပေးခြင်းအားဖြင့် ရရှိလာမည့် အနာဂတ်လုပ်ငန်းအခွင့်အရေးများကို ဆန်းစစ်လေ့လာနိုင်ရန်အလို့ငှာ MRTV Next Project အရ ဇုန်တစ်ခုစီ၌ ဇုန်စီမံကိန်းနှင့် ရုပ်သံလိုင်းများ ရရှိနိုင်မှုတို့ကို လေ့လာခဲ့ပါသည်။ ဇုန်နယ်မြေများသတ်မှတ်ရေး မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဒေသတွင်းသုံးစွဲသည့်စကားကို ထည့်သွင်းစဉ်းစား၍ ပိုင်းခြားသတ်မှတ်ခြင်း။

၂။ ဇုန်များအတွင်း တစ်ခုတည်းသောကြိမ်နှုန်းကွန်ရက် ( Single Frequency Network- SEN) သည် ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများ ရရှိရန်အတွက် လိုအပ်ချက်ဖြစ်ရာ ယင်းကိုဖွဲ့စည်းတည်ထောင်သင့်သည်။ သို့ရာတွင် ထိုကွန်ရက်တစ်ခုလျှင် ဇုန်နှစ်ခုထက်ပို၍ ချိတ်ဆက်ခြင်းမပြုရ။

၃။ ပထဝီဝင်အနေအထားကြောင့် လိုင်းများရောက်ရှိနိုင်မှုကို ထည့်သွင်းစဉ်းစားရန်။

၄။ ဇုန်တိုင်း၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုင်း နှစ်လိုင်း ရရှိနိုင်ရန်။

၅။ လုပ်ငန်းပတ်သက်သူများ၏လိုအပ်ချက်များကိုအခြေခံ၍ လက်ရှိဝယ်လိုအားကိုထည့်သွင်းစဉ်းစားလျှင် လူဦးရေထူထပ်သည့်ဇုန်များတွင် အခြားသောဇုန်များထက် ရုပ်သံလိုင်းပိုမိုရရှိသင့်ပါသည်။

ပရိတ်သတ်၏ လိုအပ်ချက်များကိုအခြေခံ၍ ဒေသအတွက် ထုတ်လွှင့်ပေးသင့်သည့်အစီအစဉ်များကိုထည့်သွင်းစဉ်းစားပါက မြန်မာစကားထက် တိုင်းရင်းသားဘာသာစကားကိုပြောသော၊ မြန်မာစကားနားမလည်သောသူများစွာရှိသဖြင့် အစီအစဉ်များကို ဒေသသုံးဘာသာစကားများဖြင့် ထုတ်လွှင့်ပေးရန် အရေးကြီးပါသည်။ သို့ဖြစ်ရာ ဇုန်နယ်များ ခွဲခြားရာတွင် ပျံ့နှံ့နေထိုင်သည့် တိုင်းရင်းသားများ၏ ဘာသာစကားများကို ထည့်သွင်းစဉ်းစားရပါမည်။

ဒစ်ဂျစ်တယ်စံနစ်သို့ ကူးပြောင်းစဉ်ကာလအတွင်း Alalog နှင့် ဒစ်ဂျစ်တယ်စံနစ် နှစ်မျိုးလုံးကို တစ်ပြိုင်နက်ရရှိရန် လိုအပ်သဖြင့် မြန်မာနိုင်ငံတွင်ရရှိနိုင်သည့် မြေစိုက် ရုပ်သံလိုင်းများမှာ အကန့်အသတ်ရှိနေရာ ရုပ်သံလိုင်းများရရှိရန်မှာ လှိုင်းနှုန်း (SFN ) သည် လွန်စွာအသုံးဝင်သည့်နည်းလမ်းဖြစ်ပေလိမ့်မည်။ သို့ရာတွင် လှိုင်းနှုန်း (SFN) တစ်ခုတည်းမှနေ၍ ဒေသန္တရရုပ်သံလွှင့် ဝန်ဆောင်မှုပေးရန် မဖြစ်နိုင်သောကြောင့် ဇုန်တစ်ခုချင်းစီ၌ မတူညီသည့်အစီအစဉ်ဇယားများ ရရှိနိုင်ရန်အတွက် ဇုန်အချင်းချင်း ဆက်သွယ်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV Next Project တွင် Multi Frequency Network (MFN) ကွန်ရက်တစ်ခု ဖွဲ့စည်းထူထောင်ရန် အခိုင်အမာ အကြံပြုလိုပါသည်။

ရုပ်သံလိုင်းများထုတ်လွှင့်သည့် သဘောသဘာဝအရ ရေဒီယိုအသံလိုင်းများအား တောင်များ၊ အထပ်မြင့်/ ကြီးမားသော အဆောက်အဦးများကိုကျော်၍ လွှင့်မရသဖြင့် ထပ်ဆင့်လွှင့်စက်ရုံကို တောင် သို့မဟုတ် အဆောက်အဦးထိပ်တွင် ဆောက်လုပ်ရမည် ဖြစ်ပါသည်။ အခြားတစ်ဘက်မှလည်း စီးပွားရေးအရကြည့်မည်ဆိုလျှင် တောင်များပေါ်၌လူနေထိုင်မှုနည်းပါးသဖြင့် စီးပွားရေးနယ်ပယ်ပိုင်းခြားလုပ်ကိုင်ရန်လိုအပ်ပါမည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ရုပ်သံလွှင့်စက်ရုံတစ်ရုံတိုင်း၌ အစီအစဉ်ဇယားတစ်ခုတည်းဖြင့် ရုပ်သံလိုင်းတစ်လိုင်းထုတ်လွှင့်လျှက်ရှိသော်လည်း စက်ပစ္စည်းအားလုံးကို HD အရည်အသွေးသို့ မြှင့်တင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ ယခုအခါ SD အရည်အသွေးနှင့် အစီအစဉ် ၁၇ လိုင်းကို ပေါင်းစပ်ထုတ်လွှင့်လျှက် ရှိပါသည်။ သို့ရာတွင် ထိုရုပ်သံလိုင်းသည် အစီအစဉ်အားလုံးကို HD အရည်အသွေးသို့ပြောင်းလဲသည့်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လုပ်သော အစီအစဉ်များကို ရယူသုံးစွဲလိမ့်မည် ဖြစ်ပါသည်။

အကယ်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ရုပ်သံလွှင့်ခြင်းနှင့် ခွဲဝေပေးခြင်းကဲ့သို့သောဝန်ဆောင်မှုများကို ယခုအခြေအနေအတိုင်းဆက်လက်ထိန်းသိမ်းထားရန် လိုအပ်ပါက ပုံ ၃.၄-၁ တွင်ပါရှိသည့်အတိုင်း ဒုတိယရုပ်သံလိုင်းတစ်ခုကို ကြိုတင်ထားရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် ဒုတိယရုပ်သံလိုင်းချထားပေးရေးကို ဦးစားပေးဆောင်ရွက်ရမည်။ အလားတူပင် ရုပ်သံလိုင်းများ ချထားပေးရေးကို ဈေးကွက်ပမာဏကို အခြေခံ၍စဉ်းစားသင့်သည်။ အကယ်၍ ဈေးကွက်ပမာဏထက်ကျော်လွန်၍ လိုင်းများချထားပေးပါက မီဒီယာဌာနများသည် ဝင်ငွေလုံလောက်စွာမရရှိဘဲ ၎င်းတို့၏လုပ်ငန်းကို ရေရှည်ထိန်းသိမ်းရန် ခက်ခဲပေလိမ့်မည်။ သို့ဖြစ်ရာ ရုပ်သံလိုင်းများထပ်မံရရှိနိုင်မည်ဆိုလျှင် ယင်းတို့ကို မြို့ကြီးများပါဝင်သည့်နယ်မြေဒေသများတွင် အသုံးပြုနိုင်ပါလိမ့်မည်။ MRTV Next Project မှ ထုတ်လွှင့်ရန်ခန့်မှန်းထားသည့် နယ်မြေကိုမြေပုံထုတ်ရန်နှင့် ရုပ်သံလှိုင်းအနှောင့်အယှက်များပေါ်ပေါက်မှုဖြစ်နိုင်ခြေကို ဆန်းစစ်ကြည့်ရန်အတွက် မျှော်မှန်းထား သည့်အစီအစဉ်အားလုံးကို ကွန်ပြူတာဖြင့်ပုံစံတူများ ပွားထားမည်ဖြစ်ပါသည်။ ထို့အပြင် စီမံကိန်း ပုံ ၃.၄-၂ တွင်ဖော်ပြထားသည့်အတိုင်း ဧရိယာတစ်ခုစီအတွင်းရရှိနိုင်မည့်ရုပ်သံလိုင်းများပါဝင်သည့် ဇုန်အစီအမံတစ်ရပ်ကိုလည်း အပြီးသတ်ရေးဆွဲမည် ဖြစ်ပါသည်။ ထိုအစီအမံကို အစိုးရနှင့် ကော်မရှင် နှစ်ဦးနှစ်ဘက် အတည်ပြုလိမ့်မည် ဖြစ်ပါသည်။ သို့ရာတွင် ကောင်မရှင်အား ဖွဲ့စည်းထားခြင်း မရှိသေးပါ။




| Zone | States/ Regions | for MRTV | for Others |
|---|---|---|---|
| 1 | Yangon, Bago. Ayeyarwaddy | 2 | 4 |
| 2 | Sagaing (Southside), Magway, Mandalay | 2 | 4 |
| 3 | Rakhine | 2 | 2 |
| 4. | Chin, Sagaing (two stations in Westside) | 2 | 2 |
| 5. | Sagaing (Northside) | 2 | 2 |
| 6. | Kachin | 2 | 2 |
| 7. | Northern Shan | 2 | 2 |
| 8. | Southern Shan, Kayah (Only Loikaw and Taunggyi) | 2 (3) | 2 |
| 9. | Eastern Shan | 2 | 2 |
| 10. | Mon, Kayin | 2 | 2 |
| 11. | Tanintharyi | 2 | 2 |

Figure 1.4.2- Zoning Plan and Channel Availability

၃.၄.၃ ရုပ်သံထုတ်လွှင့်မှု ခွဲဝေဝန်ဆောင်မှု အသုံးပြုခအား လေ့လာခြင်း

ရုပ်သံထုတ်လွှင့်မှု ခွဲဝေဝန်ဆောင်မှုမှ ရရှိသောဝင်ငွေသည် ထိုဝန်ဆောင်မှုကိုမှီခိုအားထားနေရသည့် ရုပ်သံလွှင့်ဌာနများ အားလုံး သင့်တင့်လျောက်ပတ်စွာလည်ပတ်နိုင်ရေးနှင့် သင့်တော်သောဝန်ဆောင်မှုများကို ဆက်လက်ပေးနိုင်ရန်အတွက် လွန်စွာ အရေးကြီးပါသည်။ ယခုအခါ ထိုဝင်ငွေကို အစိုးရကကိုင်တွယ်ထိန်းချုပ်သည့် နိုင်ငံတော်ငွေတိုက်သို့ ပေးသွင်းရပါသည်။ သို့ရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် PSB အဖြစ် လွတ်လပ်သောအဖွဲ့အစည်း တစ်ရပ်အဖြစ် ပေါ်ပေါက်လာပါက ဝင်ငွေသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ငွေစာရင်းသို့ ပေးသွင်းခွင့်ရမည်ဟု မျှော်လင့်ရ ပါသည်။ ဤကဲ့သို့ယူဆချက်ပေါ် အခြေခံ၍ MRTV Next Project အရ နောင်အနာဂတ်လုပ်ငန်းများ လည်ပတ်ရေးအတွက် သင့်တော်သည့် အသုံးပြုခ ၁၀-နှစ်စီမံကိန်းကို လေ့လာခဲ့ပါသည်။

တွက်ချက်သည့်နည်းလမ်းမှာ ဘဏ္ဍာရေးနှစ် တစ်နှစ်ချင်းစီအတွက် ဝန်ဆောင်မှုများခွဲဝေသည့် နှစ်စဉ်လုပ်ငန်းလည်ပတ်မှုစရိတ်ကို ဝန်ထမ်းများလစာ၊ လျှပ်စစ်ဓာတ်အား၊ ပြုပြင်ထိန်းသိမ်းစရိတ်စသည့် မကြာမီကအမှန်တကယ်ကုန်ကျခဲ့သည့်စရိတ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်ကလွဲ၍ ရုပ်သံလိုင်းနှစ်လိုင်းတို့တွင်ထုတ်လွှင့်ရန် ရည်မှန်းထားသည့် အစီအစဉ်အရေအတွက် နှင့်စားကာ နှစ်စဉ်တိုးပွားမှုအပေါ် ထည့်သွင်းစဉ်းစား၍ ခန့်မှန်းရပါသည်။
သို့ဖြစ်ရာ ပြည်သူလူထု၏အမြင်အမျိုးမျိုးကိုသိရှိရစေရန် ထိုအမြင်များကိုထုတ်လွှင့်ခြင်းအားဖြင့် တွန်းအားပေးခြင်းသည် ဒီမိုကရေစီစံနစ်၏ နိယာမတစ်ခုဖြစ်သောကြောင့် ရုပ်သံလိုင်းကို အခြားသောအဖွဲ့အစည်းများနှင့် တန်းတူရရှိမှုအပေါ်အခြေခံ၍ အစိုးရ၏ အစီအစဉ်များကိုလည်း စရိတ်ထည့်တွက်ရပါသည်။ အလားတူပင် ရုပ်သံလိုင်းများကိုအသုံးပြုသည့် ရုပ်သံလွှင့်ဌာနများ၏ လက်ရှိငွေပေးခြေမှုများနှင့်နှိုင်းယှဉ်လျှင် အခကြေးငွေများသည် လက်ရှိအခြေအနေအရ ဖြစ်နိုင်ခြေရှိအောင်ဆောင်ရွက်ရန် လိုအပ်သဖြင့် ခန့်မှန်းထားသော အခကြေးငွေများသည် မမြင့်မားသင့်ပါ။
ထို့အပြင် SD အရည်အသွေးဖြင့်ထုတ်လွှင့်မှု ခွဲဝေဝန်ဆောင်ရေးပြုပြင်ပြောင်းလဲရေးခြင်းသည် ၅ နှစ်အကြာတွင် ပြီးစီးလိမ့်မည် ဖြစ်ပြီး ဒုတိယရုပ်သံလိုင်းဝန်ဆောင်မှုစတင်နိုင်ရန်အတွက် ရုပ်သံလွှင့်စက် ၂၅၀ ကိုထပ်မံဝယ်ယူရန်အတွက် ဘတ်ဂျက် နှင့်/သို့ ရန်ပုံငွေရရှိနိုင်မှာ အချိန်ကြာမြင့်မည်ဖြစ်သောကြောင့် HD အရည်အသွေးနှင့်ထုတ်လွှင့်မှုမှာ ကြိုတင်ပြင်ဆင်ချိန် ၁၀ နှစ်တာ လိုအပ်မည်ဖြစ်ကြောင်းခန့်မှန်းရပါသည်။ ထို့ကြောင့် ရုပ်သံထုတ်လွှင့်မှုခွဲဝေဝန်ဆောင်မှုပေးရေး ပြုပြင်ပြောင်းလဲမှုအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုမှာ ရုပ်သံလွှင့်စက်များဝယ်ယူနိုင်ရေးအတွက် ရန်ပုံငွေရှာဖွေရန် ဖြစ်ပါသည်။ ယခုအချိန်အထိ ပုဂ္ဂလိက ရုပ်သံလွှင့်ဌာနများအားလုံးသည် ရုပ်သံလွှင့်စက်များအသုံးပြုရန် သို့မဟုတ် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှရုပ်သံလိုင်းရရှိရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပေါ် မှီခိုအားထားနေကြရသည်။ မြန်မာ့အသံနှင့်

ရုပ်မြင်သံကြားမှကွန်ရက်ထူထောင်ခြင်းနှင့် ရုပ်သံထုတ်လွှင့်မှုခွဲဝေဝန်ဆောင်မှုပေးခြင်းတို့သည် ငွေကြေးရရှိမည့်လမ်းကြောင်းအား ခွဲဝေယူနိုင်မည့် အလွန်သင့်မြတ်သည့် ရွေးချယ်ရန်နည်းလမ်းတစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများ စတင်သည့်အချိန်အထိ ခွဲဝေဝန်ဆောင်မှုပေးရာတွင် ခန့်မှန်းခြေဝင်ငွေအတွက် နှစ်စဉ် ၂ ရာခိုင်နှုန်းသာတိုးတက်ရရှိမည်ဟု စဉ်းစားထားပါသည်။ ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများစတင်ချိန်တွင် အစီအစဉ်ပေးသွင်းသူများအား နိုင်ငံတော် သို့မဟုတ် ဒေသန္တရ ရုပ်သံလွှင့်ဌာနများအဖြစ် အတန်းအစား ခွဲခြားသင့်ပါသည်။

နိုင်ငံတော်အဆင့်ဌာနတစ်ယူနစ်ခုအတွက် ခန့်မှန်းတန်ဘိုးမှာ တစ်နှစ်လျှင်မြန်မာကျပ်ငွေဖြင့် ၆၁၂ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ပထမဦးဆုံးနှစ်အတွင်း ဒေသန္တရဌာနများအတွက် တစ်ယူနစ်တန်ဘိုးမှာ ၄၂ သန်းမှ သန်း၁၀၀ အတွင်း အဆင့်လေးဆင့်ဖြစ်ပါသည်။ တစ်ယူနစ်တန်ဘိုးများအား မြင့်တက်လာမည့်နှုန်းကိုထည့်သွင်းစဉ်းစားလျှက် အနည်းငယ်တိုးမြှင့်ရန်သတ်မှတ်ထားသော်လည်း SD မှ HD စံနစ်သို့ မြှင့်တင်သည့် ကာလအတွင်း၌ပင် တစ်နှစ်ထက်တစ်နှစ် သိသိသာသာတိုးမြှင့်ကောက်ခံမည် မဟုတ်ပါ။ သို့ရာတွင် အဆင့် S နှင့် A တို့တွင် အခြားဒေသများထက် ကြော်ငြာအခွင့်အရေးပိုမိုရရှိနိုင်သည့် ရန်ကုန်နှင့် မန္တလေးမြို့တို့အသီးသီးပါဝင်ပါသောကြောင့် တစ်ယူနစ်တန်ဘိုးသည် ပိုမိုမြင့်မားနိုင်ပြီးယင်းသည် မျှတသည့်ဆောင်ရွက်ချက်ဖြစ်ပေမည်။ ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများကို ၎င်းတို့၏သီးခြား ဝန်ဆောင်မှုဧရိယာများအပေါ် မူတည်သတ်မှတ်ပြီး အသုံးပြုခကို ဇုန်များပေါ် မူတည်၍ ကောက်ခံမည်ဖြစ်ပါသည်။ ဇုန်တစ်ခုချင်းစီ၏ ယူနစ်တန်ဘိုးကို ထိုဇုန်တစ်ခုစီတွင် နေထိုင်ကြသည့်လူဦးရေအပေါ် မူတည်သတ်မှတ်မည်ဖြစ်ပြီး ဇုန်များကို S, A, B နှင့် C စသည်ဖြင့် အဆင့် လေးဆင့်သတ်မှတ်ထားပါသည်။ ထို့ကြောင့် လူဦးရေပိုမိုထူထပ်များပြားသည့် ဇုန်သည် အခြားဇုန်ထက် အသုံးပြုခမြင့်မားမည် ဖြစ်ပါသည်။

ဇယား ၃.၄-၁ နှင့် ဇယား ၃.၄-၁ တို့တွင် ၁၀- နှစ်အတွင်း ရုပ်သံလိုင်းထုတ်လွှင့်မှု ခွဲဝေဝန်ဆောင်မှုအတွက် ခန့်မှန်းအသုံးပြုခ နှင့် ထိုဇုန်တစ်ခုစီ၏ အဆင့် အသီးသီးတို့ကို ဖော်ပြထားပါသည်။

Table 3.4.1 Prediction of Usage Fee for Distribution Services (Ten-Year Projection)

(MMK Million)

| Type of Service / Period / FY | | | 2019-20 | 2020-21 | 2021-22 | 2022-23 | 2023-24 | 2024-25 | 2025-26 | 2026-27 | 2027-28 | 2028-29 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | Only National Broadcasting Services | | | | Local Broadcasting Services in SD | | | | | in HD |
| Current Services | | | 2,785 | 2,840 | 2,897 | 2,955 | - | - | - | - | - | - |
| National Services | | | N/A | N/A | N/A | N/A | 3,061 | 3,122 | 3,185 | 3,248 | 3,313 | 4,056 |
| Local Services | Zone | Level | | | | | | | | | | |
| | 1 | S | - | - | - | - | 200 | 204 | 208 | 213 | 217 | 221 |
| | 2 | A | - | - | - | - | 178 | 182 | 185 | 189 | 193 | 197 |
| | 3 | B | - | - | - | - | 106 | 108 | 110 | 112 | 114 | 117 |
| | 4 | C | - | - | - | - | 83 | 85 | 87 | 89 | 90 | 92 |
| | 5 | C | - | - | - | - | 83 | 85 | 87 | 89 | 90 | 92 |
| | 6 | B | - | - | - | - | 106 | 108 | 110 | 112 | 114 | 117 |
| | 7 | C | - | - | - | - | 83 | 85 | 87 | 89 | 90 | 92 |
| | 8 | C | - | - | - | - | 83 | 85 | 87 | 44 | 45 | 92 |
| | 9 | C | - | - | - | - | 83 | 85 | 87 | 89 | 90 | 92 |
| | 10 | B | - | - | - | - | 106 | 108 | 110 | 112 | 114 | 117 |
| | 11 | B | - | - | - | - | 106 | 108 | 110 | 112 | 114 | 117 |
| Expected Income in Total | | | 2,785 | 2,840 | 2,897 | 2,955 | 4,280 | 4,365 | 4,453 | 4,498 | 4,587 | 5,401 |

| Type of Service \ FY Period | 2019-20 | 2020-21 | 2021-22 | 2022-23 | 2023-24 | 2024-25 | 2025-26 | 2026-27 | 2027-28 | 2028-29 |
|---|---|---|---|---|---|---|---|---|---|---|
| | Only National Broadcasting Services | | | | Local Broadcasting Services in SD | | | | | in HD |
| Unit Price for National | - | - | - | - | 612 | 624 | 637 | 650 | 663 | 676 |
| Unit Price for Local S | - | - | - | - | 100 | 102 | 104 | 107 | 109 | 111 |
| Unit Price for Local A | - | - | - | - | 89 | 91 | 93 | 95 | 97 | 99 |
| Unit Price for Local B | - | - | - | - | 53 | 53 | 55 | 56 | 57 | 59 |
| Unit Price for Local C | - | - | - | - | 42 | 42 | 44 | 45 | 45 | 46 |

Note: Unit Calculation Method:

- The annual operation cost for distribution assumes the actual expenses such as labor costs and maintenance costs related to transmission.
- Divided and graded into 4 levels in local class according to the population of each zone.

Source: Calculated by MRTV Next Project

Table 1.4.1- Level of Zone for Distribution Services

| Zone No. | States/Regions | Level |
|---|---|---|
| 1. | Yangon, Bago. Ayeyarwaddy | S |
| 2. | Sagaing (Southside), Magway, Mandalay | A |
| 3. | Rakhine | B |
| 4. | Chin, Sagaing (two stations in Westside) | C |
| 5. | Sagaing (Northside) | C |
| 6. | Kachin | B |
| 7. | Northern Shan | C |
| 8. | Southern Shan, Kayah (Only Loikaw and Taunggyi) | C |
| 9. | Eastern Shan | C |
| 10. | Mon, Kayin | B |
| 11. | Tanintharyi | B |

Source: Prepared by MRTV Next Project

## ၄။ အကူးအပြောင်း လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက်

### ၄.၁ လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက် ရေးဆွဲရန် ခံယူချက်

PSB အဖြစ်သို့ကူးပြောင်းရန် လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက် ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ MRTV Next Project တွင် ထိုလုပ်ဆောင်ရမည့် အချိန်ကာလသတ်မှတ်ချက်အပေါ် သက်ရောက်မှုပေးနိုင်သည့် အောက်ဖော်ပြပါ အဓိကအချက် ၆ ချက်ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အလားတူပင် ထိုအချက်များကို လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက်၏ထိပ်တွင် ဇယား ၄.၁-၁ အဖြစ် ဖော်ပြထားပါသည်။ ထိုအချက်များကို အတိအကျလုပ်ဆောင်ရမည့်အချိန်ကို နောင်တွင် ညှိနှိုင်းစဉ်းစားရန် လိုအပ်ပါမည်။

- PSB ရုပ်သံလိုင်းကို ၂၀၂၀ ခုနှစ် မေလတွင်စတင် ထုတ်လွှင့်နိုင်ရေး။ နိုင်ငံသားများနှင့် လုပ်ငန်းပတ်သက်နေသူများအနေနှင့် PSBရုပ်သံလိုင်းထုတ်လွှင့်ရန်လိုအပ်ကြောင်းကို ပိုမိုနားလည်သဘောပေါက်စေရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် လွတ်လပ်သည့်အာဘော်ဖြင့် အများပြည်သူအကျိုးဆောင်သည့်အသွင်ဖြင့် အစီအစဉ်များထုတ်လွှင့်ပြသနိုင်မည့် PSB ရုပ်သံလိုင်းတစ်လိုင်းထူထောင်ရန် ရည်ရွယ်ထားပါသည်။ PSBရုပ်သံဌာနအဖြစ် ကူးပြောင်းမှုအရှိန်အဟုန်မြှင့်တင်ရန်အတွက် PSBရုပ်သံလိုင်းကို အမြန်ဆုံးစတင်ရန်လိုအပ်ပါသည်။ ဝန်ထမ်းများ၊ စက်ပစ္စည်းများနှင့် ဘတ်ဂျက်တို့ကဲ့သို့သော အရင်းအမြစ်များနှင့်စပ်လျဉ်း၍ PSBရုပ်သံလိုင်းအား လက်ရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ထုတ်လွှင့်လျက်ရှိသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုတွင် ရောနှောထုတ်လွှင့်မည်ဖြစ်ရာ ထိုရုပ်သံလိုင်းထုတ်လွှင့်မှုအတွက် ထပ်မံ၍ အထူးတစ်လည်ငွေကုန်ကြေးကျ မှုရှိမည် မဟုတ်ပါ။ ထို့ကြောင့် ထိုရုပ်သံလိုင်းကို ၂၀၂၀ ခုနှစ် မေလတွင် စတင်ထုတ်လွှင့်နိုင်လိမ့်မည်ဟု ခန့်မှန်းရပါသည်။
- PSBရုပ်သံလိုင်းသို့ ပြောင်းလဲခြင်းကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လနောက်ဆုံးထား၍ ပြီးစီးအောင်ဆောင်ရွက်ရေး။ မြန်မာနိုင်ငံတွင် ရုပ်သံလွှင့်လုပ်ငန်းကဏ္ဍအတွက် တရားဥပဒေမူဘောင်များပြုပြင်ပြောင်းလဲခြင်း၏ တစ်စိတ်တစ်ဒေသအနေနှင့် နိုင်ငံတော်အစိုးရသည် ရုပ်မြင်သံကြားထုတ်လွှင့်ရေးဥပဒေနှင့် နည်းဥပဒေများကို ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး နည်းဥပဒေများကိုအပြီးသတ်ရေးဆွဲလျှက်ရှိရာ မကြာမီပြဌာန်းနိုင်ဖွယ်ရှိပါသည်။ ထိုစဉ်အတွင်း နိုင်ငံတော်အစိုးရအနေနှင့် PSBရုပ်သံဌာန တည်ထောင်နိုင်ရေးအတွက် PSB ဥပဒေ သို့မဟုတ် အခြေခံဥပဒေတစ်ရပ် ရေးဆွဲရန် ပြင်ဆင်နေလိမ့်မည် ဖြစ်သည်။ သို့ရာတွင် သင့်တော်လျောက်ပတ်သည့် တရားဥပဒေမူဘောင်တစ်ရပ်ချမှတ်ကျင့်သုံးနိုင်သည့်အထိ ၂ နှစ်ခန့် ကြာမြင့်လိမ့်မည်ဟုယူဆရပါသည်။ အလားတူပင် ထိုအချိန်ရောက်ပါက ငွေစာရင်းစံနှုန်းကို ကော်ပိုရေးရှင်းတစ်ခု၏ ငွေစာရင်းစံနှုန်း အဖြစ်ပြောင်းလဲရန်နှင့် ငွေစာရင်းရှင်းတန်းကို စာရင်းစစ်၏အတည်ပြုချက်ဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်ရန် လိုအပ်ပါသည်။
- မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပင်မရုပ်သံလိုင်းအား HD အရည်အသွေးဖြင့် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ထုတ်လွှင့်ရန်။
  မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အစီအစဉ်များကို HD အရည်အသွေးဖြင့် ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါဝန်ဆောင်မှုများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဒစ်ဂျစ်တယ်မြေစိုက်စံနစ်ဖြင့် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင်စတင်ပေးလျှက်ရှိပါသည်။ ထုတ်လွှင့်မည့်အစီအစဉ်များသည် Analog နှင့် ဒစ်ဂျစ်တယ် စံနစ်နှစ်မျိုးလုံးမှ SD စံနစ်ဖြင့်ထုတ်လွှင့်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပင်မရုပ်သံလိုင်းနှင့် ထပ်တူထပ်မျှ တူညီနေမည် ဖြစ်ပါသည်။
- Analog စံနစ်အား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးထား၍ ဖျက်သိမ်းရေး။
  မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနသည် ဒစ်ဂျစ်တယ် ရုပ်သံလွှင့်စက် ၁၀၀ ခန့်ထပ်မံဝယ်ယူရန်လိုအပ်နေပြီး ယင်းအတွက်ဘတ်ဂျက် ချထားပေးမှုမှာ မလုံလောက်သဖြင့် ကြိုးစားရန်းကန်နေရကာ မကြာမီအတွင်း ရုပ်သံလွှင့်စက်အနည်းငယ်ကို တစ်နှစ်ချင်းစီ တပ်ဆင်နေခဲ့ရသည်။ သို့သော် သာမန်အခြေအနေနှင့်နှိုင်းယှဉ်လျှင် Analog နှင့် ဒစ်ဂျစ်တယ်ရုပ်သံလွှင့်စက်နှစ်မျိုးလုံးအသုံးပြု၍ ထုတ်လွှင့်ပါက ဘတ်ဂျက် ထပ်မံလိုအပ်ပါမည်။ ထို့ကြောင့် ANALOG စံနစ် ဖျက်သိမ်းရေးကို ၂၀၂၂ ခုနှစ်ကုန်ပိုင်းတွင် ပြုလုပ်နိုင်မည်ဟု မျှော်မှန်း၊ လျာထားပါသည်။ သို့ရာတွင် ထိုသို့ ANALOG စံနစ်ဖျက်သိမ်းမည့်ရက်သည် ရုပ်သံထုတ်လွှင့်မှုကို ထိခိုက်မည်မဟုတ်ပါ။ သို့သော် SD အရည်အသွေးဖြင့်ထုတ်လုပ်နေကြသော ဒေသန္တရရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများ စတင်မည့် ရက်ကို စဉ်းစားလျာထားရမည်။
- SD အရည်အသွေးဖြင့်ထုတ်လွှင့်သော ဒေသန္တရရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ရေး။

SD အရည်အသွေးဖြင့်ထုတ်လွှင့်သော ဒေသန္တရရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများ စတင်မည့်ရက်သည် ဒစ်ဂျစ်တယ် မြေပြင်အခြေစိုက်စခန်းကွန်ရက် တစ်နိုင်ငံလုံးချိတ်ဆက်နိုင်ခြင်းနှင့် ကျန်ရှိနေသေးသည့်

ရုပ်သံလွှင့်စက်များတပ်ဆင်ပြီးစီးမှုအခြေအနေတို့အပေါ် မူတည်နေပါသည်။ အလားတူပင် ထိုကဲ့သို့သောဝန်ဆောင်မှုမျိုးကို နိုင်ငံပိုင်ရုပ်သံလွှင့်ဌာနများသာမက အများပြည်သူအကျိုးပြုရုပ်သံလွှင့်ဌာနများကပါ ပေးလိမ့်မည်ဟု ယူဆရပါသည်။ ထို့ကြောင့် ထိုရက်ကို PSBရုပ်သံလွှင့်လုပ်ငန်းအဖြစ်ပြောင်းလဲပြီးချိန်နှင့် ANALOG စံနစ်ဖျက်သိမ်းပြီးနောက်မှသာ စဉ်းစားလိမ့်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလခန့်တွင် ဖြစ်နိုင်မည်ဟု ခန့်မှန်းရပါသည်။

- HD/SD အရည်အသွေးဖြင့်ထုတ်လွှင့်သော ဒေသန္တရ ရုပ်သံလွှင့်ဝန်ဆောင်မှုများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ရေး။

  HD အရည်အသွေးသို့ မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ယင်းစံနစ်နှင့်ထုတ်လွှင့်ချိန်တွင် လှိုင်းနှုန်းထုတ်လွှတ်နိုင်စွမ်းသည် အကန့်အသတ်ရှိသဖြင့် စံနစ်နှစ်မျိုးလုံးနှင့်ထုတ်လွှင့်ရမည်ဖြစ်ရာ ရုပ်သံလွှင့်ရုံတိုင်း၌ နောက်ထပ်ရုပ်သံလွှင့်စံနစ်တစ်စုံ ထပ်မံတပ်ဆင်ရန်လိုအပ်ပါသည်။ ထို့ကြောင့် စတင်မည့်ရက်ကို အခြေခံဒီဇိုင်းရေးဆွဲခြင်း၊ ရန်ပုံငွေရှာဖွေခြင်း၊ ဝယ်ယူ ခြင်း၊ တပ်ဆင်ခြင်းနှင့် အသံလှိုင်းများထုတ်လွှင့်မှုစမ်းသပ်ခြင်းများအပါအဝင် SD စံနစ်ဖြင့် ဒေသန္တရရုပ်သံလွှင့်ဝန်ဆောင်မှုများ စတင်ပြီးနောက် ၅ နှစ်အကြာမှသာ ပြုလုပ်နိုင်မည်ဟု ခန့်မှန်းရပါသည်။ စတင်ထုတ်လွှင့်နိုင်မည့်ရက်ကို ၂၀၂၈ ခုနှစ်၊ အောက်တိုဘာလတွင် ဖြစ်နိုင်မည်ဟု ခန့်မှန်းရပါသည်။

၁၀-နှစ်တာ ကာလအတွင်း လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက်ကို အောက်ပါစာမျက်နှာများ၌ဖော်ပြထားပါသည်။ သို့သော် ထိုလုပ်ငန်းစဉ်လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက်ကို ဤလမ်းပြမြေပုံအတည်ပြုချက်ရရှိပြီး ၂၀၂၀ ခုနှစ်၊ မတ်လတွင်တရားဝင်ထုတ်ပြန်လိမ့်မည်ဟု မှတ်ယူကာရေးဆွဲထားခြင်းဖြစ်သည်ကို သတိပြုရပါမည်။ ယခင်အခန်း၌ ဖော်ပြထားသည့် စီမံထားရှိမှုအားလုံးကို နှစ်စဉ်အတွက် ဒေတာအစစ်အမှန်များကို အသုံးပြု၍ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့်စတင်သည့်ရက်ပြောင်းလဲပါက လုပ်ငန်းစဉ်လုပ်ဆောင်ရမည့် အချိန်ကာလသတ်မှတ်ချက်နှင့် စီမံထားရှိမှုအားလုံးကို လိုအပ်သလို အနည်းငယ်စီပြင်ဆင်ပေးရပါမည်။

မှန်းထားသည့် ရုပ်သံလိုင်းများ ထုတ်လွှင့်နိုင်ရေးအတွက် ဒုတိယရုပ်သံလိုင်း တည်ဆောက်ရာ၌ စိန်ခေါ်မှုများရှိသဖြင့် HD/SD ဒေသန္တရရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုကို နှစ်အနည်းငယ်အတွင်းစတင်နိုင်ရန် ခဲယဉ်းနိုင်ပါသည်။ ထို့ကြောင့် လုပ်ငန်းစဉ်လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက်၌ ၁၀-နှစ်တကာလအတွက်ရေးဆွဲထားခြင်းသည် လုံလောက်နိုင်ပါသည်။ အကယ်၍ ချထားပေးမည့် ရုပ်သံလိုင်းအရေအတွက်ကဲ့သို့သော ရုပ်သံထုတ်လွှင့်မှုခွဲဝေဝန်ဆောင်ခြင်းအတွက် မှန်းထားသည့်ပေါင်းစပ်ထုတ်လွှင့်မှုအစီအစဉ်တွင် အပြောင်းအလဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက HD/SD ဒေသန္တရ ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှု များ စတင်ရမည့် ရက်ကို ထိုအချိန်၌ စဉ်းစားရမည်ဖြစ်ပါသည်။

# Table 4.1.1 Ten-Year Timeline of the Roadmap for Transformation into PSB

Timeline columns: 2020, 2021, 2022, 2023, 2024, 2025 (months 1–12 each), 2026, 2027, 2028, 2029

**Milestone**

- HD Service Start (MRTV Main Channel)
- ☆ Lauching PSB
- Drafting PSB Law/Charter
- ★ PSB Channel Commencement
- Parliament Deliberations
- ★ PSB Transformation
- ASO finish
- SD Local Broadcasting Service Start
- HD/SD Local Broadcasting Service

| No | Main Categories | Sub Categories | Details | Month |
|---|---|---|---|---|
| 1-A | 1. Organizational Reform | A. Development of structures and staffing | | 3 |
| 1-A-1 | | | Drafting a new organization chart for MRTV | 1 |
| 1-A-2 | | | Finalizing organizational structures and staffing | 2 |
| 1-A-3 | | | New organization is approved by MRTV | 1 |
| 1-B | | B. Preparation for transition | | 8 |
| 1-B-1 | | | Announcement of the release of new organizational structures | 2 |
| 1-B-2 | | | Staffig for News Division, Office of Programme Inspection and Broadcasting Ethics Committee | 6 |
| 1-B-3 | | | Forming new division and sections | 5 |
| 1-B-4 | | | Integration and abolishment of sections for full transition | 4 |
| 1-B-5 | | | Staff relocation | 3 |
| 1-C | | C. Personnel and labor management system | | 17 |
| 1-C-1 | | | Preparation of Creation of an HR Division | 3 |
| 1-C-2 | | | Establishment of recruitment and employee training systems | 9 |
| 1-C-3 | | | Establishment a personnel planning system | 8 |
| 1-D | | D. Establishment of grade-wise training systems | | 19 |
| 1-D-1 | | | Forming Working Groups | 1 |
| 1-D-2 | | | Analysis of the role and details for each position | 2 |
| 1-D-3 | | | Finding out demands for each position | 1 |
| 1-D-4 | | | Analysis of current curriculums | 1 |
| 1-D-5 | | | Studying on curriculums executed by other organizations | 2 |
| 1-D-6 | | | Development of the training plans | 3 |
| 1-D-7 | | | Outsourcing | 3 |
| 1-D-8 | | | Supervising to outsourcing work | 4 |
| 1-D-9 | | | Revision of the training plans | 2 |
| 1-E | | E. Development of new comer trainings | | 33 |
| 1-E-1 | | | Analysis of current trainings | 2 |
| 1-E-2 | | | Examination of contents of trainings | 3 |
| 1-E-3 | | | Timetables' preparation | 1 |
| 1-E-4 | | | Executing the trainings on a trial basis | 3 |
| 1-E-5 | | | Evaluation of the trial trainings | 2 |
| 1-E-6 | | | Updating the plan | 2 |
| 1-F | | F. Orientations for government employees on PSB Establishment | | 13 |
| 1-F-1 | | | Examination of policy of PSB | 2 |
| 1-F-2 | | | Examination of missions | 3 |
| 1-F-3 | | | Creation of orientation materials | 2 |
| 1-F-4 | | | Executing orientations | 3 |
| 1-F-5 | | | Executing additional orientations | 3 |
| 1-G | | G. PSB promotion for the audience | | 24 |
| 1-G-1 | | | Establishment of promotion committee | 1 |
| 1-G-2 | | | Examination of promotion strategies | 2 |
| 1-G-3 | | | Examination of promotion activities | 2 |
| 1-G-4 | | | Outsourcing | 3 |
| 1-G-5 | | | MRTV conducts activities | 16 |
| 1-H | | H. Establishment of PSB Channel | | 31 |
| 1-H-1 | | | Aproval of establishment on PSB channel from MoI | 3 |
| 1-H-2 | | | Forming channel concept | 2 |
| 1-H-3 | | | Creating programme shcedule | 3 |
| 1-H-4 | | | Securing human resources | 2 |
| 1-H-5 | | | Securing equipment | 2 |
| 1-H-6 | | | Determining TV studio set | 2 |
| 1-H-7 | | | Preparation of production for news show | 2 |
| 1-H-8 | | | Staff Training for adaptation to the Code of Conduct, Reporters' Handbook and Broadcsting Guidelines | 6 |
| 1-H-9 | | | Opearting PSB channel in News | 26 |
| 1-H-10 | | | Commencement of PSB | 1 |
| 1-I | | I. Establishment of subsidiary company | | 26 |
| 1-I-1 | | | Design of scheme, compny's basics and financial arrangements | 7 |
| 1-I-2 | | | Preparation of articles of incorporation and company registration | 9 |
| 1-I-3 | | | Staffing for subsidiary company | 6 |
| 1-I-4 | | | Establishment of subsidiary company | 6 |

| No | Main Categories | Sub Categories / Details | Month |
|---|---|---|---|
| | | Milestone | |
| 2-A | 2. Cost optimization | A. Restructuring of financial statements | 23 |
| 2-A-1 | | Procurement of accounting experts | 2 |
| 2-A-2 | | Trainings of the basic accounting | 3 |
| 2-A-3 | | Reviewing and analyzing current financial data transaction | 9 |
| 2-A-4 | | Compiling transaction data | 9 |
| 2-B | | B. Transferring accounting system and financial items of MRTV which is now adapting the Union Government system into PSB system | 11 |
| 2-B-1 | | Analysis of the existing revenue | 4 |
| 2-B-2 | | Analysis of the prospective revenue | 5 |
| 2-B-3 | | Preparation of next FY's budget | 6 |
| 2-C | | C. Application of accounting standards | 14 |
| 2-C-1 | | Trainings of the basic accounting (Common trainings for all sub categories) | 3 |
| 2-C-2 | | Procurement of accounting software | 1 |
| 2-C-3 | | Trainings for better understandings to make PL, BS and CF | 2 |
| 2-C-4 | | Investigation of existing assets and liabilities | 3 |
| 2-C-5 | | Preparation of tentative BS | 3 |
| 2-C-6 | | Approval by Auditor | 2 |
| 2-C-7 | | Transferring to new accounting system | 6 |
| 2-C-8 | | Making PL, BS and CF | 2 |
| 2-D | | D. Enhancement of cost management capability | 29 |
| 2-D-1 | | Review of contents procurement | 3 |
| 2-D-2 | | First step of procurement cost reduction - budget plan | 3 |
| 2-D-3 | | First step of procurement cost reduction - monitoring | 1 |
| 2-D-4 | | First step of procurement cost reduction - completion | 1 |
| 2-D-5 | | Regular step of procurement cost reduction - budget plan | 11 |
| 2-D-6 | | Regular step of procurement cost reduction - monitoring | 9 |
| 2-D-7 | | Determination kinds of subsidiary company/ Articles of Association | 4 |
| 3-A | 3. Distribution service reform | A. Commencement of SD local broadcasting service | 46 |
| 3-A-1 | | Develop digital TV transmitting station | 36 |
| 3-A-2 | | Creation of criteria as content provier | 3 |
| 3-A-3 | | Introduction of schemd and execution of agreements | 8 |
| 3-A-4 | | Interface development between content proviers | 12 |
| 3-A-5 | | Test operations | 6 |
| 3-A-6 | | Commencement of the service | 1 |
| 3-B | | B. Digital Second Channel Establishment | 56 |
| 3-B-1 | | Conducting basic design of system | 12 |
| 3-B-2 | | Securing funds | 12 |
| 3-B-3 | | Procurement of TX equipment and installation | 24 |
| 3-B-4 | | execution of amended agrrements | 4 |
| 3-B-5 | | Interface modifications | 6 |
| 3-B-6 | | Test operations | 3 |
| 3-B-7 | | Commencement of the service | 1 |
| 3-C | | C. MRTV local broadcasting service commencement | 34 |
| 3-C-1 | | Conducting basic design of system | 12 |
| 3-C-2 | | Securing funds | 12 |
| 3-C-3 | | Procurement of equipment and installation at the bureaus | 12 |
| 3-C-4 | | Operation training for bureaus' staff | 12 |
| 3-C-5 | | Test operations | 6 |
| 3-C-6 | | Commencement of the service | 1 |
| 4-A | 4. News Coverage reform | A. News exchange scheme development | 10 |
| 4-A-1 | | Design of scheme for news exchange | 3 |
| 4-A-2 | | Explanation of scheme to expected ethnic media | 4 |
| 4-A-3 | | Execution of agreements between ethnic media | 5 |
| 4-B | | B. Footage exchange system development | 10 |
| 4-B-1 | | System requirement examination and design | 4 |
| 4-B-2 | | Procurment of equipment | 3 |
| 4-B-3 | | Test operations | 2 |
| 4-B-4 | | Commencement | 1 |




Source: Prepared by MRTV Next Project

၄.၂။ အဖွဲ့အစည်းပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက်

အဖွဲ့အစည်းပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက်တွင် အဖွဲ့အစည်းသစ်တစ်ခု၏ ဖွဲ့စည်းပုံရေးဆွဲယုံသာမက အများပြည်သူ ဝန်ဆောင်မှုရုပ်သံလွှင့်လုပ်ငန်းများအကြောင်း အသိပညာပေးရေးသင်တန်းစံနစ်များနှင့် လှုပ်ရှားမှုများအပအဝင် အပိုင်း ၈ ပိုင်း ပါဝင်ပါသည်။ ထိုအစိတ်အပိုင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဖွဲ့စည်းပုံများရေးဆွဲခြင်းနှင့် ဝန်ထမ်းများခန့်အပ်ရေး .

အသင်းအဖွဲ့၏ ဖွဲ့စည်းပုံအသစ်နှင့်ဝန်ထမ်းခန့်အပ်ရေးကို MRTV Next Project အရ ပထမနှစ်ဖြစ်သော ၂၀၁၆ ခုနှစ်တွင်ပင် စတင်လေ့လာခဲ့ရာ ထိုစီမံကိန်းအရဖွဲ့စည်းပုံ၊ ဝန်ထမ်းများအားနေရာချထားပေးရေး အစီအစဉ်နှင့် ဝန်ထမ်းခွဲဝေခန့်ထားရေး အစီအစဉ်တို့ကို မူကြမ်းရေးဆွဲခဲ့ပါသည်။ ယင်းတို့ကို ပြီးခဲ့သည့် ပုဒ်မ ၃.၂ တွင်ဖော်ပြထားပါသည်။ ထိုကဲ့သို့သော ဖွဲ့စည်းပုံနှင့်အစီအစဉ်များသည် ဤလမ်းပြမြေပုံအတည်ပြုသည်နှင့်တစ်ပြိုင်နက် အတည်ပြုခံရလိမ့်မည်ဟု မျှော်မှန်းရပါသည်။ ထို့ကြောင့် လုပ်ငန်းစဉ်လုပ်ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက်သည် ၂၀၂၀ ခုနှစ် ၊ မတ်လတွင် ပြီးစီးမည် ဖြစ်ပါသည်။

(၂) အကူးအပြောင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း။

အသင်းအဖွဲ့သစ်ပုံစံသို့ကူးပြောင်းခြင်းကို နှစ်ကြိမ်ခွဲ၍ ပြုလုပ်ပါမည်။ ပထမအကြိမ် အကူးအပြောင်းဖြစ်သည့် အများပြည်သူ ဝန်ဆောင်မှုရုပ်သံလိုင်းများစတင်ထုတ်လွှင့်ခြင်းသည် အရေးကြီးပြီး သတင်းဌာနခွဲ၊ အစီအစဉ်စိစစ်ရေးအဖွဲ့နှင့် ရုပ်သံထုတ်လွှင့်မှု ကျင့်ဝတ်ကော်မတီရုံးတို့ကို PSB ရုပ်သံလိုင်းစတင်မည့် ၂၀၂၀ ခုနှစ်၊ မေလအတွင်း ဖွဲ့စည်းပြီးဖြစ်နေရမည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ကြီးမားသောပြုပြင်ပြောင်းလဲမှုများအတွက် အစိုးရထံမှ ထပ်ဆင့်ထောက်ခံချက် လိုအပ်သော်လည်း ထိုကဲ့သို့သောအသေးစားပြုပြင်ပြောင်းလဲရေးကို အစိုးရထံမှထပ်ဆင့်ထောက်ခံချက်မလိုပဲ ပြုလုပ်ပိုင်ခွင့်ရှိပါမည်။ ထို့ကြောင့်ယင်းကို အချိန်တိုအတွင်းဆောင်ရွက်မည် ဖြစ်ပါသည်။ အလားတူပင် ဝန်ထမ်းများအား ပြန်လည်နေရာချထားရေးကို အထက်ကဖော်ပြထားသည့်အတိုင်း စီမံထားပြီးဖြစ်ပါသည်။

(၃) ဝန်ထမ်းနှင့် အလုပ်တာဝန်စီမံခန့်ခွဲရေးစံနစ်

PSB ရုပ်သံလုပ်ငန်းသို့ ကူးပြောင်းခြင်းနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကကဏ္ဍနှင့် အပြိုင်အဆိုင်များရှိလာနိုင်ပါသည်။ ဥပမာ PSB ရုပ်သံလုပ်ငန်းတစ်ခုအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနှင့် သီးခြားအခန်းကဏ္ဍမှ ရုပ်တည်ဆောင်ရွက်သည့်တိုင်အောင် ပရိတ်သတ်များအနေနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဖျော်ဖြေရေးအစီအစဉ်များထုတ်လွှင့်သည့်အခါ၌ ရုပ်သံလွှင့်ဌာနများ၏ အစီအစဉ်အရည်အသွေးများကို နှိုင်းယှဉ်ကြည့်ကြမည်ဖြစ်ပါသည်။ အရည်အချင်း နှင့်/သို့ လုပ်ငန်းစွမ်းဆောင်ရည်ရှိမည့် ဝန်ထမ်းများအားခန့်အပ်ခြင်းဖြင့် အရည်အသွေးထူးခြားကောင်းမွန်သော အစီအစဉ်များကို ထုတ်လွှင့်ပေးရန်လိုအပ်ပါသည်။ ထို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံတွင် လုံးဝကောင်းမွန်သည့်မီဒီယာ အသိုင်းအဝိုင်းအဖြစ် ချမှတ်ကျင့်သုံးရန် ဝန်ထမ်း၏ကိုယ်ရည်ကိုယ်သွေးစံနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ MRTV Next Project အနေနှင့် လူ့စွမ်းအားအရင်းအမြစ်(HR) ဌာနခွဲကို ဖွဲ့စည်းတည်ထောင်ရန် အကြံပြုလိုပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဌာနခွဲ၏ တာဝန်ဝတ္တရားများမှာ “ဝန်ထမ်းသစ်စုဆောင်းခြင်း”၊ “ဝန်ထမ်းအားလေ့ကျင့်သင်ကြားပေးခြင်း”၊ “ကိုယ်ရည်ကိုယ်သွေးအကဲဖြတ်ခြင်း”နှင့် လူ့စွမ်းအားအရင်းအမြစ်အား လှုံ့ဆော်နိုင်ရေးအတွက် “လုပ်သားစီမံခန့်ခွဲရေး” စသည်တို့ ဖြစ်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အစိုးရဝန်ထမ်းများအား သင်တန်းပေးခြင်းအပါအဝင် ဝန်ထမ်းများအား ပုံမှန်၊ မကြာခဏ သင်တန်းများပေးလျှက်ရှိပြီး ဝန်ထမ်းသစ်စုဆောင်းရေးအစီအစဉ်များကို နှစ်စဉ်ပြုလုပ်ရန် စဉ်းစားထားပါသည်။ ထို့အတူ လက်ရှိကိုယ်ရည်ကိုယ်သွေး အကဲဖြတ်စံနစ်ကို ဝန်ထမ်းများအား ရာထူးတိုးပေးရန်အတွက် အသုံးပြုပါသည်။ သို့ရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် တိုးမြှင့်လုပ်ဆောင်ရမည့်နယ်ပယ်များတွင် မဟာဗျူဟာများချမှတ်ဆောင်ရွက်ရန်နှင့် စီးပွားရေးစီမံခန့်ခွဲမှုနှင့် အလားသဏ္ဌာန်တူသည့် PSB ရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အရည်အချင်းအကဲဖြတ်မှုစံနစ်အတွက် လက်ရှိတွင် လုပ်သက်များခြင်းကိုဦးစားပေးလျှက်ရှိပါသည်။ လူ့စွမ်းအား အရင်းအမြစ်များအား စိတ်ဓာတ်မြှင့်တင်ပေးနိုင်ရေးအတွက် အရည်အချင်းအကဲဖြတ်ရာ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အခြားအချက်များကိုပါ ထည့်သွင်း စဉ်းစားရန်လိုအပ်ပါသည်။ ထိုဆောင်ရွက်ချက်များတွင် တရားဝင် PSB ရုပ်သံထုတ်လွှင့်ရေး ဥပဒေတစ်ရပ် ပြဌာန်း၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(၄) ရာထူးအဆင့်လိုက် သင်တန်းပေးသည့် စံနစ်များထူထောင်ခြင်း။

ဝန်ထမ်းသင်တန်းစံနစ်ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ အစီအစဉ်အကြောင်းအရာအဆင့်အတန်း၊ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များကို ရာထူးအဆင့်အပေါ်အခြေခံ၍ ပြင်ဆင်သင့်သည်။ ဥပမာ လုပ်သက်အများ၊ အနည်းထက် လုပ်ငန်းအတွေ့အကြုံများသောသူကို ဦးစားပေးသည့်ရည်ရွယ်ချက်သို့ တိုးတက်ပြောင်းလဲသင့်သည်။ ထို့အပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကြီးတန်းဝန်ထမ်းများထဲမှ ခေါင်းဆောင်များရွေးထုတ်ရန်နှင့် ဝန်ထမ်းငယ် များအား ၎င်းတို့၏ဝန်ထမ်းခရီးလမ်းကြောင်းတွင် တက်ကြွမှုရှိရန် မည်ကဲ့သို့လှုံ့ဆော်ပေးရမည်ကို စဉ်းစားသင့်သည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် PSB ရုပ်သံလွှင့်လုပ်ငန်း အဖြစ်သို့ ထူထောင်ခြင်းမပြုမီ ဝန်ထမ်းရာထူးအဆင့်အလိုက် သင်တန်းပေးသည့်စံနစ်ကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ရာထူးတစ်ခုစီ၏အခန်းကဏ္ဍနှင့် လိုအပ်ချက်များကို လက်ရှိအဖွဲ့အစည်းများနှင့် အခြားသောအဖွဲ့အစည်းများမှ သင်ရိုးညွှန်းတမ်းများအားအသုံးပြု၍ အကဲဖြတ်၊ လေ့လာမှုများ ဆောင်ရွက်ပါသည်။ ထို့အပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကဲဖြတ်၊ လေ့လာမှုရလဒ်ပေါ် အခြေခံ၍ အစီအစဉ်သစ်တစ်ရပ်ကို ရေးဆွဲလျှက်ရှိပါသည်။

(၅) ဝန်ထမ်းသစ်များအတွက် သင်တန်းများစီစဉ်ထားခြင်း။

ဇယား ၃.၂-၄ တွင် ရှေ့ကတင်ပြခဲ့သည့်အတိုင်းပင် လူ့စွမ်းအားအရင်းအမြစ် ၁၀-နှစ်စီမံကိန်းအရ လာမည့် ၁၀ နှစ်အတွင်း ဝန်ထမ်း ၃၀၀ ကျော်ကို ခန့်အပ်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သတင်းအတတ်ပညာနှင့် စပ်လျဉ်း၍ နိယာမများနှင့် ပညာ၊ ဗဟုသုတများ သင်ကြားပေးနေသည့် ကောလိပ်နှင့် သင်တန်းကျောင်း တစ်ခုစီသာ ရှိပါသည်။ ကောလိပ်တွင် ၄ နှစ်ကြာ ဝဇ္ဇာဘွဲ့ ( သတင်းအတတ်ပညာ) အစီအစဉ် သင်ကြားပေးပြီး မြန်မာနိုင်ငံ သတင်းအတတ်ပညာသင်တန်းကျောင်းကို နိုင်ငံခြားအဖွဲ့အစည်း၏အထောက်အပံ့နှင့် မကြာမီကတည်ထောင်ခဲ့သည်။ ထို့ကြောင့် ဝန်ထမ်းသစ်အများစုသည် ခန့်ထားခြင်းခံရပြီးမှသာ လုပ်ငန်းခွင်တွင်လေ့လာသင်ယူကြရပါသည်။
ပထမဦးဆုံးမြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ စတင်တာဝန်ထမ်းဆောင်သည့်အခါ ဝန်ထမ်းအားလုံးတို့သည် PSB ရုပ်သံလွှင့်လုပ်ငန်း ထူထောင်ရခြင်း၏ရည်ရွယ်ချက်နှင့် အခန်းကဏ္ဍများကို သိနားလည်ရပါမည်။ ထို့နောက် ၎င်းတို့သည် ရုပ်သံလွှင့်လုပ်ငန်း၏ကျင့်ထုံးများတွင် ပါဝင်သည့်အချက်များ၊ ကျင့်ဝတ်များနှင့် ရုပ်သံလွှင့် လုပ်ငန်းလမ်းညွှန်များကို နားလည်ရမည်။ ၎င်းတို့သည် စတူဒီယိုများ၊ ပင်မထိန်းချုပ်ခန်းများနှင့် ထုတ်လွှင့်မှုစံနစ်များ၊ သတင်းတင်ဆက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ PSB ရုပ်သံလွှင့်လုပ်ငန်းကဏ္ဍနှင့် ၎င်း၏အခန်း ကဏ္ဍများ စသည့် ရုပ်သံလွှင့်လုပ်ငန်းလည်ပတ်မှုစံနစ်ကို ခြုံငုံနားလည်ရပါမည်။ ထိုစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ဝန်ထမ်းသစ်များအား ၎င်းတို့၏တာဝန်များနှင့်သက်ဆိုင်သည့် နယ်ပယ်များအလိုက် သီးသန့်သင် တန်းများပေးပါသည်။
ဤအစီအစဉ်ကို လအနည်းငယ်ကြာ အစမ်းလည်ပတ်မည် ဖြစ်ပြီး အစမ်းလည်ပတ်မှုအပေါ်အကဲဖြတ်ကာ လိုအပ်ပါက အဆင့် မြှင့်တင်မည် ဖြစ်ပါသည်။

(၆) အစိုးရဝန်ထမ်းများအား PSB ရုပ်သံလွှင့်လုပ်ငန်း ထူထောင်ခြင်းနှင့် မိတ်ဆက်ပေးခြင်း။

PSB ရုပ်သံလွှင့်လုပ်ငန်းကို ဘတ်ဂျက်စံနစ်ဖြင့် သင့်တော်သည့်ပုံစံနှင့်တရားဝင် ဖွဲ့စည်းထူထောင် နိုင်ရေးနှင့် PSB ရုပ်သံလွှင့်လုပ်ငန်း၏ အခြေခံတစ်ရပ်ဖြစ်သော လွတ်လပ်သည့်အာဘော်ဖြင့် ရေးသားထုတ်လွှင့်ခွင့်ရရှိစေရေး အတွက်ဆိုရာ၌ အစိုးရအရာရှိများနှင့်ဝန်ထမ်းများသည် PSB ရုပ်သံလွှင့်လုပ်ငန်းဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို နားလည်ကြသည်ဟုမဆိုနိုင်ပါ။ ၎င်းတို့သည် သတင်းများနှင့်အစီအစဉ်များကို မထုတ်လွှင့်မီကြိုတင်စိစစ်ခြင်းကို ထိုအပြုအမူသည် အခြားသောအတွေးများဝင်စေ သည့်တိုင်အောင် တစ်စိုက်မတ်မတ်လုပ်ဆောင်နေကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် MRTV Next Projectအရ ရုပ်သံလွှင့်ခြင်းနှင့်သက်ဆိုင်သည့်ဝန်ကြီးဌာနသာမက ဝန်ကြီးဌာနအားလုံးမှ အစိုးရဝန်ထမ်းများနှင့်အာဏာပိုင်အား PSB ရုပ်သံလွှင့်လုပ်ငန်းနှင့် မိတ်ဆက်ခြင်းများကို ပြုလုပ်ပေးရန် အကြံပြုလိုပါသည်။
